
www.burmeseclassic.com

ကျော်မြသန်း

# ယုံလွယ်အထိနာ



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# (ပုံနှိပ်မှတ်တမ်း)


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၂၂၈၁၁၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၅၉၆၁၁၀၈ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ကလျာရိ<br>(MK ပုံနှိပ်တိုက်)<br>အမှတ်(၁၅)၊ သဇင်လမ်း။ |
| ထုတ်ဝေသူ | ဦးမောင်မောင်မြင့်အေး<br>(လာဘ်မိုးဖွေ စာပေ)<br>အမှတ်(၁၁၁)၊ ပထမထပ်၊<br>၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်။ |
| အဖုံးပန်းချီ | သီလ |
| စာစီ (Layout) | Glory (၃၈)လမ်း၊ အောက် |
| စီစဉ်သူ | ဦးဌေးညွန့် |
| တန်ဖိုး | ၁၀၀၀ ကျပ် |
| ရက်စွဲ | ၂၀၀၉-ခု၊ ဇန်နဝါရီလ |




www.burmeseclassic.com

www.burmeseclassic.com

# ယုံလွယ်အထိနာ

## ကျော်မြသန်း

ဦးဓွေးညွှန့်
ကြည်လင်မောင် နှင့် ရွှေပုပ္ပါးစာပေလုပ်ငန်း
သိမ်ကြီးဈေးစာအုပ်ဆိုင်တန်း
အခန်း(၄၆/၅၇) C ရုံ အဆောင်-၄ (ပထမထပ်)
ဖုန်း-၀၉၉၉၉၂၆၆၇၈၊ ၃၇၁၀၀၀ (Ext-၃၆၂)

www.burmeseclassic.com

www.burmeseclassic.com


အဖွင့်

သူတို့ကို ရှိခိုးရမည်လော။

လူလူချင်း၊ ငယ်သူက ကြီးသူကို အရိုအသေပြုသော၊ အလေး အမြတ်ပြုသော၊ သဘောမဆောင်ဘဲ၊ ဆည်းကပ်ကိုးကွယ်သော သဘောဆောင်၍ ရှိခိုးသောကိစ္စကို အပြစ်တင်သော၊ သဘောတရား လည်း ရှိပါသည်။

မျှော်မှန်းတမ်းတ၍ တန်ခိုးရှင်တစ်ဦး (ရှိသည်ဟု အထင်ဖြင့်) အား ရှိခိုးပူဇော်ခြင်းကို လက်မခံသော အယူအဆလည်း ရှိပါသည်။

လမ်းဘေးမှာ၊ ခြံဝင်းထဲမှာ၊ အိမ်ကြီးပေါ်မှာ၊ တိုက်ကြီးပေါ်မှာ ဆိုင်းဝိုင်းကြီးများဖြင့် ပူးနောင်ချပ်ချေးနေသည်ကိုလည်း တွေ့ရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရှေ့ တိုက်ရှေ့မှာ မဏ္ဍာပ်ကနားဆောက်၍ နတ်ဒိုးသံနှင့် ကနားကသည်မှာအနည်းငယ် တင့်တယ်စဖွယ်ဟု ဆိုရမည်သော်လည်း တိုက်ကြိုတိုက်ကြား၊ လူသွားလမ်းကွက်လပ်မှာ ခနော်နီ၊ ခနော်နဲ့ မဏ္ဍာပ် ထိုး၍ ကနားဆက်နေသည်မှာမူ တင့်တယ်စဖွယ်ရှိသည်ဘိ၏ဟု မဆို နိုင်ပါချေ။

နတ်ကနားများမှ နတ်ဒိုးသံသည် အနီးပတ်ဝန်းကျင်သို့ နားမခံ သာအောင် ပျံ့လွင့်နေသည်မျိုးလည်း ရှိပါသည်။

နတ်ဆိုတာ အမှန်တကယ်ရှိသည်ဟု ယုံကြည်သူများသည် မိမိအယူအဆ၊ အတွေးအခေါ်အရ ယုံကြည်နိုင်ပါသည်။

သို့သော် . . .။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မနုဿတ္တဘာဝေါကို စဉ်းစား စေလိုပါသည်။

ဒေဝသတ္တဘာဝေါဟု မကြားဖူးပါ။

မနုဿတ္တဘာဝေါဟူ၍ အမှန်တကယ်ရှိပါသည်။

ဒေဝသတ္တဘာဝေါဟူ၍ မရှိပါ။

အလွန်တွေးတော စဉ်းစားသင့်သော အယူအဆဟု ထင်ပါ သည်။

နတ်က အကကြိုက်သည်လား။

နတ်ကတော်က အက ကြိုက်သည်လား။

ဒါမှမဟုတ် နတ်ပွဲကြည့် ပရိသတ်က အကကြိုက်သည်လား။

ယနေ့အထိ မည်သူမှ တိတိပပကွဲကွဲပြားပြား ပြောဆိုနိုင်ခြင်း မရှိသေးပါ။

ကွဲကွဲပြားပြားပြောရမည်သော အဆိုအပြောတော့ ရှိသည်။

အကကောင်းသော၊ ကနားစီးနတ်ကတော်များ ပွဲခွင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



၍ ပွဲဆက်လက်မလည်ဟု ဆိုကြပါသည်။

ဓာတ်ပွဲ၊ အငြိမ့်ပွဲများ မှေးမှိန်နေသော်လည်း နတ်ပွဲများမှာမူ လင်းလက်တောက်ပဆဲ ရှိနေပါသည်။

ဓာတ်ပွဲ၊ အငြိမ့်ပွဲ မင်းသား မင်းသမီးတို့ကပဲ ကကြိုးကကွက် ရှော်လို့လား။

နတ်ကတော်တွေကပဲ သူတို့ထက်ပို၍ ကကြိုး ကကွက်တော် လို့လား။

ဤသို့လည်း မေးစရာရှိလာပါသည်။

နတ်ကတော်များ ခေတ်စားခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ဆယ်စုနှစ်ငါးစုလောက်ကတည်းက ဖြစ်၏။

ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးခေတ်နောက်ပိုင်း နတ်ကတော်များနှင့် အပြိုင်ခေတ်စားလာသည်မှာ မဟိဒ္ဓိ၊ သိဒ္ဓိ၊ မနော ဝိဇ္ဇာတိဂိုဏ်းများဖြစ်ပါသည်။

ဂိုဏ်းများနှင့် ယှဉ်တွဲပေါ်လာသည့်အမည်မှာ 'ဘိုးတော်'ဟူ၍ ဖြစ်ပါသည်။

တပည့်တပန်း ဝိုင်းဝိုင်းလည်နေသည့် ဘိုးတော်များမှာလည်း အလျှိုအလျှို ပေါ်လာပါသည်။

ဘိုးတော်ခေတ်ထခဲ့သည်မှာ ဆယ်စုနှစ်၊ သုံးစုကျော်ရှိခဲ့ပါပြီ။

ဘိုးတော်နိမ်နင်းရေး အဖမ်းအဆီးများ ရှိခဲ့ရသည့်အထိပင် သူတို့ကလည်း ထင်ရာစိုင်း လုပ်ခဲ့ကြပါသည်။

နာမည်ကြီး ဘိုးတော်အားလုံးနီးပါး ထောင်နန်းစံဘဝသို့ ရောက်ခဲ့ကြပြီးနောက် ဘိုးတော်များ ငြိမ်သက်ခြင်းနှင့် ဆုံစည်းသွားကြပါသည်။

ယခုနောက်ပြန်လည်၍ ဦးထောင့် ခေါင်းမော့လာကြပြန်ပါသည်။

www.burmeseclassic.com



ဘိုးတော်အကြောင်း စာအုပ်ရေးသူတစ်ဦးမှာ ထိုတစ်အုပ်တည်းဖြင့် နာမည်ကြီးပြီး အရောင်းရအတွင်ကျယ်ဆုံး စုပါတန်းဝင် စာရေးဆရာဖြစ်သွားပါသည်။

သူရေးသည့် ဘိုးတော်မှာ မြန်မာဘိုးတော်အကြောင်း မဟုတ်ပါ။

ကုလားဘိုးတော်အကြောင်း ဖြစ်ပါသည်။

မြန်မာဘိုးတော်များကို ကျော်ဖြတ်ပြီး၊ လူတိုင်းပါးစပ်များတွင် ရေပန်းစားသွားသည့် ကုလားဘိုးတော်မှာ မြန်မာလူမျိုးအချို့၏ အိမ်ဦးခန်းတွင် အထင်ကရ နေရာရသွားသည်လည်းရှိပါသည်။

မြန်မာဘိုးတော်လောကကို နာတဖျားဖြင့် ကျော်တက်သွားသည့် ကုလားဘိုးတော်၏ အမည်ဟိန်းထွက်လာသောအခါ မြန်မာဘိုးတော်များ မြေမကိုင်မိ၊ လက်မကိုင်မိ ပျာယာခတ်ကုန်ကြသည်လည်း ဖြစ်ခဲ့ဖူးပါသည်။

တန်ခိုးက္ကဒ္ဓိပတ် ထက်မြက်လွန်းသော ဘိုးတော်အား ဘယ်ပုဂ္ဂိုလ်ကြီးတွေက ကိုးကွယ်နေသည်ဟု အပြောခေတ်လည်း ရှိခဲ့ဖူးသည်။

သတင်းစကားများလည်း ကျယ်ပြန့်ခဲ့သည်။

ဟုတ်သည်၊ မဟုတ်သည် အပထား၊ တွေးခေါ်မြော်မြင်မှု ရင့်ကျက်သော၊ ပညာတတ်ပုဂ္ဂိုလ်ကြီးများပင် သူ့နောက်သို့ တန်းတန်းစွဲ လိုက်ခဲ့ကြဖူးသည်လည်းရှိခဲ့ပါသည်။

ထိုပုဂ္ဂိုလ်၏ အစွမ်းထက်မြက်မှုကို အားပါးတရ ချီးမွမ်းခန်းဖွင့်ခဲ့သူတွေထဲမှာ အဖက်ဖက်က ပြည့်စုံပါသည်ဆိုသော ပညာရှင်ပုဂ္ဂိုလ် ကြီးများလည်း ပါဝင်ပါသည်။

တန်ခိုးက္ကဒ္ဓိပတ် ထက်မြက်လွန်းပါသည်ဆိုသော ဘိုးတော်ကြီး ထောင်ထဲသို့ ရောက်သွားတော့မှ ချီးမွမ်းသံများ ရစ်စဲသွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ဘိုးတော်... ဘော်တိုး"

ဤသို့ဆိုခဲ့သည့် အဆိုလည်း ရှိခဲ့ပါသည်။

လက်ဝါးဖြန့်လျက် မျက်စိမှိတ်ပြီး အဓိဋ္ဌာန်လုပ်လိုက်ရုံနှင့် ငါးသုံးလုံးစီးကရက် လက်ဝါးပေါ် ရောက်လာသည်။

အမေရိကန် ချောကလက်စားမလား၊ အင်္ဂလန်က ပန်းသီး စားမလား၊ လက်ဝါးပေါ်သို့ ထင်းခနဲ ရောက်လာသည်။

ခေါက်ဆွဲကြော် ပူပူနွေးနွေးစားမလား၊ အထုပ်လိုက်ရောက်လာ သည်။

ဘာမှမရှိသည့် လက်ဝါးနှစ်ဖက်ကို တွဲစပ်ပြီး ပြန်ဖွင့်လိုက် သည်နှင့် ရှင်သီဝလိရုပ်ထုကို မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။

ရုပ်ရှင်လောကသားတွေဆို သူ့မှာသူ့ဟု ပြောစမှတ်ပြုကြရဖူး သူလည်း ရှိခဲ့ဖူးပါသည်။

အဲဒီလို လိုတရပုဂ္ဂိုလ်တစ်ယောက်တည်း အကြံအဖန်ကိစ္စ အထွေထွေကို ဂျာနယ်တစ်စောင်က အသေးစိတ်ဖွင့်ချလိုက်ပြီးသည့် နောက် သူ့အကြောင်း ဗိုကာချဲ့သံတွေ ရပ်စဲသွားသည်လည်း ရှိခဲ့ဖူးပါ သည်။

အနောက်ဥရောပ ကမ္ဘာ့နိုင်ငံကြီးများသို့ ကမ္ဘာပတ်၍ သက္ကဏာပညာ ဟောပြောနိုင်သည့် တုန္ရိုင်းမယှဉ်နိုင်ရာသော သက္ကဏာပညာရှင်။

ဒီကနေ့ သူနှင့်တွေ့၊ နက်ဖြန်ဘာလုပ်ချင်သလဲ၊ ဖြစ်စေရမည် ဟု ရဲရဲကြီးအာမခံချက်ပေးနိုင်သည့် လက္ခဏာပညာရှင်။

သူနှင့်သာ လာတွေ့လိုက်စမ်းပါ၊ သိန်းရာကျော်ထီ မှိန်းသေ ပေါက်ရမည်ဟု ရဲရဲကြီးကြော်ငြာမည့် ထီဘုရင် လက္ခဏာပညာရှင်။

www.burmeseclassic.com



စသူများ မြန်မာနိုင်ငံတွင်ရှိနေပြီဟု ပြောဆိုသံတွေလည်း ကြား သိနေရပါသည်။

တကယ်အမှန်အကန်ပဲလား ဆိုသည်ကိုတော့ ။

ဖိနပ်ကအစက မျက်မှန်အဆုံး တစ်ကိုယ်လုံး ဖောရင်းမိတ်တွေ၊ အသုံးအဆောင်ပစ္စည်းများကလည်း ဖောရင်းမိတ်တွေ၊ ရကငါးထောင်ကျော်ဖောက်(စ)ဝက်ဂွန်းကားနှင့် ဆယ်လူလာဖုန်းကို ခါးတွင်ချိတ်ထား သည့် ဘာမဆိုလုပ်ပေးနိုင်သည့် ဆက်သွယ်ပေးနိုင်သည့် ပုဂ္ဂိုလ်တွေလည်း ပေါ်နေသည်ဟု သိရပါသည်။

လုပ်ကွက်၊ ပြကွက်ရိုးရိုးလေးဖြင့် သိန်းပေါင်းရာကျော်ငွေများကို ခိုက်စားလုပ်သွားသည့် နိုင်ငံခြားသားတစ်ယောက်နှင့် ထိချက်နာသွားသူတွေ အကြောင်းလည်း ရှိပါသည်။

လွန်ခဲ့သော တစ်နှစ်ကျော်က ရှုံးကိုးတွမ်တီးခေါ် မဟာလူလိမ်ကြီးတစ်ယောက်၏ အကြောင်းမှာလည်း စိတ်ဝင်စားစရာ ပြောစမှတ်မှတ်တမ်းဝင်သွားခဲ့ပါသည်။

အမှတ်များလျှင် အယူအဆ၊ အတွေးအခေါ် တိမ်းချော်သည်၊
အသိများလျှင် အထိနာသည်။
ဆည်းကပ်ကိုးကွယ်များလျှင် ဘဝဆုံးသည်။

အမှတ်များ၊ အသိများ၊ ဆည်းကပ်ကိုးကွယ်မှု အယူအဆအမှားများရှိခဲ့သည်မှာ ယနေ့ခေတ်တွင်မှ မဟုတ်ပါလေ။

လူသည် ကမ္ဘာဦးက နေကိုရှိခိုးခြင်း၊ မီးကို ရှိခိုးခြင်း၊ သစ်ပင်ကြီးများကို ရှိခိုးခြင်း၊ မြစ်ကိုရှိခိုးခြင်းစသည်တို့ ပြုလုပ်ခဲ့ကြသည်။

ပင်စိမ်းပင်ကို ရှိခိုးသော ဘာသာတစ်မျိုးသည် နှစ်ပေါင်းထောင်နှင့်ချီ၍ ကြာခဲ့ပါပြီ။ ရှေ့၌လည်း ဆက်လက်တည်ရှိနေဦးမည်ဟု ယူဆရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံပေါင်းများစွာတို့သည် ဘာသာတရားဆိုင်ရာ လွတ်လပ်စွာကိုးကွယ်ခွင့်ကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြပါသည်။

လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခြင်းသည် လူ့အခြေခံအခွင့်အရေးဖြစ်ပါသည်။

သို့သော်…

ဘာသာတရား အယောင်ပြ၍ လိမ်စားသူများကိုမူ တားမြစ်လေ့ရှိပါသည်။

ထို့ကြောင့်လည်း ဘိုးတော်စစ်ဆင်ရေးလုပ်၍ ဘိုးတော်များကို ထောင်ထဲသို့ ပို့ခဲ့ရခြင်းဖြစ်ပါသည်။

ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်၊ လုပ်ငန်းကြီးများ လုပ်နေသည့် ကုန်သည်ကြီးများ၊ ဌာနအကြီးအကဲလုပ်သူ တစ်ဦးဦးက ဘိုးတော်ကိုစွဲ၊ နတ်ကိုစွဲသဲသဲမဲမဲလုပ်နေလျှင် ကလေးဦးနှောက် သမားများလည်း ရောယောင်။

ထိုထိုသော ဘိုးတော်တို့၊ နတ်ကတော်တို့ကလည်း ထင်ရှားကျော်ကြားလူသိများသည့် ပုဂ္ဂိုလ်ကြီးများ၏ အမည်ကို အသုံးပြုလေ့ရှိကြပါသည်။

သရဲကြီးက ဘယ်လို၊ သဘက်ကြီးက ဘယ်ပုံ၊ တစ္ဆေကြီးက ဘယ်သို့ဟူသော ဝန်းကျင်တွင် ကြီးပြင်းလာကြသူများမှာ တစ္ဆေသရဲ အမြင်များကို ဆုံးအံ့မထင်အောင် ပြောဆိုနိုင်ကြပါလိမ့်မည်၊ မဆန်းပါ။

ခံတွင်းမြိုက်သော ဟင်းကောင်းကောင်းဖြင့် ထမင်းမြိန်မြိန်စားရသလို ဘိုးတော်နှင့် နတ်အကြောင်းကို အားပါးတရ မြိန်ရှက်စွာ ပြောနေသူတစ်ဦးသည် သာမန်လူပုဂ္ဂိုလ်မဟုတ်ဘဲ ထိုက်ထိုက်

www.burmeseclassic.com

www.burmeseclassic.com



တန်တန် နေရာရောက်နေသူ၊ အောင်မြင်ထင်ရှားနေသူ တစ်ဦးဖြစ်ပါမူ နားထောင်နေရသူများမှာ အကြောင်းတရား အကျိုးတရားကို ယထာဘူတကျကျ မမြင်နိုင်ဖြစ်ရမည်မှာ သေချာပါသည်။

သူ၏ယုံကြည်မှု အစွဲအလမ်းများ ထိုထိုသော အပြောနောက်သို့ လိုက်ပါသွားရမည်မှာလည်း မလွှဲကေန်ပင်ဖြစ်ပါလိမ့်မည်။

အံ့ဩစရာကောင်းတာတွေ၊ လောကမှာ မြောက်မြားစွာ သိရှိပါသည်။ ရုံသွင်းပြသသည့် မျက်လှည့်ကို မဆိုထားဘိ၊ လမ်းဘေးမျက်လှည့်၊ လက်လှည့်ပွဲများ၌ပင် ရပ်သပ်ရှုမော အံ့ဩဖွယ်ရာများ တွေ့ရမည်ဖြစ်ပါသည်။

ရှင်းလင်း၊ ပီကိုလာ၊ ချန်ပီယံ တင်ညွန့်တို့၏ ပြကွက်များမှာ ရင်သပ်ရှုမောဖွယ်ရာများ ပြည့်လျှမ်းနေသည့် လက်လှည့်မျက်လှည့်ပစ္စလက်နည်းများပင် ဖြစ်၏။

ထို့ထက်ပို၍ ဆန်းကျယ်သော၊ ရထားကြီးတစ်စင်းလုံး ပျောက်သွားအောင်၊ လေယာဉ်ပျံကြီးတစ်စီးလုံး ပျောက်သွားအောင်၊ တရုတ်ပြည် တံတိုင်းကြီးကို ထိုးဖောက်ဝင်ရောက်ပြသွားသော ကမ္ဘာကျော်ဒေးဗစ်ကော်ပါဖီးလ်၏ ပြကွက်များမှာ ပို၍ရင်သပ်ရှုမောအံ့ဩဖွယ်ရာများ ပြည့်လျှမ်းနေ၏။

မျက်လှည့်၊ လက်လှည့်ပြကွက်များပင် ဖြစ်ပါသည်။

ထိုထိုသော ရင်သပ်ရှုမောဖွယ် အံ့ဩဖွယ်ရာများကိုလေး မြတ်ကိုးကွယ်ကြစတမ်းဆိုလျှင် မျက်လှည့်၊ လက်လှည့်၊ ပဉ္စလက်ဆရာများကိုပင် လက်အုပ်ချီရတော့မလားဟု မေးရတော့မည် ဖြစ်ပါသည်။

အံ့ဩစရာမှန်သမျှ ကြာရှည်မခံပါဟူသော အိတလီစကားပုံရှိပါသည်။

ချီးမွမ်း (၇) ရက်၊ ကဲ့ရဲ့ (၇) ရက် မြန်မာစကားပုံဖြစ်ပါ

www.burmeseclassic.com



သည်။

သို့သော် ယနေ့ခေတ်ပေါ် ဘိုးတော်နှင့် နတ်ကတော်များသည် ရက်တွေ၊ လတွေ၊ နှစ်တွေကြာညောင်းသည့်တိုင် လျော့ပါး မသွားဘဲ တိုး၍တိုး၍သာ ရှိနေကြဆဲ။ အလုပ်ဖြစ်နေကြဆဲသာ ရှိပါသေးသည်။

သြဇာရှိ အသိုင်းအဝိုင်းကြားတွင်ထင်ပေါ်နေဆဲ ရှိပါသေးသည်။

ကိုးကွယ်ရာနှင့် မကိုးကွယ်ရာကို ပိုင်းခြားဝေဖန်၍ မိမိ၏ အသိဉာဏ်ဖြင့် တွေးခေါ်ရမည်ဖြစ်သလို ကိုးကွယ်ရာအစစ်အမှန်နှင့် အတုအယောင်ကို ခွဲခြားနိုင်ပါစေဟု ရည်သန်လျက် ကိုးကွယ်မှုမှန်လျှင် ကိုယ်ကျိုးအမြတ်ထွက်မည်။

ကိုးကွယ်မှု မမှန်လျှင် ကိုယ်ကျိုးနည်းမည်။

ကိုယ်ကျိုးမနည်းရအောင် ယုံလွယ်ရင် အထိနာသည်ကို ဆက်လက်ဖတ်ရှုကြပါဟု ။

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

ရိုးတွင်းချဉ်ဆီခိုက်အောင် အေးသည့်အချမ်းဒဏ်ကို အလူးအလဲ ခံရသည်မှာ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားတွင်။

အချိန်မှာ အပူပိုင်းဒေသများတွင်ပင် အနွေးထည်ကို ကိုယ်နှင့်မကွာဝတ်ရသည့် အအေးလွန်မြ ဖန်နဝါရီလ။

ဒေသခံများအတွက် နေနေကျမို့လားမသိ။ အအေးဒဏ်ကို ထူးထူးထင်ထင် ခံစားရပုံမပေါ်။

တချို့ဆို အနွေးထည်သော်မှ မဝတ်ဘဲ သွားလာလှုပ်ရှားနေကြသည်။

နေကလေးညိုလာပြီဆိုကတည်းက အနွေးထည်နှစ်ထပ် ဝတ်လိုက်ရသည်။

ရန်ကုန်သားများဖြစ်သည့် တင်အောင်ထွန်း(ခ်ါ) ထွန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ခင်မောင်အေးတို့မှာ အရောင်းအဝယ် ကိစ္စတစ်ခုဖြင့်မြစ်ကြီး နားသို့ ပထမဆုံး ရောက်ရှိခဲ့ခြင်းဖြစ်၏။

ထို့ကြောင့်လည်း သူတို့နှစ်ယောက်မှာ မြစ်ကြီးနားအအေး ဒဏ်ကြောင့် နေမထိထိုင်မသာ ဖြစ်နေကြရသည်။

သူတို့တည်းခိုသည့် နေရာက မြစ်ကမ်းဘက်သို့ မျက်နှာ မူထားသောကြောင့် လေတဟူးဟူးတိုက်သည်။ လေနှင့်ပါသည့် အအေး ငွေ့ကို အမြဲတမ်းထိတွေ့နေရသည်။

အပူရှိန်မပျောက်သေး၊ နေလုံးမကွယ်သေးစေကာမူ အအေး ဒဏ်က အပူရှိန်ကို နိုင်နိုင်နင်းနင်း လွှမ်းမိုးနေပြီ။

ပါလာသည့် အနွေးထည်များ ကိုယ်ပေါ်သို့ ရောက်နေသည့် တိုင် မြစ်ကြီးနား၏ အအေးကို မတွန်းလှန်နိုင်ခဲ့ပေ။

အမှောင်ဘက်သို့ ကူးပြောင်းလေလေ အအေးလှိုင်းက ပို၍ သိပ်သည်းရင့်ကျက်လာလေ။

တစ်ကိုယ်လုံး ရှိန်းဖိန်းပြီး ရင်တွင်းပူနွေးသွားစေမည့် ယမကာနှစ်ပက်အခံလေးလုပ်ထားသည့်တိုင် အနည်းငယ်မျှသာ နေ သာထိုင်သာရှိစေသည်။

ညစာစားပြီး အပြင်သို့ လုံးဝမထွက်တော့ဘဲ ထင်းမီးဖို၏ အပူရှိန် အကာအကွယ်ကိုယူ၍ ထိုင်နေသည့်တိုင် ရှေ့ပိုင်းနွေးသော် လည်း နောက်ပိုင်းကမူ အေးနေသည်။

ရှစ်နာရီသာသာပဲ ရှိသေးသည်။ အိပ်ရာဝင်သော အလေ့ အထမရှိစေကာမူ အိပ်ရာထဲသို့ ဝင်ခဲ့ရသည်။

ထူထဲသော ဝှမ်းကပ်ကြီးများ ကိုယ်ပေါ်သို့ ပုံ့ပုံ့အိအိ ရောက် နေသည့်တိုင် အသားဆိုင်များ နွေးထွေးသလို ရှိသွားသော်လည်း မိုးတွင်းချဉ်ခြိထဲသို့မူ နွေးထွေးမှု မပေးနိုင်။

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းလိုက်တာ၊ အသည်းကို ခိုက်သွားတာပဲ"

ဆိုသည့် ပြောစမှတ်စကား ပေါ်လာသည်မှာ မြစ်ကြီးနား၏ အအေးဒဏ်ကိုခံဖူးသူတစ်ယောက်၏ ညည်းတွားသံမှ မြစ်ဖျားခံလာလေသလား မသိ။ တကယ့်ကို အသည်းခိုက်အောင် ချမ်းအေးလွန်းလှပါသည်။

ထွန်းထွန်းနှင့် ခင်မောင်အေးတို့ နှစ်ယောက်မှာ လာရင်းကိစ္စ မြန်မြန်ပြီးပါစေဟု ဆုတောင်းနေရသည်။

ကိစ္စက တော့လွဲကလေး လွဲနေသည်။

ဖြစ်ဖို့အလားအလာ နီးစပ်နေသည်။

သို့မို့ကြောင့် မပြန်နိုင်သေးဘဲ တော့လွဲကလေး လွဲနေသည်ကို တော့ဆက်ဖြစ်သွားအောင် စောင့်နေရသည်။

ပစ္စည်းအရောင်းအဝယ် ဈေးနှုန်းမှာ ညှိ၍ ရနိုင်ဖွယ်ရှိသော်လည်း ငွေပေးချေရေးကိစ္စတွင်မူ အညှိရခက်အောင် အခက်အခဲ ထင်နေသည်။

ပစ္စည်းပိုင်ရှင်တွေက တန်ဖိုးငွေကို မြစ်ကြီးနားမှာပင် ပေးချေရန် တောင်းနေသည်။

သူတို့က ရန်ကုန်ကို ပစ္စည်းရောက်ပြီးမှ ငွေအပြည့် ပေးချေမည်။ ယခုဈေးတည့်လျှင် စရန်ငွေ သုံးသိန်းပေးခဲ့မည်။

ဒါက ထွန်းထွန်းတို့ဘက်က သဘောထား ။

ပစ္စည်းတန်ဖိုးက မနည်း၊ သိန်းသုံးဆယ်ကျော်သည်။

နယ်လှသည့် အထစ်အငေါ့လေးများ ညှိလို့မရသေး။

သူတို့ဘက်က နောက်ဆုံးအဖြေပေးရန် နှစ်ရက်စောင့်ရန် ပြောထားသည်။

ရောက်ပြီးမှတော့ မထူး၊ စောင့်ရမည်။

www.burmeseclassic.com



မြစ်ကြီးနားရောက်ပြီးမှ မြစ်ဆုံသို့ မရောက်လျှင် မြစ်ကြီးနားရောက်သည်မမည်။

စောင့်ရမည့်အတူတူ သူတို့က မြစ်ဆုံကို သွားချင်သည်။

ဒေသခံများက မသွားဖို့တားသည်။ လမ်းခရီး စိတ်မချရသောအခြေအနေရှိသည်။

သွားချင်သည့်ဆန္ဒ သိပ်ပြင်းပြရင်တော့ သွားနိုင်သည့် အခြေအနေကို ဖန်တီးပြီး လိုက်ပို့ပေးမည်ဟု ပြောသည်။

သို့မှ မြစ်ကြီးနား၏ နာမည်ကျော်အုံ့တစ်ပါး မြစ်ဆုံသို့ ရောက်ခဲ့ရသည်။

မြစ်ကြီးနားမှ မြစ်ဆုံသို့ သွားရာလမ်းတစ်လျှောက်တွင် ရှိနေသည့် မှိုင်းဝေနေသော တောင်တန်းကြီးများ အကွေ့အကောက်အတက်အဆင်း ရောပြွန်းနေသော သဘာဝရှုခင်းများ၊ အမြင့်တစ်မျိုးဆန်းသည့် ကချင်တိုင်းရင်းဖွားများ၏ စိုက်ခင်းများကို တရိတ်ရိတ်ကျော်ဖြတ်သွားရသည့် လမ်းခရီးမှာ မြင်ကွင်းလှပသည်။

သဘာဝပအိုနီပိုင်ရှင်၊ ကချင်အမျိုးသမီး လှပျိုဖြူများ၏ ခွေးရာပါ အလှမှာ တစ်ရပ်တစ်ကြေးသားတို့အား ဆွဲဆောင်ထားသည်သို့နှယ် ရှိနေသောကြောင့် သာမောဖွယ်ရာ ခရီးလမ်းကြောင်းဟု ဆိုရမည်သို့ရှိပါချေ၏။

စိတ်အေးလက်အေးသာ သွားရမည့် ခရီးလမ်းကြောင်း ဖြစ်ပါမူ ကြည်နူးစရာများ ဝေဖြာနေပါလိမ့်မည်။

ထိုစဉ်ကာလ အေးချမ်းသာယာမှု မရှိသေးသောကြောင့် စိုးတရွံ့ရွံ့ စိတ်တစ်ထင့်ထင့် သွားကြရသည်။

လူနေရွာတွေက ကြဲသည်။

ကားကို မကြာခဏ ရပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူ ကချင်အမျိုးသားလူရွယ်က လမ်းတွင် တွေ့ရသူများအား ရှေ့လမ်းခရီး အခြေအနေကို မေးရမြန်းရသည်။

ရွာရောက်လျှင်လည်း ကားပေါ်မှဆင်းပြီး အဖျက်သမားသောင်းကျန်းသူများ၏ လှုပ်ရှားမှုသတင်းကို အမေးအမြန်းပြုရသည်။

ထိုသို့လျှင် လမ်းခရီးအခြေအနေ စိတ်မချရသောကြောင့် သာယာရှုမောဖွယ်ရာ သဘာဝအလှကို တင်းပြည့်ကျပ်ပြည့် မခံစားရသလို ရှိသည်။

ချမ်းအေးရသည့်အထဲ အကာအရံ မရှိသော ဂျစ်ကားကလေးထဲသို့ တရကြမ်းတိုးဝင်လာသည့် လေသရမ်းကြောင့် မျက်နှာကို ဘေးဘက်သို့ ကြာရှည် လှည့်မထားရဲ၊

သဘာဝ အလှ[illegible]များကို ခိုးကြောင်းခိုးဝှက် လှစ်ခနဲလှစ်ခနဲ ကြည့်ခဲ့ရသည်။

အခွေးထည် ကင်းလွတ်သည့် နွားသိုးဖျားနားရွက်ဖျားကလေးများမှာ ကျဉ်နေသည်။

ကားလမ်းကို ဟိုဘက်ဒီဘက်ခွ၍ ရွာတည်ထားသည့် ရွာကြီးသို့ရောက်သောအခါကျမှ ကားရပ်နားပြီး အောက်သို့ဆင်းရသည်။ ရွာထဲရှိအိမ်ကြီးတစ်အိမ်ပေါ်တက်ပြီး ကြက်ဥကြော်နှင့်ရေနွေးကြမ်းသောက်ရင်း နာရီဝက်လောက် နားနေလိုက်တော့မှ အနည်းငယ် နေသာထိုင်သာရှိသွားသည်။

လိုက်ပါလာသူများထဲမှ ထိုအိမ်ရှင်များနှင့် ရင်းနှီးသူ နှစ်ယောက်ပါသောကြောင့် အိမ်ရှင်များကလည်း သူတို့တတ်နိုင်သလောက် ညှော်ဝတ်ပြုကြသည်။

ခရက်ပိုင်းအတွင်း လမ်းခရီးအခြေအနေ ကောင်းနေသည့် အကြောင်းပါ သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကြောင့် စိတ်တစ်ထင့်ထင့် ဖြစ်ရမှု ငြိမ်သက်သွားသည်။

မြစ်ဆုံသို့ ရောက်သွားပါပြီ။

လမ်းကြော၏ ညာဘက်တွင် ရှိနေသော ကုန်းကမူလေးပေါ်သို့ ဂျစ်ကားကို ချိုးကွေ့တက်လိုက်၏။

အဆောက်အအုံတစ်ခုရှေ့တွင် ဂျစ်ကားကို ထိုးရပ်လိုက်သည်။

အပြုအပြင်၊ အလှဲအကျင်းမရှိသော အဆောက်အအုံမှာ နားနေရန် မဆိုထားဘိ။ ခေတ္တဝင်ရောက်ရပ်နားရန်အတွက်ပင် အခက်အခဲဖြစ်ဖွယ်ရာသို့ အသွင်ဆောင်နေသည်။

ပြုပြုပြင်ပြင် သပ်သပ်ရပ်ရပ် ရှိခဲ့စဉ်က နားနားနေနေ စိတ်ချင်စဖွယ် အရိပ်အဆင် ထင်ရစ်နေစဖွယ်ရှိပါလိမ့်မည်။

ခုတော့ဖြင့် အလွန်အလင်း အကျည်းတန် အရုပ်ဆိုးသော အဆောက်အအုံကလေးတစ်ခုအဖြစ် ရပ်တည်လျက် ရှိနေပါချေပြီ။

အကျည်းတန်အရုပ်ဆိုးသည့် အဆောက်အအုံကလေးထဲသို့ မဝင်တော့ဘဲ မေခနှင့်မလိခပေါင်းစုံရာကို ကြည့်မြင်နိုင်မည့် နေရာသို့ ဆက်လျှောက်ခဲ့ရသည်။

ကမ္ဘားအစွန်းလေးတွင် ရပ်လျက်မှ ကြည့်လိုက်ရသည်။

သဘာဝအလှ၏မြင်ကွင်းမှာ မျက်စိကို မလွှဲသာအောင် ဆွဲဆောင်ထားသည်။

မေခနှင့်မလိခ မြစ်နှစ်သွယ်မှ စီးဆင်းလာသော ရေညီနောင်တို့ တွေ့ဆုံပေါင်းစည်းရာမြစ်ဆုံ၏ သဘာဝအလှပမှာ ထင်းကားအပြကြီးကို ပေါ်လွင်နေသည်။

သဘာဝအလှ၏ ရှုခင်းကို ငေးမောရင်း ရင်ထဲမှာ တလှပ်

www.burmeseclassic.com

www.burmeseclassic.com


လုပ်ခံစားမှု ဖြစ်ရှိလာသည်။

အခြားသော အရာအားလုံးကို မေ့လျော့သွားစေသော ခံစားမှုပီတိ လွှမ်းထင်သွားသည်။

မြစ်ဆုံ၏ ရေပြင်ကိုမူ ဖွေးဖွေးအိအိနှင့် ဂွမ်းပုံကြီးက ထွေးပိုက်ထားသမို့ လှလိုက်သည်မှာ စက်စက်ယိုအောင် လှသည့်အလှဟု ဆိုရမည်သို့နှယ်။

ရုပ်ရှင်ထဲတွင် နိုင်ဂရာအလှပုံရိပ်ကို တွေ့မြင်ဖူး၏။

ရေတံခွန်ကြီးမှ တရကြမ်းစီးဆင်းနေသည့် ဖွေးဖွေးလှုပ်မျှသော ရေအယဉ်စီးဆင်းပုံမှာ ကြမ်းတမ်းသည်။

မြစ်ဆုံ၏ ရေအပြင်စီးဆင်းနေပုံမှာမူ ငြိမ်သက်သည်။ နုယဉ်သည်။

အနောက်တိုင်းသားတစ်ယောက်၏ အမြင်တွင် နိုင်ဂရာရေတံခွန်၏ အလှကို တင်စားပါလိမ့်မည်။

အရှေ့တိုင်းသား မြန်မာတိုင်းရင်းသား လူမျိုးများကမူ မြစ်ဆုံ၏အလှကို အမွှမ်းတင်ကြလိမ့်မည်ပါ။

မြစ်ဆုံ၏ ရေအပြင်မှာ အေးမြကြည်လင်နေသည်။

ရေပြင်အောက်ခြေတွင် အနယ်ထိုင်နေသည့် အရွယ်အစားအမျိုးမျိုး ကျောက်စရစ်ခဲလေးများကို အတိုင်းသား မြင်နေရသည်။

မြစ်ဆုံ၏ အလှကို ခြယ်မှုန်းရလျှင် ဆုံးအံ့မထင်။

ဧရာဝတီတံခါးဝမြစ်ဆုံမှ ရေစီးကြောင်းအတိုင်း လိုက်သွားလျှင် ပထမမြစ်ကျဉ်း၊ ဒုတိယမြစ်ကျဉ်း၊ တတိယမြစ်ကျဉ်းတို့၏ မောဖွယ်ရာ၊ တိမ်းမူးဖွယ်ရာ အံ့ဖွယ်တစ်ပါး အလှအပများကိုသည်း တွေ့ရမည်ဖြစ်၏။

ဘယ်သူပြိုင်၍ လှပါတော့နိုင်။

www.burmeseclassic.com



အလှအပများ စုစည်းနေသည်မှာ မြစ်ဆုံ။

မာန်ဟုန်ဝင့်နေသည့် ဧရာဝတီက တစ်မျိုးတစ်ဘာသာ လှပသော အလှအပများဖြင့် ထည်ဝင့်နေသလို၊ ငြိမ်သက်အေးချမ်းသည့် တစ်ဖုံတစ်နည်းလှပနေ။

မြစ်ဆုံက သူတို့အား ဖမ်းစားထားစေကာမူ ကြာရှည်ငေးမော နေချိန်မရ။

အခြေအနေမပေးသောကြောင့် ခဏတဖြုတ် လှည့်ကြည့်ပြီး ပြန်ခဲ့ရသည်။

ထိုနေရာမှာ လုံခြုံမှု လုံးဝမရှိ။

ခုလို အေးချမ်းသာယာသော အချိန်မျိုးမှာသာ ရောက်ခဲ့ရင် သုံးလေးရက်လောက်တော့ အနည်းဆုံးနေဖြစ်မှာ သေချာသည်။

နေမညိုခင် မြစ်ကြီးနား ပြန်ရောက်ရမည်။

လမ်းမှာ မှောင်လို့မဖြစ်။

မြို့အပြင် ဂိတ်အဆင့်ဆင့်၏ အစစ်အဆေး အမေးအမြန်း ခံရမည်။

မြစ်ကြီးနားတွင် ခနောက်ထပ်နှစ်ရက်နေရသည်။

အလုပ်ဖြစ်တော့မလိုလိုနှင့် အလုပ်မဖြစ်။

ပစ္စည်းလည်းကြိုက်သည်။

ဈေးညှိလို့လည်း ရသည်။

အထစ်အငေါ့ဖြစ်နေသည်မှာ ငွေပေးချေဖို့ကိစ္စ။

ဒါကိုတော့ ညှိလို့မရ။

ထွန်းထွန်းတို့ဘက်က ထိုမျှလောက်များစားသည့် ငွေကြေးအထုပ်ကိုယူလာဖို့ မဝံ့ရဲသလို သူတို့ဘက်ကလည်း ရန်ကုန်အထိ ပစ္စည်းယူလာပြီး ငွေလိုက်ယူရမည်ကို မဝံ့မရဲ၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအလုပ်မဖြစ်။

ရန်ကုန်သို့ပြန်ဆင်းရမည်။

ကြားပွဲစားလုပ်သူ ကိုအင်တောင်ကတော့ လက်မလျှော့ချင်သေး။

မြစ်ကြီးနားပစ္စည်းလောက် တန်ဖိုးမကြီးသော်လည်း အလယ်အလတ်တန်းဝင်ပစ္စည်းရှိသည့်နေရာကို လိုက်ကြည့်ဖို့ ပြောသည်။

အလုပ်ဖြစ်နိုင်မည့် အခြေအနေရှိကြောင်းလည်း ပြောသည်။

သွားရမည့်နေရာမှာလည်း တကူးတက စရိတ်အကုန်ခံပြီး သွားဖို့မလို။

သူတို့အပြန် ခရီးလမ်းတွင်ရှိသည့်ခရီး။

ပစ္စည်းက နှစ်နေရာမှာ ရှိသည်။

တစ်နေရာက ဟိုပင်။

တစ်နေရာက မိုးကောင်း။

နှစ်နေရာစလုံးမှာ ဖားကန့်ကျောက်သမားတွေရှိသည်။

ဟိုမှာ သူနှင့် အဆက်အသွယ်ရှိသူများလည်း ရှိသည်။

"သေချာရဲ့လား ကိုအင်တောင်"

"သေချာပါတယ်ဗျာ၊ တစ်ဆယ်အထက် ပစ္စည်းမျိုးက တစ်ဦးတစ်လေမှာရှိတာ မဟုတ်ပါဘူး။ သုံးလေးဦးလက်ထဲမှာ ရှိပါတယ်၊ အကျိုးအမြတ်ရှိနိုင်တဲ့ ပစ္စည်းမျိုးတွေပါ"

"ဟိုမှာကော စိတ်ချရမယ့် အခြေအနေရှိရဲ့လား"

"ဒါအတွက် မပူစမ်းပါနဲ့၊ ကျွန်တော်တာဝန်ယူပါတယ်"

သူတို့နှစ်ယောက် တိုင်ပင်ကြရသည်။

လာပြီးမှတော့ မထူး။

အလုပ်မဖြစ်တောင် စရိတ်စက အထူးပိုကုန်စရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သွားရင်းဟန်လွှဲဝင်ရမည့် လမ်းကြောမို့ ဝင်ရန် သဘောတူ ဆုံးဖြတ်လိုက်ကြသည်။

သူတို့လုပ်ငန်းက ကြိမ်းသေတွက်လို့မရသည့် လုပ်ငန်း။

ထင်ပြီး အလုပ်မဖြစ်ရှိသလို မထင်ဘဲလည်း အလုပ်ဖြစ်သွားသည်မျိုးရှိသည်။

ခု မြစ်ကြီးနားကိစ္စကိုပဲကြည့်။

ခုနှစ်ဆယ့်ငါးရာခိုင်နှုန်း ဖြစ်တော့မည်ဟု တွက်ရမည့် အခြေအနေကနေ အလုပ်မဖြစ် ဖြစ်သွားရသည်။

ဘာကိုမှ တထစ်ချတွက်လို့ မပြောလို့မရ။

နောက်တစ်ခေါက်မြစ်ကြီးနား ဘူတာသို့ ဆင်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



( ၂ )

တစ်မနက်တာ ခရီးလမ်းကြောင်းအတွက် အထက်တန်းတွဲ နေရာမယူတော့ဘဲ ရိုးရိုးတန်းကပင် လိုက်ခဲ့ကြသည်။

အထက်တန်းတွဲလိုတော့ သီးသီးသန့်သန့်မရှိ။

လူကျပ်သည်။

ထိုင်ခုံသမားများအပြင် ထိုင်ခုံမှီ မတ်တတ်ရပ်သမားများလည်း ပါကြသည်။

လူတိုင်းကိုယ်စီမှာ ခြင်းတွေ တောင်းတွေပါသည်။

တွဲတိုင်းမှာ ခရီးသွားတွေ ပြည့်ကျပ်နေသလို ဘူတာ စကြံပလက်ဖောင်းမှာလည်း လူတွေ ရှုပ်ယှက်ခတ်နေသည်။

မြစ်ကြီးနားရထားမှာ အထက်တန်းတွဲနှင့် မသွားနိုင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



အလွန်စိတ်ကုန်စရာကောင်းသည်။

ရထားမထွက်ခင် ခရီးအစဘူတာတွင် ဒီလောက်ကျပ်သပ်နေမှတော့ လမ်းခရီးတက်မည့် ခရီးသည်တွေနှင့်ပို၍ မလွယ်။

ထွက်နိုး ထွက်နိုးနှင့် စောင့်နေရသည့် ရထားကြီးမှာ သတ်မှတ်ချိန်လွန်လာသည့်တိုင် ထွက်မည့် အရိပ်အယောင် မပြသေး။

ရထားထွက်ရန် အမိန့်ပေးမည့် အလံကိုင် ပုဂ္ဂိုလ်ကြီးမှာ အစိမ်းအနီ အလံလိပ်နှစ်လိပ်ကို လက်တွင်ကိုင်ပြီး ဟိုနားရပ်စကားပြောလိုက် သည့်နားရပ်စကားပြောလိုက် လုပ်နေသည်။

သူ၏ ဟန်ပန်မှာ အေးအေးဆေးဆေးပင်။

သူ၏လှုပ်ရှားမှုဟန်ပန်ကို ကြည့်ခြင်းအားဖြင့် ရထားတော်တော်နှင့် ထွက်ဖြစ်လိမ့်မည် မဟုတ်သေးကြောင်း ခန့်မှန်းလို့ရသည်။

တငူငူ တငိုင်ငိုင်နှင့် ပျင်းရိငြီးငွေ့ဖွယ်ရာ ထိုင်နေရသည်။

အထက်တန်းတွဲမှာ ဆိုရင်တော့ အကြောင်းမဟုတ်။ သက်တောင့်သက်သာ ထိုင်လို့ရသည်။

မိနစ်လေးဆယ် နောက်ကျပြီးမှ ရထားထွက်ဖြစ်သည်။

မြစ်ကြီးနား မန္တလေး အစုန်ရထားကြီးမှာ စတင်ထွက်ခွာစတွင် အားမာန်မပါ ပျင်းတိပျင်းတွဲ တစ်ရွေ့ရွေ့ထွက်ခွာလာခဲ့သည်။

မြစ်ကြီးနားမြို့ကို လွန်သည့်အချိန်တွင်မှ အားမာန်ဝင်လာသည်။

သက်ဆိုင်ရာ မိုင်နှုန်းအတိုင်း မောင်းခဲ့ရာ ရထားကြီး၏ ဝဲယာတွင် တွေ့နေရသည့် တောတောင်သဘာဝ ရှုခင်းများ၏ အလှအပများကို တွေ့မြင်လိုက်ရသည်။

အလာခရီးတုန်းက မြစ်ကြီးနားအဝင်မှာ ညပိုင်း။

မှောင်နှင့် မည်းမည်းတို့ ဘာကိုမှမမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com



တောင်စွယ်တောင်တန်းများမှာ နီးလာလိုက်၊ ဝေးလာလိုက် ရှိနေသည်။

ကိုခင်မောင်အေး ရထားနောက်မှီပေါ် ခေါင်းတင်ပြီး မှေးလိုက်လာသည်။

ကိုအင်တော်မှာ စကားနည်းသူဖြစ်သည့်အလျောက် ကွမ်းတစ်မြုံ့မြုံ့ဝါး၍ ကွမ်းတံတွေးကို ရထားပြတင်းပေါက်မှ ထွေးထုတ်ရန်သာ အာရုံစိုက်နေသည်။

အချက်ပေး ဥဩသံနှင့်အတူ ရထားအရှိန်လျော့လာသည်။

စာသင်ကျောင်းနှင့် လူနေအိမ်များကို လှမ်းတွေ့လိုက်ရသည်။

ဘူတာသို့ အရှိန်သတ်ဝင်လာသည့် ရထားကြီးရပ်သွားသည်။

မရမ်းဘူတာ။

ရထားဝဲယာတွင် အပြေးအလွှား အော်ဟစ်ရောင်းနေသည့် ဘဲဥသည်များ၏ ဘဲဥပြုတ်ရမယ်၊ ဘဲဥပြုတ်ရမယ် အော်ဟစ်သံများ စည်ဝေနေသည်။

ဘဲဥပေါသည့် နေရာလားတော့မသိ။

အခြားစားစရာရောင်းသည့် ဈေးသည်များထက် ဘဲဥရောင်းသူ ဈေးသည်များသည် ပိုများနေသည်။

တစ်နေ့လျှင် အစုန်အဆန် ရထားနှစ်စီးသာ ဖြတ်သန်းသွားသော လမ်းခရီးဘူတာများတွင် ဈေးရောင်းသူများ၏ ဝင်ငွေမှာ နှစ်ကျပ်သုံးကျပ်ထက် မပိုနိုင်။

ဒီကနေ့တော့ တစ်ဆယ်တောင် မြတ်လိုက်တယ်လို့ တစ်နှစ်လုံးမှာ တစ်ရက်သော်မှ နှုတ်ထွက်စရာ မဆိုနိုင်။

ငါးကျပ်လောက် မြတ်သည့်နေ့မျိုးရှိခဲ့ရင် ပျော်မဆုံးပေါင်

www.burmeseclassic.com

www.burmeseclassic.com



ဇောသုံးတောင် ဖြစ်နေကြလိမ့်မည်ပါ။

အဓိကလုပ်ငန်းဟူ၍တော့ မဆိုသာ။

အပိုဝင်ငွေလေးရလိုရငြား ပြုလုပ်ကြခြင်း ဖြစ်လိမ့်မည်ပါ။

မည်သို့ပင်ရှိစေ။

လူများသည် ကျပ်ဂဏန်း ဝင်ငွေအတွက်လည်း လုပ်ကြရသည်။

ဆယ်ဂဏန်း၊ ရာဂဏန်းဝင်ငွေအတွက်လည်း လုပ်ကြသည်။

သူတို့လို ဂဏန်းငါးလုံး ခြောက်လုံးကို ထမင်းစားရေသောက် စကားမျိုးပြောပြီး လုပ်ကိုင်နေသူများလည်း ရှိကြသည်။

မြစ်ကြီးနားကိစ္စ အထစ်အငေါ့ဖြစ်ပြီး လက်လွှတ်ခဲ့ရသည့်အတွက် စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေသည်။

အဲဒီကိစ္စသာ အောင်မြင်သွားရင် သူတို့အတွက် သုံးသိန်းအထက် သေချာသည်။

လူချင်းတူပေမယ့် ကံချင်းမတူ။

ကံဆိုသည်မှာ အလုပ်။

ကံ၊ ဉာဏ်၊ ဝီရိယ။

ကံလုပ်ပေမယ့် ဉာဏ်နှင့် ဝီရိယမရှိလျှင် ကံမမြောက်။

ဆိုလိုသည်မှာ အလုပ်လုပ်တာချင်းအတူတူ ဉာဏ်နှင့်ဝီရိယရှိသူက ကံသက်သက်သမားထက် ပို၍သာသည်။

တစ်ခါတစ်ရံ ကံကိုလုပ်ရင်း အဟောသိကံ ဖြစ်တတ်သည်လည်းရှိသည်။

အဟောသိကံဆိုသည်မှာ အပွင့်သာပွင့်နိုင်ပြီး အသီးအဖြစ်သို့မရောက်နိုင်သည့်မျိုးကို ဆိုလိုခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခု သူတို့အဖြစ်မှာလည်း အဟောသိကံဟု ဆိုရမည့်အဖြစ်မျိုး။

အပွင့်တော့ ပွင့်သည်။

အသီးမသီးသည့် ပွင့်ကြွေဖြစ်သွားသည်။

ကိုအင်တောင်ပြောသည့် ဟိုပင်သို့မဟုတ်မိုးကောင်းတွင် ပွင့်လည်းပွင့်၊ သီးလည်းသီးသည့် အလုပ်ဖြစ်ပါစေဟု မျှော်လင့်ချက်ထားနေရသည်။

မရမ်းဘူတာမှာ ရထားက တော်တော်နှင့်မထွက်။

ကိုအင်တောင်ထံမှ ညည်းသံထွက်လာသည်။

ခါတိုင်းဒီဘူတာမှာ ရထားကြာကြာမရပ်ဘူး။ အလွန်ဆုံး ဆယ်မိနစ်လောက်ပဲ။

ခုဘာများဖြစ်လို့လဲ မသိဘူးဟု ပြောလာသည်။

သူ့ထံမှ ထပ်ဆင့်ထွက်လာသည့် စကားကပို၍ ရင်ထိတ်တုန်စရာဖြစ်ရသည်။

"ဒီနေရာကမကောင်းဘူး၊ ဟိုကောင်တွေ ဖြတ်သန်းဝင်ထွက်နေကြနေရာ ရှေ့မှာများ တစ်ခုခုဖြစ်နေသလား မသိဘူး။ အောက်ဆင်းပြီး စနည်းနာလိုက်ဦးမယ်"

ကိုအင်တောင်က ပြောပြောဆိုဆို ထိုင်ရာမှထပြီး ထွက်သွားသည်။

သူတို့မှာလည်း ငွေအသင့်အတင့်ပါလာသည်မို့ စိုးရိမ်စိတ်လွန်ကဲသွားရသည်။

ကိုအင်တောင်ဆင်းသွားတော့မှ သတိတရရှိလာသည်။

ထိုင်နေမည့်အစား အန္တရာယ်ကင်းဂါထာတော်ကို ရွတ်ဖတ်နေဖို့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ထိတော့ အမိတ။

အန္တရာယ်ရှိတော့ ဘုရားတ။

သတိတရရှိကြသည်မှာ လူ့ဘာဘာဝ။

သမ္ဗုဒ္ဓေဂါထာ မဟုတ်။

ဘုရားရှိခိုးလည်း ဖြစ်၏။

နောက်ဆုံးပုဒ်တွင် . . ။

နမက္ကာရာနုဘာဝေန၊ ဟုသို့ရှိခိုးပူဇော်၊ ဖူးမျှော်မှန်လျှော၊ ကန်တော့ရသော ပဏာမကုသိုလ်စေတနာကြောင့် သဗ္ဗေ၊ ခပ်သိမ်းကုန်သော ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို ဟိတွာ၊ ပယ်ပျောက်၍ အနေကာ၊ အန္တရာပိ၊ တစ်ပါးမကာ၊ များလှအသွယ်သွယ်၊ အန္တရာယ်တို့သည်လည်း အကြွင်းအကျန် မရှိသောအားဖြင့် ဝိနဿန္တု၊ ပျောက်ပျက်ပါစေကုန်သတည်း။

အန္တရာယ်ရှိလာနိုင်သောကြောင့် အန္တရာယ်ကင်းဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ရန် သတိတရရှိလာခြင်းဖြစ်၏။

ဤသည်မှာ လူ့သဘာဝ။

အန္တရာယ်မရှိလျှင်လောဘာနှင့် တွဲစပ်စမြဲရှိကြသည်။

အန္တရာယ်ရှိလာပြီဆိုရင်တော့ ဘုရားနှင့် တရားမမွတ်တွဲစပ်လာစမြဲရှိကြသည်။

မကြာသေးခင် အချိန်ပိုင်းအတွင်း လောဘာသက်ရောက်မှု စိတ်လွှမ်းထင်နေသည်။

သည့်နေရာက မကောင်းဘူး ဟိုကောင်တွေဝင်ထွက် ဖြတ်သန်းနေရာဟု ကြားလိုက်သည်နှင့် လောဘာသက်ရောက်မှု တခဏအတော ချုပ်ပျောက်သွားသည်။

အန္တရာယ်ကို ကာကွယ်ရန် သတိသပြု ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းခရီးမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ လက်ထက်မတိုင်မီက နေ့လားဟဲ့၊ ညလားဟဲ့၊ ဘုရားတနေရ သည့်နေရာ။

ထိုသို့သော် အခြေအနေကို သိပါလျက် လောဘသက်ရောက် မှုကြောင့် အန္တရာယ်ခရီးလမ်းကြောနှင့် အားပြိုင်လှုပ်ရှားနေရခြင်း ဖြစ်၏။

ကိုအင်တောင် ရထားပေါ် ပြန်တက်လာသည်။

ဘာတဲ့လဲ ကိုအင်တောင်ဟု အလောတကြီး မေးလိုက်ရ သည်။

"ရှေ့ပြေးရထားတော့ ထွက်သွားပြီ၊ လမ်းရှင်းအကြောင်း ပြန်ချက်မရသေးဘူးလို့ပြောတာပဲ၊ တိတိကျကျတော့ မဟုတ်ပါဘူး ထင်ကြေးပါ"

ရထားပေါ်မှ လူတော်တော်များများပင် စကြံပလက်ဖောင်း ပေါ်သို့ ရောက်နေကြပြီ။

သူတို့၏ မျက်နှာသွင်ပြင်များမှာ ပုံမှန်အနေအထားမရှိ။

ကျိုးကြည့်ကြောင်ကြည့် ဖြစ်နေကြသည်။

တိုးတိုး တိုးတိုး ပြောဆိုနေကြသူများလည်း ရှိသည်။

တချို့ကလည်း တစ်စုံတစ်ရာ ဖြစ်လာလျှင် ပြေးပေါက် ပြေး လမ်းအတွက် ခြေလှမ်းပြင်နေဟန်ရှိသည်။

နာရီဝက်ကျော်သွားပြီ။

ရထားကြီးမှာ ရပ်မြဲရပ်လျက်။

ထွန်းထွန်းက သမ္မာဒ္ဓေကို ဖိရွတ်နေသည်။

အသံမထွက်သော်လည်း ပါးစပ်က လှုပ်နေသည်။

ခင်မောင်အေးကတော့ ခပ်အေးအေး စီးကရက်အဖွာမပျက်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်မှာ လုပ်ငန်းအတူ တွဲလုပ်နေကြသော်လည်း စရိုက်ချင်းတော့ မတူညီကြ။

ထို မတူညီချက်ကပင် သူတို့လုပ်ငန်းကို အထောက်အကူပေးနေသည်ဟု ဆိုရမည် ပြောနိုင်ရာသည်။

ထွန်းထွန်းက ဆန္ဒစောသည်။

စိတ်လောကြီးသည်။

အစိုးရိမ်လွန်ကဲသည်။

အဆုံးအဖြတ်မြန်သည်။

ခင်မောင်အေး၊ နာမည်နှင့်လိုက်အောင် ခေါင်းအေးသည်။

ဆန္ဒမစော။

စိတ်လောမကြီးသလို အစိုးရိမ်လည်း မလွန်ကဲ။

ဘာကိုမဆို ခေါင်းအေးအေးနှင့် အချိန်ယူစဉ်းစားပြီးမှ အဆုံးအဖြတ်ပြုတတ်သည်။

ဤမတူညီချက်ကပင် သူတို့နှစ်ဦး၏ အားပြိုင်မှုဖြစ်သလို လုပ်ငန်းအတွက်လည်း အထောက်အကူဖြစ်သည်။

မရမ်းဘူတာတွင် ရပ်နားနေသည့် ရထားကြီးမှာ တစ်နာရီပြည့်ရန် ငါးမိနစ်အလိုတွင်မှ မရမ်းဘူတာမှ ထွက်ဖြစ်ခဲ့သည်။

ရင်တမမ ရှိနေကြသည့် ခရီးသည်များမှလည်း အဲသည်တော့မှပဲ သက်ပြင်းချနိုင်ကြသည်။

မရမ်းဘူတာမှ ရထားထွက်လာတော့မှ ကိုအင်တောင်က ဒီနယ်မြေအခြေအနေနှင့် ပတ်သက်၍ အပြည့်အစုံ ပြောပြသည်။

ဟိုပင်နှင့် မရမ်းလမ်းကြောအခြေအနေ အလွန်မကောင်းသည့်အကြောင်းနှင့် သူတို့ကြီးမှူးထားသည့် နယ်မြေဖြစ်သည့်အကြောင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြစ်ကြီးနားရထားကို အများဆုံးဒုက္ခပေးသည့်နေရာဖြစ်သောကြောင့် ဟိုပင် မလွန်မချင်း ရင်တထိတ်ထိတ် သွားလာရသည့် အတိတ်ဖြစ်ရပ်ကြောင်းများကို ပြောပြသည်။

ဟိုပင်တံတားကြီးကို ကျော်ဖြတ်ပြီးသည်နှင့် ဟိုပင်ဘူတာသို့ ရထားဆိုက်ခဲ့သည်။

ဟိုပင်မှာ မြို့နယ်ရုံးစိုက်ရာမြို့ မဟုတ်စေကာမူ တောမကျမြို့မမည်သော ရွာကြီးအဆင့်ဟု ဆိုရမည်သို့ရှိ၏။

ရထားလမ်းတစ်ဖက်ခြမ်းတွင် တိုက်တာအိမ်ခြေများ ရှိသလိုတစ်ဖက်ခြမ်းတွင်လည်း အိမ်ခြေများရှိသည်။

ဈေးရှိသည့် ဘက်အခြမ်းတွင်မူ သွားသွားလာလာ လှုပ်လှုပ်ရှားရှား ရှိသော်လည်း ရုပ်ရှင်ရုံရှိသော တစ်ဖက်ခြမ်းတွင်မူ သွားလာလှုပ်ရှားမှု ကြဲသည်။

ကိုအင်တောင်က ရုပ်ရှင်ရုံရှိသည့်ဘက်ခြမ်းသို့ သူတို့နှစ်ယောက်အား ခေါ်သွားသည်။

သူတို့သုံးယောက်နှင့်အတူ ရထားပေါ်မှဆင်းလာသူ သုံးလေးဦးမှာ ခြေလျင်ပင် လျှောက်သွားကြသည်။

ဆိုက်ကားတို့ ဘာတို့မရှိ။

ဘူတာကနေ ငါးမိနစ်သာသာလောက်ပဲ လျှောက်လိုက်ရသည်။ သူတို့ရပ်နားရမည့် အိမ်သို့ရောက်သွားသည်။

တိုက်ခံပျဉ်ထောင် နှစ်ထပ်အိမ်။

အိမ်ကြီးအိမ်ကောင်း တစ်အိမ်ဖြစ်သော်လည်း အိမ်အတွင်းပိုင်းမှာ တောလက်ကျေးရွာဓလေ့အတိုင်း အထူးတလည် မွမ်းမံပြင်ဆင်မှုမရှိ။

အိမ်ရှင်များမှာမူ အလွန်ဖော်ရွေဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုအင်တောင်နှင့်လည်း အတော်လေးကျွမ်းဝင် ရင်းနှီးဟန် ရှိသည်။

နောက်မှိုပါသည့် ခုံတန်းရှည်ပေါ်တွင် ထိုင်မိသည်နှင့် တစ်ချိန်တည်းလိုလိုပင် ရေနွေးကြမ်းအိုးနှင့် မုန့်ပဲသွားရည်စာထည့်ထားသော လင်ဗန်းရောက်လာသည်။

သူ့ကိုဘာကိစ္စနှင့် ဘယ်ကလာကြသည်ကို အိမ်ရှင်များက အမေးအမြန်းမရှိ။

ကိုအင်တောင် ပါလာသည်မို့ ဘာအတွက် ရောက်လာကြသည်ကို နားလည်မှုရှိပြီးသား။

သူတို့ဒေသ သူတို့ရွာကို အလည်သက်သက်လာသူဟူ၍ လာခဲသားကိုး။

ကျောက်ကိစ္စနှင့် လာကြသူများသာ ရှိသည်။ အမေးအမြန်း မလုပ်ခြင်းလည်း ဖြစ်လိမ့်မည်။

သူတို့ရောက်ပြီး မကြာခင် အိမ်ရှင် အမျိုးသားကြီး စက်ဘီးစီးရင်း ရောက်လာသည်။

ရုပ်ရည်အနည်းငယ် ရင့်ထောင်သယောင်ရှိပေမယ့် သူတို့ကိုကြိုက်လိုက်လှဲလှဲ ပျူငှာသောအပြုံးဖြင့် ခေါင်းညိတ်နှုတ်ဆက်သည်။

သူတို့ မနက်စာ မစားရသေး။

ရေမိုးချိုးပြီးမှ အပြင်ထွက်စားရန် အစီအစဉ်ရှိသည်။

အိမ်ရှင်အမျိုးသားကြီးက ရေမိုးချိုးကြဖို့ ပြောသည်။ ရေချိုးရမည့် နေရာကို ကိုယ်တိုင်ပင် ခေါ်သွားသည်။

ရာဇဝင်အိုးကြီးထဲတွင် အသင့်ထည့်ထားသည့်ရေမှာ ကြည်လိုက်ရုံနှင့် အေးစိမ့်မှုမှာ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ကူးစက်သွားသည်။ ●

www.burmeseclassic.com

www.burmeseclassic.com



ရေခဲရေသမျှဟု ဆိုရမည်သို့အောင် အေးသည်။

ရေချိုးပြီးသွားပြီ။

အဝတ်အစားလဲပြီး အပြင်ထွက်၍ စားသောက်ရန် နောက်ဆုံးမှ ရေချိုးကျန်ရစ်ခဲ့သည့် ကိုအင်တောင်အပြီးကို စောင့်နေရသည်။

ဒါပေသိ အပြင်မထွက်လိုက်ရ။

အိမ်ရှင်များက ထမင်းပွဲ ပြင်ဆင်ထားပြီးပြီ။

ထမင်းရောဟင်းတွေပါ ပူပူနွေးနွေး။

ထမင်းကျန်ဟင်းကျန်ကို နွေးထားခြင်းမျိုးမဟုတ်။

တစ်နာရီ မပြည့်တပြည့်အချိန်အတွင်း စိမ်ချက်ပြုတ်လိုက်သည့် ထမင်းဟင်းများဖြစ်၏။

ကြက်သား၊ ဝက်သားစသည့် အသားဟင်းတော့မပါ။

ကြက်ဥကြော်၊ ငါးခြောက်ဖုတ်၊ ပဲပြုတ်သုပ်၊ ခရမ်းချဉ်သီးသုပ်၊ အစိမ်းကြော်သဘော ကြော်ထားသည့် သီးစုံကြော်နှင့် အငွေ့တစ်သောင်းထောင်းထွက်နေသည့် ချို၊ ချဉ်၊ စပ်ဟင်းချို။

ခရီးထွက်လာကတည်းက အသားဟင်းတွေချည်း စားခဲ့ရသည်မှာ တစ်ပတ်ကျော်သွားပြီ။

ခုဟိုပင် အိမ်ရှင်များ ချက်ပြုတ်ကျွေးသည့် ထမင်းပွဲမှာ အသားဟင်း လုံးဝမပါသော်လည်း ခေါင်းမဖော်နိုင်ဟု ဆိုရမည်သို့အောင် စားမြိန်သည်။

ထမင်းစားပြီး မျက်စိကို မထိန်းနိုင်တော့။

ကိုအင်တောင်ကို တိုးတိုးလေး ထပ်ပြောလိုက်ရသည်။

အိမ်ရှင်များ ခင်းကျင်းပေးသည့် အိပ်ရာပေါ်တွင် ခေါင်းနှင့်ခေါင်းအုံးထိလိုက်သည်နှင့် လောကကြီးမေ့သွားသည်။

တစ်ရေးနိုး နာရီကြည့်လိုက်တော့ လေးနာရီထိုးခါနီးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုပင်၏ အအေးဓာတ်ကလည်း မထိတထိကလိလာပြီ။

ခုထိ အလုပ်ကိစ္စ စကားမပြောရသေး။

အိပ်မောကျနေဆဲ ကိုအင်ထောင်ကို နှိုးလိုက်ရသည်။

ညနေစာကို အပြင်ထွက်စားကြမည်။ အချမ်းလုံဆေးလေးလည်း တစ်ပတ်နှစ်ပတ်လောက် ဆွဲရမည်။

ရန်ကုန်နှင့် မန္တလေးမှာနေစဉ်က အရက်ကိုနေ့စဉ် မသောက်ဖြစ်။

ညနေဘက်များတွင် ဘီယာလောက်တော့သောက်ဖြစ်သည်။

ဒါကလည်း သူတို့လုပ်ငန်းသမားတွေ စုရပ်ဆုံကြခြင်း ဖြစ်သည်။

မန္တလေးတွင် မနက်ပိုင်း ဒဟပ်တောလက်ဖက်ရည်ဆိုင်နှင့် ညနေပိုင်းတွင်မူ ပုံမှန်မရှိ။

မနက်ပိုင်း ချိန်းသည့်နေရာတွင် ဆုံကြသည်။

အလုပ်ကိစ္စရော၊ အပန်းဖြေကိစ္စအတွက်ပါ ဘီယာလေးသောက်ရင်း သတင်းဖလှယ်ကြသည်။

အလုပ်ကိစ္စ ပြောကြဆိုကြသည်။

ရန်ကုန်မှာတော့ ဗိုလ်ချုပ်ဈေးနှင့် ရွှေဘုံသာလမ်းသို့ တစ်နေ့တစ်ခေါက် ရောက်ဖြစ်၊ လျှောက်ဖြစ်၊ ထိုင်ဖြစ်ကြသည်။

မြစ်ကြီးနားရောက်ကတည်းက ဘီယာနှင့် အလုပ်မဖြစ်သောကြောင့် ရမ်တူးပက်ဖြင့် အစားထိုးရသည်။

ထို့ထက်တော့မပို။

ကိုအင်တောင်က အိပ်ရာကထပြီး မျက်နှာပါသစ်၍ အဝတ်အစားလဲသည်။

အိမ်ရှင်ဖြစ်သူအား အသိပေးခွင့်ပန်ရန် အောက်ထပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားသည်။

သူပြန်တက်လာတော့ အိမ်ရှင်ဦးသာဆိုင်ပါ ပါလာသည်။

ဦးသာဆိုင်က အိမ်မှာအားလုံး စီစဉ်ထားပြီးဖြစ်ကြောင်းနှင့် သူတို့အိမ်ကို ရောက်လာသည့် ဧည့်သည်များ၊ ထမင်းဆိုင်တွင် ထမင်းထွက်စားရသည့် ထုံးစံမရှိကြောင်း၊ မည်သည့်ကိစ္စနှင့်ရောက်လာလာ အစစအရာရာ သူတို့တာဝန်သာ ဖြစ်ကြောင်းပြောရင်းမှ နယ်မြေဒေသအခြေအနေကိုပါ ပြောပြသည်။

"ညနေစောင်း မှောင်ရီပျိုးစအချိန် အပြင်မထွက်တာ အကောင်းဆုံးပါပဲ၊ သူတို့ဟာ တပ်မတော်ကို မယုံကြည်ရဲပေမယ့် အလစ်ဝင်ပြီး ဟိုပစ်ဒီခတ် လုပ်တတ်ပါတယ်၊ သူတို့လူတွေလဲရှိတာကြောင့် လူစိမ်းကို လက်ညှိုးထိုးပြရင်လည်း ဆွဲသွားတတ်ပါတယ်၊ ဒါကြောင့် အပြင်မသွားတာ အကောင်းဆုံးပါပဲ၊ သောက်တတ်စားတတ်ရင် ကျွန်တော့်အိမ်မှာ လွတ်လွတ်လပ်လပ် သောက်စားနိုင်ပါတယ်"

"ကျွန်တော်တို့ကလည်း များများစားစားသောက်တတ်တဲ့ အသောက်သမားတွေ မဟုတ်ပါဘူး၊ အအေးဒဏ်ခံနိုင်ရုံလောက် အနည်းအပါးသောက်ကြတာပါ"

"နည်းနည်းပါးပါးသောက်တာကောင်းပါတယ်၊ တန်ဆေးလွန်ဘေးဆိုတဲ့ စကားရှိသားပဲ"

သူတို့အတွက် ကိုအင်တောင်ကို ဝယ်ခိုင်းလိုက်သည်။

အိမ်ရှင်ဦးသာဆိုင်က အရက်သေစာ မသောက်တတ်သော ကြောင့် သူတို့အတွက်သာ ဝယ်ခိုင်းလိုက်ရသည်။

အလုပ်ကိစ္စ မပြောဖြစ်ကြသေး။

သည်ကိစ္စက ကိုအင်ထောင်ပါမှ ပြောလို့ဖြစ်မည်မို့ အိမ်ရှင် ဦးသာဆိုင်နှင့် ထွေရာလေးပါး ပြောဆိုကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်တုန်းကတော့ ပစ္စည်းကို မန္တလေးအထိ ယူသွားပြီး ကိုယ်တိုင်ကိုယ်ကျ ဈေးခေါ်ရောင်းကြသည်။

နောက်ပိုင်းတွင် မန္တလေးကျောက်လောကတွင် လူလိမ်လူကောက် လူရှုပ်လူပွေတွေ ဝင်လာသောကြောင့် အလိမ်အလှည့်ခံရပြီး ထိသူတွေ ထိကုန်ကြသည်။

ထို့ကြောင့် မန္တလေးကို သိပ်မဆင်းကြတော့။

မန္တလေးဘက်မှလာသည့် အမှန်အကန်သမားများကို ရော့ပတ္တမြား ရော့နဂါး ရောင်းကြသည်။

မန္တလေးမှာ ဈေးပိုရမှန်းသိလို့ မန္တလေးဆင်းကြသူတွေလည်းရှိသည်။

အရှုပ်အထွေးကင်းကင်း အရောင်းအဝယ် လုပ်ချင်သူတွေကတော့ ဟိုပင်မှာပဲ ရောင်းကြသည့်အကြောင်း ပြောပြသည်။

သူတို့က မြစ်ကြီးနားကို တက်ခဲ့ရသည့်အကြောင်းနှင့် အလုပ်မဖြစ်ခဲ့သည့်ကိစ္စကို ပြောပြပြီး ကိုအောင်တောင်ကြောင့် ဟိုပင်ရောက်လာရသည့်အကြောင်း ပြောပြရသည်။

ထိုသို့ ပြောဆိုနေကြစဉ်ပင် ကိုအင်တောင် ပြန်ရောက်လာသည်။

ကိုအင်တောင် ပြန်ရောက်လာသဖြင့် သူတို့လာရင်း အလုပ်ကိစ္စအတွက်ပါ ဆက်ပြောဖြစ်သွားကြသည်။

သူတို့က အနည်းဆုံး သုံးသိန်းအထက် ပစ္စည်းမျိုးသာ ကြည့်ချင်သည်။

ဦးသာဆိုင်ကလည်း ကြည့်ချင်သည့်ပစ္စည်းမျိုးရှိသည်။

ကြည့်ဖို့အတွက် စီစဉ်ပေးမည့်အကြောင်းနှင့် ယနေ့အချိန်မရှိတော့သဖြင့် နက်ဖြန်ကြည့်ရမည့်အကြောင်း ပြောပြရင်းမှ ထသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြက္ခဒိန်ချိတ်ဆွဲထားသည့် နေရာသို့ သွားကြည့်သည်။

ပြက္ခဒိန်ထကြည့်ပြီး ပြန်လာ၍ဝင်ထိုင်ရင်း၊ ဆိုင်းမဆင့်မှုံ မဆင့် နက်ဖြန်ကြည့်လို့ရမည်မဟုတ်ကြောင်း ပြောလာသည်။

ခုပဲနက်ဖြန်။ ခုပဲမဟုတ်ပြန်ဟု ပြောလာသောကြောင့် သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာသဘော လဲဆိုသည့် မျက်လုံးအထာစကား ပြောလိုက်ကြသည်။

ဦးသာဆိုင်က သူတို့နှစ်ယောက်အခြေအနေကို ရိပ်မိလိုက် သည့်အလျောက် အကျိုးအကြောင်းရှင်းပြသည်။

"ဒီလိုပါ ကိုရင်တို့ နားမရှင်းဖြစ်သွားကြတယ် ထင်တယ်၊ နက်ဖြန်က ပြဿဒါးနေ့၊ ပြဿဒါးနေ့မှာ အရောင်းအဝယ်ကိစ္စ၊ ပြ လော့ပြောလော့မရှိတာ ကျုပ်တို့ထုံးစံပါ၊ စိတ်ထဲမှာထင်လိုက်လို့ ကျုပ် ပြက္ခဒိန်ထကြည့်တာပါ"

ထွန်းထွန်းနှင့် ခင်မောင်အေးတို့မှာ ထိုသို့သော အယူအဆ မျိုးမရှိ၊စကာမူ ဦးသာဆိုင်တို့ ဓလေ့ထုံးစံကို ဆန့်ကျင်ပြောလို့မဖြစ်။

သူတို့ယုံကြည်သည့် အယူအဆကို မပြောသာ။

ဆက်စောင့်မလား၊ မစောင့်ဘူးလား ဆုံးဖြတ်ဖို့ပဲ ရှိသည်။

ကိုအင်တောင်ကို မေးရသည်။

တစ်ရက်နှင့်တော့ မထူးပါဘူး။

ပစ္စည်းရှိတာ သေချာနေပြီပဲဟာ ဆက်စောင့်လိုက်ကြပါဟု ကိုအင်တောင်က ပြောလာသည်။

သန်ဘက်ခါရော သေချာပါ့မလားဟု ဦးသာဆိုင်ကို တပ် မေးရသည်။

"ကဲ့ ၊ ကျုပ်ခုပဲ သွားလိုက်မယ်၊ ပိုသေချာသွားတာပေါ့"

ဦးသာဆိုင်က ပြောပြောဆိုဆို ထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက် ဝိုင်းဖွဲ့ကျန်ရစ်ခဲ့သည်။

လူအမျိုးမျိုး စိတ်အထွေထွေဆိုသလို အယူအဆလည်း အမျိုးမျိုးရှိကြသည်။

မိရိုးဖလာ အစွဲအလမ်းကြီးသူတွေက တော်ရုံကိစ္စကိုပင် ပြုသေဒါး ရက်ရာဇာရွေးကြရှောင်ကြသည်။

အထူးသဖြင့် တောလက်ကျေးရွာတွေမှာ ထိုအယူအစွဲပို၍ ကြီးမားသည်။

ယုံကြည်မှုတရားသေလွန်ကဲသည်။

မိရိုးဖလာထုံးစံကို ဖျက်၍ ရရိုးအစဉ်အလာ ထုံးစံမရှိ။

အလုပ်လုပ်စရာရှိသည်ကို အချိန်မဆွဲနှင့် နေမရွေးနှင့်။ ကိုယ်လုပ်သည့်နေ့သည် နေ့ကောင်းရက်သာချည်းသာဖြစ်သည်ဟူသော အယူအဆကို လက်ခံပြီး လုပ်ကိုင်သူများလည်း ရှိကြသည်။

ဦးသာဆိုင် ပြန်ရောက်လာသည်။

ပစ္စည်းရှိသည်။ တစ်ဦးတည်းထံမှာ မဟုတ်၊ သုံးဦးထံမှာ ရှိသည်။ သို့တစေနက်ဖြန်တော့ ကြည့်လို့မရဟု ထပ်ပြောသည်။

တစ်ရက်နှင့်တော့ အကြောင်းမထူးတော့။ ဆက်၍ စောင့်ရန် ဆုံးဖြတ်လိုက်ရသည်။

ဦးသာဆိုင်ကို သူတို့စောင့်မည့်အကြောင်းနှင့် နက်ဖြန်က ရှေ့ သူတို့အတွက် အကျွေးအမွေးကိစ္စမစီစဉ်ဖို့ တောင်းပန်စကား ပြောရသည်။

ဦးသာဆိုင်က ခေါင်းကို သွက်သွက်ခါလိုက်သည်။

"အလုပ်ဖြစ်ဖြစ် မဖြစ်ဖြစ်၊ ဒါက အကြောင်းမဟုတ်ဘူး၊ အလုပ်ဖြစ်ရင် ကျုပ်လဲထိုက်သင့်သလောက်ရမယ်၊ မဖြစ်ရင်မရဘူး။ ဒါပေမယ့် ကျုပ်ရဲ့စေတနာက ဒီအပေါ်မှာ မျှော်လင့်ချက်ထားတာ

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘူး ကျုပ်ရဲ့ အရင်းခံစေတနာက ဒါန၊ လူလူချင်း အခိုက် အသုညသင့်လို့ ကျွေးမွေးရတာဟာလည်း ဒါနတစ်မျိုးပဲ၊ ဒါကျုပ်ရဲ့ မည်သူ့အပေါ်မှာ မဆိုထားတဲ့ စေတနာပါ၊ ကဲ့ ။ ထမင်းစားလိုက်ကြ ရအောင်"

ထမင်းစားသောက်ပြီး ခဏတဖြုတ် စကားထိုင်ပြောကြ သည်။

ပြောကြသည့်အကြောင်းမှာ ကျောက်စိမ်းမှော်ဖားကန့် အကြောင်းနှင့် ဟိုပင်မှ သွားလို့ရသည့် တောလမ်းရှိကြောင်း၊ လမ်းခရီး အခြေအနေမဆိုးသော်လည်း တောတွင်းသောင်းကျန်းသူ အဖျက်သမား မှာ ရန်ကြောင့် သဲထိတ်ရင်ဖို သွားရကြောင်း ပြောပြသည်။

ငြိမ်းချမ်းရေးမရခင်က သူတို့ပိုင်စိုးထားသော နယ်မြေဖြစ် သောကြောင့် သူတို့ကို ကွင်းရှောင်၍ သွားလို့မရကြောင်း၊ သူတို့ တောင်းသည့်ဆက်ကြေးအခွန်ပေးသည့်တိုင် စိတ်မထင်ရင် မထင်သလို သုပ်တတ်ကြောင်း နောက်ပိုင်းတဖြည်းဖြည်း ပိုဆိုးလာသဖြင့် လုံးဝ မသွားတော့ကြောင်း ပြောပြသည်။

ဦးသာဆိုင်က ဟိုပင်၏ အစည်ကားဆုံး တပေါင်းလ၊ အင်း တော်ကြီးဘုရားပွဲတော်နှင့် အုံကိုးပါးနှင့် ပြည့်စုံသည့် အင်းတော်ကြီး ဘုရားအကြောင်းကိုလည်း ပြောပြသည်။

ဒီနောက် သူတို့စကားဝိုင်းကိုသိမ်း၍ သူတို့လည်း အိပ်ရာ ဝင်ခဲ့ကြသည်။

ဦးသာဆိုင် ဘုရားစင်ရှေ့မှာထိုင်၍ ပုတီးစိပ်နေသောကြောင့် သူတို့သုံးယောက်မှာ အလိုက်တသိ စကားမပြောဘဲ ငြိမ်သက်နေကြ ရသည်။

ငြိမ်သက်စွာ လှဲနေရင်းမှ အိပ်ပျော်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဆိုင် ပုတီးစိပ်ရာမှ ထသွားလိုက်သည်ကိုပင် မသိလိုက်။

သူတို့သုံးယောက် အိပ်ကောင်းကောင်းနှင့် အိပ်နေစဉ် သုံးယောက်စလုံး တစ်ပြိုင်တည်းလိုပင် လူးလဲထမိလျက်သား ဖြစ်သည်။

ဆူဆူညံညံထွက်ပေါ်လာသည့် သေနတ်သံများကြောင့် ဖြစ်၏။

အလင်းရောင်မရှိသော အမှောင်ထဲမှာ ဘာလုပ်ရမှန်းမသိ မျက်ကလဲဆန်ပျာဖြစ်ကုန်ကြသည်။

ဦးသာဆိုင်က သူတို့အိပ်ခန်းထဲမှ ထွက်လာပြီး သူတို့နားသို့ ရောက်လာသည်။

"တံတားဘက်က ထွက်လာတဲ့ သေနတ်သံတွေပါ၊ တိုက်ပွဲဖြစ်တာတော့ ဟုတ်ဟန်မတူပါဘူး၊ ဒီလိုပဲ မကြာခဏ ချောင်းမြောင်းပစ်ခတ်တတ်တယ်၊ ဆက်ကြေးတို့ ဘာတို့ တောင်းလို့ ကောင်းရုံခြောက်လှန့်ပစ်ခတ်တာပါ၊ ကျုပ်တို့ဆီမှာတော့ ဒါမျိုးက ရိုးနေပါပြီ"

"ကျွန်တော်တို့ ဒီလိုပဲ နေလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ မစိုးရိမ်ပါနဲ့၊ တပ်မတော်က တပ်စုနဲ့ ရဲစခန်းကလည်း ခုလောက်ဆို အဆင်သင့်ဖြစ်နေမှာပါ၊ မြို့ထဲတော့ အဝင်မခံပါဘူး၊ တံတားကြီးဘက်က သစ်စက်ထဲမှာလည်း ကင်းရှိပါတယ်"

"ကင်းက ပြန်မပစ်ဘူးလား"

"မှောင်ရိပ်ခိုပြီး လာပစ်တာကို ပြန်ပစ်လဲကျည်ဆန်ကုန်ရုံရှိမှာပေါ့၊ ခွေးဟောင်တိုင်း ထမကြည့်နဲ့ဆိုတဲ့စကားလိုပေါ့၊ သူတို့ပစ်တိုင်း ဒီဘက်က ပြန်မပစ်ပါဘူး၊ ဝင်လာရင်တော့ တိုက်ပွဲပေါ့"

ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်ကြာတော့ မရပ်မနား ပစ်လိုက်သည့်သေနတ်သံများမှာ နှစ်ချက်သုံးချက်လောက် ထွက်လာ လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွားလိုက်ဖြင့် ကျိုးကြားကျိုးကြား အသံများ တိတ်ဆိတ်သွားသည်။

ထိုစဉ်ကာလက ထိုနယ်မြေဒေသတွေမှာ အေးချမ်းသော နယ်မြေမဟုတ်၊ နေ့ညမဟူ စိုးတထိတ်ထိတ်ဖြင့် နေကြရသည်။

ခုတော့အဖြူရောင်နယ်မြေဖြစ်သွားရုံမက လုံးဝငြိမ်းချမ်းသော နယ်မြေအဖြစ်သို့ ရောက်ရှိနေပါပြီ။

ကျောက်စိမ်းမှော် နယ်မြေ ဖားကန့်ကိုလည်း ခိုးကြောင့်ခိုး ဝှက် သွားစရာမလိုတော့။

ဖားကန့်ဒေသ ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကများကိုပါ တရားဝင်ပေးထားပြီး ဖြစ်ပါသည်။

သို့တစေ ခိုးကူးခိုးရောင်းခိုးဝယ် လုပ်ငန်းကတော့ လုံးဝ ပပျောက်သွားခြင်းမရှိသေးပေ။

သေနတ်သံများ လုံးဝတိတ်ဆိတ်သွားသည့်အချိန်မှာ လင်း အရုဏ်ရောင်နီ လူးလွန့်စ ပြုလာပြီ။

ဦးသာဆိုင်လည်း အခန်းထဲ ပြန်ဝင်သွားသည်။

ကိုအင်တောင်လည်း ပြန်အိပ်သွားသည်။

သူတို့နှစ်ယောက်မှာ ပြန်မအိပ်တော့ဘဲ လှဲရုံလှဲပြီး မှိန်းနေ လိုက်သည်။

မိုးလင်းစပြုတော့မှပဲ လှဲနေရာမှ ထလိုက်ကြရသည်။

သူတို့မျက်နှာသစ်ပြီးသည်နှင့် ညှိဝတ်ကျေပွန်လွန်းသည့် အိမ်ရှင်များ ပြင်ဆင်ထားသည့် လက်ဖက်ရည်ပွဲမှာ ထိုင်လိုက်ရသည်။

အငွေ့တစ်ထောင်းထောင်းထနေသည့် ကောက်ညှင်းပေါင်း ပဲပြုတ်နှင့် ငကော်ဖီ။

ဘာပဲလုပ်လုပ် စေတနာမှန်ကို အရင်းခံထားမှသာ ပြန်လည် ထင်ဟပ်လာမည့် အကျိုးပေးအတွက် ဆုတောင်းစရာမလို။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ဦးသာဆိုင်က သူတို့အား လက်ဖက်ရည်ဗိုင်းတွင် ပြောပြသည့် အယူအဆ သဘောထားဖြစ်၏။

"ခုး • • ကိုရင်တို့ကို တစ်ခါမှ မမြင်မတွေ့ဖူးပေမယ့် ဘာရ စေညာရစေဆိုတဲ့ မျှော်လင့်ချက်မထားဘဲ စေတနာအရင်းခံနဲ့ ညွှန်ခဲ့ တာပါ၊ ဒါနမျိုးစေ့တစ်စေ့ချလိုက်တာပါပဲ၊ အဲဒီလို ဒါနမျိုးစေ့လေးတွေ ဟာ တစ်စေ့မဟုတ် တစ်စေ့ အပင်ပေါက်လာပါလိမ့်မယ်၊ ကျုပ်ဆီမှာ တည်းခိုနေတုန်း ဘာမှအားမနာနဲ့၊ အပြန်အလှန်ဆိုတာမျိုးလည်း သဘောမထားနဲ့"

"ဟုတ်ကဲ့ ကျွန်တော်တို့ကလည်း ဦးတို့မိသားစုကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ မန္တလေးကို ဆင်းတဲ့အခါကျွန်တော့်အိမ်ကို ဝင် ခဲ့ပါလို့ ဦးပြောသလိုပဲ စေတနာအရင်းခံနဲ့ ဖိတ်ပါဟယ်"

ကိုခင်မောင်အေးက ထိုသို့ တုံ့ပြန်ကျေးဇူးတင်စကားပြော သလို ထွန်းထွန်းကလည်း ထို့အတူပင် ပြောလိုက်သည်။

"ကိုရင်တို့ကို တစ်ခုတော့ အလေးအနက်ထားပြီးပြောချင် တယ်"

"ဟုတ်ကဲ့ ပြောပါဦး"

"ကျုပ်တို့ဟိုပင်မှာ ကြည့်စရာ၊ သွားစရာရယ်လို့လည်း ထူး ထူးခြားခြားမရှိဘူး၊ ကျုပ်တို့ဟိုပင်က ကျဉ်းကျဉ်းလေး၊ လူစိမ်းသူစိမ်း ဆိုရင် ချက်ချင်းသိတယ်၊ ကျုပ်တို့လုပ်ငန်းက သိုသိုသိပ်သိပ်၊ လုပ် ရတဲ့လုပ်ငန်းတွေရှိတာကြောင့် အပြင်မထွက်စေချင်ဘူး၊ ဒါလောက် ဆို ဦးပြောတာ သဘောပေါက်ပါလိမ့်မယ်"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ်၊ ကျွန်တော်တို့လည်း မထွက် ပါဘူး"

"ဦး[illegible]ဈေးဘက် ခဏသွားလိုက်ဦးမယ်၊ ကိုရင်တို့အောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်မှာပဲ ဖြစ်ဖြစ်၊ အပေါ်ထပ်မှာပဲ ဖြစ်ဖြစ် ကြိုက်သလိုနေကြပါ၊ ကိုနိုင်တို့ ဝါသနာပါတာကိုလည်း လွတ်လွတ်လပ်လပ်လုပ်ပါ"

ဦးသာဆိုင်က ပြောပြောဆိုဆို စက်ဘီးထုတ်ပြီး အပြင်ထွက်သွားသည်။

သူတို့လည်း ပို၍လွတ်လွတ်လပ်လပ်နေနိုင်မည့်အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

ခု လောလောဆယ် ပြဿဒါးနှင့် ဆုံသွားသောကြောင့် အကြောင်းမဲ့တစ်ရက်တာသောအချိန်ကို ပျင်းရိငြီးငွေ့စွာ ကုန်လွန်စေရတော့သည်။

လုပ်ရမည့်အလုပ်ကို နှေးညာမရှေ့နှင့် အချိန်မဆွဲနှင့်။ ဝီရိယအကျိုးခံစားရမှု ယုတ်လျော့လိမ့်မည်မှ တစ်ပါး။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

တင်အောင်ထွန်းခေါ် ထွန်းထွန်းနှင့် ခင်မောင်အေးတို့မှာ တစ်ရပ်တည်းသား ငယ်ပေါင်းကြီးဖော်များ မဟုတ်ကြ။

မိုင်လေးရာကျော် ဝေးသည့် ရန်ကုန်နှင့် မန္တလေးသားများ ဖြစ်ကြသည်။

ခင်မောင်အေး၏ မိဘများမှာ မိုးကုတ်ဇာတိဖြစ်ကြသော်လည်း မိဘများမရှိတော့သည့်နောက်ပိုင်း မန္တလေးတွင် ပြောင်းရွှေ့၍ အခြေချနေထိုင်ခဲ့ကြသည်။

ခင်မောင်အေး၏ မိဘများမှာ ချမ်းသာသည်။ ဖခင်ဖြစ်သူမှာ မိဘများနှင့် ကျောက်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည့်အလျောက် အနီးအပြာ ကျောက်အကြောအထာသဘောကို ကျွမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြား၊ နီလာအရောင်းအဝယ် လုပ်ငန်းနှင့် ထဲထဲဝင်ဝင် ပြွန်းတီးခဲ့သူဖြစ်သည်။

အသက်လေးဆယ်ကျော်အရွယ်တွင် ပန်းနာရင်ကြပ်ရောဂါ စွဲကပ်လာသည်။

အအေးလွန်ကဲလွန်းသည့် မိုးကုတ်ရာသီဥတုနှင့် သူ၏ရောဂါမှာ ဘယ်လိုမှ အစေးမကပ်။

ပန်းနာရင်ကြပ်ရောဂါမှာ အမြစ်ပြတ်အောင် ဆေးမတိုးသော ရောဂါဖြစ်၏။

အပူအအေး လွန်ကဲမှုနှစ်ခုစလုံးနှင့်မတည့်။

မိုးကုတ်ထက်စာလျှင် မန္တလေးအအေးက သက်သာသည်။

အပူကျတော့ မန္တလေးက မသက်သာ။

သို့တစေ အပူထက် ဒုက္ခပိုပေးတာက အအေး။

ပူကျပ်ထက် အေးကျပ်က ဝေဒနာခံစားမှုပို၍ပြင်းထန်သည်။

မန္တလေးက အထက်ဘက် စီးပွားရေးအချက်အချာမြို့။

ဒို့အပြင်သူ၏မူရင်းအလုပ်ကိုလည်း လက်မလွှတ်ဘဲ လုပ်လို့ ရသည်။

သူက အတွင်းစားသမားမဟုတ်၊ အပေါ်ယံစားသမား။

အတွင်းစားဆိုတာက ကျောက်တွင်းတူးတာ။

အပေါ်ယံစားဆိုတာက အရောင်းအဝယ်လုပ်တာ။

နောက်တစ်ကြောင်းက သားနှင့်သမီးဖြစ်သူတို့၏ ပညာရေး မိုးကုတ်ထက်စာလျှင် မန္တလေးမှာက သူတို့၏ပညာရေးကို တွန်းတင် ပေးရန် အခြေအနေအရပ်ရပ် ပြည့်စုံသည်။

ထိုထိုသော အကြောင်းများကြောင့် ခင်မောင်အေးဖခင် ဦးထွန်းအေးက မန္တလေးတွင် တိုက်ဝယ်ပြီး ထိုတိုက်ကို တိတ်တိုင်းကျ

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်မွမ်းမံ၍ မန္တလေးသို့ ရွှေ့ပြောင်းအခြေချနေထိုင်ခဲ့ခြင်းဖြစ်သည်။

ခင်မောင်သိန်း အရွယ်ရောက်ကတည်းက ဖခင်ဖြစ်သူ ဦးထွန်းအေးသည် သားဖြစ်သူအား ကျောက်မျက်ရတနာအကြောင်း သိကောင်းစရာများကို သဘောနှင့်လက်တွေ့တွဲစပ်၍ သင်ကြားပြသပေးခဲ့သည်။

ထိုလုပ်ငန်းနှင့် သက်မွေးဝမ်းကြောင်း မပြုသည့်တိုင် သိသင့်သိအပ်စရာများကို ဗဟုသုတသဘော ပြသပေးခြင်းဖြစ်သည်။

ဦးထွန်းအေးက သားဖြစ်သူအတွက် ထားသည့် ရည်မှန်းချက်မှာ တက္ကသိုလ်ဘွဲ့ ရရှိရေးပင် ဖြစ်သည်။

အဖေထက် တစ်လကြီးသော သား ဖြစ်စေချင်သည့်ဆန္ဒပြင်းပြသည်။

သားဖြစ်သူအားလည်း သူ၏ရင်တွင်းမှ ကိန်းအောင်းနေသည့်ဆန္ဒနှင့် သဘောထားကို ဖွင့်ပြောခဲ့သည်။

ဦးထွန်းအေးကိုယ်တိုင်က ကျောင်းပညာကိုးတန်းအထိသာ သင်ခဲ့ရသည်။

သူကကျောင်းပညာ ဉာဏ်ရည်ဉာဏ်သွေး အဆင့်နိမ့်လျော့ခဲ့သည်။

မိဘများကလည်း တတ်နိုင်သည်။

သူကိုယ်တိုင်လည်း ကြိုးစားခဲ့သည်။

သို့တစေ ဗီဇဉာဏ်အားနည်းသောကြောင့် ပညာရေးတွင် မထွန်းပေါက်ခဲ့။

ထို့ကြောင့် သားနှင့်သမီးကို ပညာရေးထွန်းပေါက်စေချင်သည့်ဆန္ဒ လွန်ကဲခဲ့သည်။

အဖေက ကိုးတန်း၊ သားက ခုနစ်တန်းဆိုသည့်ရှုံးဖြစ်ခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com



အဖထက် နှစ်လငယ်သောသားဖြစ်သွားသည်။

အမေက ကိုးတန်း၊ သားကအနည်းဆုံး ဆယ့်လေးတန်း အောင်မှ တစ်လကြီးသောသားဖြစ်မည်။

အဖေ့ထက် သားတစ်လကြီးဆိုရိုးစကားရှိသည်။

ခင်မောင်အေးက ဉာဏ်ရည်တိုဏ်သွေး ထက်မြက်သည်ဟု မဆိုသာသော်လည်း ကြိုးစားမှု ဝီရိယနှင့် ဖွဲလုံ့လကြောင့် ဆယ်တန်း ကို နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။

ဦးထွန်းအေးက သားဖြစ်သူအား ရန်ကုန်တက္ကသိုလ် အဆောင်နေကျောင်းသားအဖြစ် ပို့ခဲ့သည်။

တင်အောင်ထွန်းခေါ် ထွန်းထွန်းသည် နေ့ကျောင်းသား။

သူတို့နှစ်ယောက်မှာ အင်္ဂလိပ်စာအဓိကဘာသာ တွဲယူကြ သည်။

စာသင်ခန်းထဲတွင် ဘေးချင်းကပ်ထိုင်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ကြပြီးနောက် သိ ကျွမ်းခဲ့ရာမှ လပိုင်းအတွင်းမှာပင် ခင်မင်သွားကြသည်။

နောက်ပိုင်းကျတော့ ထိုင်အတူ စားအတူ သွားအတူ လာ အတူ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများသို့နှယ် ခင်မင်ရင်းနှီးခဲ့ကြ သည်။

ကျောင်းမှာသာမဟုတ်၊ အပြင်မှာလည်း ဟစ်တွဲတွဲ။

ထွန်းထွန်းတို့အိမ်မှာ ခင်မောင်အေး၏ စားအိမ်သောက်အိမ် ဖြစ်လာသည်။

ထွန်းထွန်းတို့ မိဘတွေကလည်း ရိုးရိုးအေးအေးနေတတ်သည့် ခင်မောင်အေးကို ခင်ကြမင်ကြသည်။

ထွန်းထွန်းမိဘတွေက လုပ်ငန်းကြီးသမားများ ဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အလျောက် စီးပွားရေး ချောင်ချောင်လည်လည်ရှိကြသည်။

ထွန်းထွန်း၏ဖခင် ဦးမြသိန်းက စိန်ထည်ကိုင် ပန်းတိမ်ဆရာကြီး။

လုပ်သားဆယ်ယောက်ခန့်ရှိသည့် ပန်းတိမ်ဖိုကြီးကို ဦးစီးကွပ်ကဲလုပ်ကိုင်သည့် နာမည်ကြီး ပန်းတိမ်ပညာရှင်။

မိခင်ဖြစ်သူနှင့် အစ်မကြီးက ဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားသည်။

အပ်ထည်နှင့် ရောင်းတန်းနှစ်မျိုးစလုံးအပြင် စိန်ထည်ကိုပါ ကိုင်သည်။

စိန်ထည်ကိုင် ပန်းထိမ်ပညာရှင်မှာ ပန်းထိမ်ပညာဆုံးခန်းတိုင်ရောက်သည့် ပညာရှင်ဖြစ်ရသည့်အပြင် ယုံကြည်မှုခံရသည့် နာမည်ကျော်ဇောသူဖြစ်မှ စိန်ထည်ကိုင် အဆင့်အတန်း ဝင်သည်။

ဟိုစဉ်တုန်းက ခုခေတ် တရုတ်ရွှေထည်များကို စက်နှင့် ပုံနှိုက်၊ ပုံညှပ်၊ ပုံသွင်းလုပ်ငန်းမပေါ်သေး။

တရုတ်ပန်းတိမ်ပညာသည်ဟူ၍လည်း တစ်ဦးစ၊ နှစ်ဦးစသာ တည်းရှိသည်။

ဟိုစဉ်တုန်းက ရွှေအရောင်းအဝယ်လုပ်ငန်းကို ချုပ်ကိုင်စိုးမိုးထားသူများမှာ အိန္ဒိယမျိုးနွယ်ဘွား ဘာဘူကုလားများဖြစ်ကြသည်။

သို့တစေ ကုလားလူမျိုး ပန်းတိမ်ပညာရှင်ဟူ၍ လက်ညှိုးထိုးပြစရာ မရှိသလောက်ရှားသည်။

လက်ဝတ်လက်စားရွှေထည်ကို မြန်မာလူမျိုး ပန်းတိမ်ဆရာများကသာ လုပ်ကိုင်ကြသည်။

နန်းဆွဲ၊ ဆောက်ဖြတ်ငုတ်ဖော်၊ ငုတ်သွင်းပန်းဖော်စသည်များကို လက်ဖြင့်ပင် လုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**အရောင်တင်တာကအစ၊** ဓာတုဗေဒနည်းကိုမသုံး။

**ခုခေတ်ရွှေထည်များမှာ** ဓာတုဗေဒနည်းဖြင့် အရောင်တင်ထားသောကြောင့် အမြင်လှသော်လည်း ရွှေထည်ကို ပြန်ကျိုလျှင် အခေါက်ရွှေသန့်သန့်မထွက်။

ရွှေဘုရင်ဘာဘူများနှင့် ဆက်ဆံရာ၌ ဟန်ထည်မာန်ထည် ဆက်ဆံနိုင်သည့် ပန်းတိမ်ပညာရှင်များထဲမှာ ထွန်းထွန်း၏ဖခင် ဦးမြသိန်းတစ်ယောက်လည်း ပါဝင်သည်။

သူတို့နှစ်ယောက်မှာ ကျောင်းပြီး၍ ဘွဲ့ယူပြီးသည်အထိ တစ်ပူးတွဲတွဲ၊ တွဲဖော်သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

ဒုတိယနှစ် ကျောင်းပိတ်ရက်တွင် ထွန်းထွန်းမန္တလေးသို့ တစ်လနီးပါးခန့်လိုက်နေခဲ့ရာ ခင်မောင်အေး၏ မိသားစုနှင့်ပါ ရင်းနှီးခဲ့ကြသည်။

ကျောင်းနေစဉ်ကာလ သူတို့နှစ်ယောက်မှာ တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိခဲ့ကြသည်။

ကျောင်းပြီးသွားတော့လည်း စာအဆက်အသွယ်မပြတ်ခဲ့ကြ။

သူတို့နှစ်ယောက်တွင် မတူညီဟုဆိုရမည်သော ကွဲပြားချက် တစ်ခုတော့ရှိသည်။

မွေးရာပါ ယောကျ်ားလေး ဗီဇအတိုင်း၊ ဆန့်ကျင်ဘက် အလှအပကို ကြည့်မြင်တတ်ကြသည်။

တက္ကသိုလ်လှပျိုဖြူတို့၏ အလှအပနှင့် သူတို့၏ မျက်ဝန်းအကြည့်များ တွဲစပ်စမြဲ ရှိခဲ့သည်။

စိတ်ဝင်စားမှုအသိုင်းအဝိုင်းထဲမှာလည်း မျက်ဝန်းသဲ့ရာ လည်ခဲ့သည်။

ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသည်။

အလှအပကို ညွှန်းဖွဲ့သည်။

စကားမာယာဖြင့် သွယ်လျှားသည်များလည်း ရှိခဲ့သည်။

တဒင်္ဂဟန်အမြင်၊ တဒင်္ဂဟန် စိတ်ဝင်စားမှုဖြင့် အနား သတ်နိုင်သူမှာ ခင်မောင်အေး။

အနားမသတ်နိုင်ဘဲ ဆက်လက်၍ ပုံရိပ်ဖွဲ့ညွှန်းပြီး နှလုံးသား တွင် စွဲထင်သည်ထိအောင်သို့ ထွေးရစ်ပတ်တတ်သူမှာ ထွန်းထွန်း။

အချစ်ဟူသည် နှောင်ဖွဲ့ခြင်း၏ အစ။

အနှောင်အဖွဲ့ထက် လွတ်လပ်မှုကိုပို၍ နှစ်လိုသူ၊ ခင်မောင် အေးက အနှောင်အဖွဲ့မှ လွတ်လွတ်ကင်းကင်းနေလိုသည့် ဆန္ဒဘက် သို့ ယိမ်းသည်။

ထွန်းထွန်းကတော့ ခင်မောင်အေး အမြင်ကို လက်မခံ။

အချစ်ဟူသည် အေးမြသောစမ်းရေဖြင့် နှလုံးသားကို သန် အောင် ပက်ဖျန်းပေးခြင်းပညာဟူသည်။

မျက်ဝန်းထဲတွင် စွဲထင်သည်က နှလုံးသားတွင် ပုံရိပ်ခတ်နိုင် ရန် သဘောထားရှိသည့်အတိုင်း သူ၏မျက်ဝန်းထဲတွင်ထင်လာသည့် ဘျွန်တော့်မမပုသိမ်သူ ထားထားရီကို ချစ်ပင်ပျိုးရန် ခြေလှမ်းပြင်ခဲ့ သည်။

ပထမတော့ ထားထားရီက စိတ်မဝင်စားဟန် ပြနေခဲ့သည်။

ထွန်းထွန်းက မသိကျိုးကျွံပြုသည်ကို သိကျိုးကျွံဖြစ်လာ အောင်ဖွဲ့ခတ်လိုက်ခဲ့ရာ ခေါင်းညိတ်လက်ခံရသည့် တုံ့ပြန်ချက်ကို ရရှိ ခဲ့သည်။

သူငယ်ချင်းဖြစ်သူ ခင်မောင်အေးနှင့် တပူးတွဲတွဲရှိခဲ့ရာမှ ထားထားရီနှင့် တပူးတွဲတွဲအခြေအနေသို့ ပြောင်းလဲခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်အေးကလည်း နားလည်မှုရှိရှိဖြင့် သူငယ်ချင်း ဖြစ်သူဘက်မှ ရပ်တည်ပေးသည်။

တတိယနှစ်မှစခဲ့သည့် သူတို့၏ ချစ်လမ်းခရီးမှာ နှစ်နှစ်နီးပါး အချိန်တာကာလအတွင်း အေးသက်ကြည်မြမှု လွှမ်းထင်ခဲ့သည်။

နောက်ဆုံးနှစ် စာမေးပွဲဖြေဆိုပြီးနောက် သူတို့၏ ရှေ့ခရီး မည်သို့မည်ပုံဆက်ကြမည်ကို အဖြေရှာကြရာတွင်မူ တိကျသော အဖြေ မထွက်ပေါ်လာခဲ့။

ထားထားရီက သူမ၏မိဘများကို ဖွင့်ပြောမည်။

ထိုမှထွက်ပေါ်လာမည့် သဘောထားကို အခြေခံ၍ ဘာဆက် လုပ်ရမည်ကိုညှိရန် သူမ၏သဘောထားကို ဖွင့်ဟလာခဲ့သည်။

ထွန်းထွန်းဘက်က တစ်ခါတည်း မပြန်တော့ဘဲဆိုသည့် သဘောထားကို သွေးတိုးစမ်းခဲ့ကြသည်။

ထားထားရီက ဒါကိုတော့ ပြတ်ပြတ်ငြင်းသည်။

နောက်ဆုံးတွင် ဝမ်းနည်းစွာ ခွဲခွာခြင်းဖြင့် အနားသတ်လိုက် ရသည်။

ပထမဆုံးလာသည့်စာတွင် မာကြောင်း၊ သာကြောင်း၊ သတိရ ကြောင်း၊ သူတို့ကိစ္စကို အေးအေးဆေးဆေးအချိန်ယူပြီးမှပြောဆိုရမည့် အကြောင်းနှင့် ထွန်းထွန်းဘက်က ထိုက်ထိုက်တန်တန် ရာထူးတစ်ခုခု လက်ဝယ်ရရှိအောင် အမြန်ဆုံးကြိုးစားဖို့အကြောင်း၊ တိုက်တွန်းသည့် သဘောထားဖော်ပြချက်ပါလာသည်။

သဘောကတော့ ဘွဲ့သာမဟုတ်၊ ရာထူးတစ်ခုခု လက်ဝယ် ရှိပြီးမှ သူတို့အကြောင်းပြောလို့ ပိုကောင်းမည်ဆိုသည့် သဘော။

ထွန်းထွန်း၏ မိဘများသဘောထားမှာ ချစ်သည်မြစေချင် သည့်ဆန္ဒနှင့် ဆန့်ကျင်ဘက်သဘောထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားတိုးတက်မည့်လမ်းကြောင်းတိမ်သည့် အစိုးရဝန်ထမ်း ဘဝ မလုပ်စေချင်။

တိုးတက်ကြီးပွားမည့်လမ်းကြောင်းနက်သည့် အရောင်းအဝယ်လုပ်ငန်းဖြင့် သက်မွေးဝမ်းကြောင်းလမ်းကို ရွေးစေချင်သည်။

ထွန်းထွန်း၏ မိဘများမှာ သူ၏အထောက်အပံ့ကို လုံးဝ မလိုအပ်၊ ခုလည်းမလိုအပ်၊ နောင်လည်းမလိုအပ်။

ဘာလုပ်မလဲ၊ ရင်းနှီးငွေ ဘယ်လောက်လိုမလဲ။

သူတို့မှာ ပေးနိုင်သည့် အခြေအနေရှိသည်။

ဒါမှမဟုတ် သူတို့ကျွမ်းကျင်ပြီးသား ရွှေအရောင်းအဝယ် လောကထဲ ဝင်မလား။

တစ်နှစ်လောက် အချိန်ယူလေ့လာ၊ ကျွမ်းကျင်သော အခြေအနေနှင့် အချိန်ကာလကိုကြည့်၍ အချက်ကျသော နေရာမျိုးတွင် ဆိုင်ဖွင့်ပေးမည်။

ဒါက ဖခင်ဖြစ်သူ၏ ဆန္ဒသဘောထား။

သူ၏ဖခင်ကြီးက ရွှေအရောင်းအဝယ် လုပ်ငန်း၏ အကျိုးအမြတ်ဘယ်လိုရှိသည်ကို တွက်ပြသည်။

"မင်း အစိုးရဝန်ထမ်းဝင်လုပ်ရင် လခသုံးလေးရာဆိုတာ အများဆုံးရမည့်ဝင်ငွေ၊ တို့လုပ်ငန်းကျွမ်းကျင်ရင် အနည်းဆုံးဝင်ငွေဟာ တစ်လတစ်ထောင်အထက်မှာရှိတယ်၊ မင်းကဘွဲ့ရပြီးသားပဲဟာ၊ ဂုဏ်မလိုဘူး တိုးတက်ကြီးပွားမယ့်လမ်းကြောင်းဝင်ငွေပဲလိုတယ်၊ တို့မြန်မာလူမျိုးထဲမှာ တောသူတောင်သားကအစ လက်ထဲမှာ ငွေပိုငွေလျှံရှိလာရင် ရွှေဝယ်ဖို့ ပထမဆုံးစဉ်းစားတယ်၊ ရွှေစုတဲ့အလေ့အထရှိတယ်၊ အထည်ပျက်ကို ကိုယ်ကဝယ်ရင် အောက်ဈေး၊ အသေချာတွက်၊ အလေ့ချိန်ဆိုတာကလည်း ကိုယ့်ဘက်ကအသာ၊ အဲဒါအောက်

www.burmeseclassic.com

www.burmeseclassic.com



ဈေးရွှေကို ပြန်လည်ပြုပြင်ပြီး ရောင်းတော့လည်း ကိုယ့်ဘက်က အသော၊ ဒါကအမှန်အကန်နည်းနဲ့လုပ်ရင် ထွက်ရှိလာမယ့်အကျိုး အမြတ်ကို ပြောတာ၊ အကြံအဖန်နဲ့လုပ်တဲ့လုပ်နည်းတွေလည်း အများ ကြီးရှိတယ်၊ တစ်မတ်သားကို တစ်မတ်သား ထပ်ပွားတဲ့နည်းတွေလည်း ရှိတယ်၊ ရွှေဟာ သတ္တုပစ္စည်းထဲမှာ အခိုင်အမာဆုံး ဖြစ်သလို လုပ်ငန်း သဘောသဘာဝကလည်း တည်ငြိမ်ခိုင်မာတဲ့ လုပ်ငန်းပဲ''

ထွန်းထွန်း၏ဖခင် ဦးမြသိန်းက သားဖြစ်သူကို သဘော သဘာဝ ကျိုးကြောင်းပြမျှားဖြင့် အသေးစိတ် ပြောပြသည်။

''သားရဲ့ ဘဝတစ်သက်တာအတွက် ရွေးချယ်ရမယ့် လမ်း ကြောင်းကို ဖေဖေပြောပြပြီးပြီ၊ ရွေးဖို့မရွေးဖို့က သားရဲ့ အဆုံးအဖြတ် ပဲ၊ မင်းမှုထမ်းဆိုတာက ကိုယ့်ကိုယ်နဲ့ကိုယ့်စိတ်နဲ့ ဆုံးဖြတ်ပိုင်ခွင့်မရှိ ဘူး၊ စီးပွားရေးလုပ်ငန်းသမားက ကိုယ့်ကိုယ်နဲ့ကိုယ့်စိတ် ဆုံးဖြတ်ပိုင် ခွင့်ရှိတယ်၊ စီးပွားရေးသမားရဲ့ တိုးတက်ကြီးပွားရေးက အတွေးအခေါ် နဲ့ ဉာဏ်ကစားနိုင်တဲ့ စွမ်းအားပေါ်မှာ တည်တယ်၊ မင်းမှုထမ်းက အတွေးအခေါ်မလိုဘူး၊ ဉာဏ်ကစားဖို့မလိုဘူး၊ ကျိုးနွံဖို့လိုတယ်''

သူက အေးအေးဆေးဆေး စဉ်းစားပါရစေဟု ဖခင်ကြီးထံ ခွင့်တောင်းခဲ့သည်။

သူငယ်ချင်းခင်မောင်အေးပြောသလို အနှောင်အဖွဲ့လေးရှိနေ ပြီမို့ ဖခင်ကြီးလမ်းညွှန်ချက်ကို တစ်ထိုင်တည်း ဟုတ်ကဲ့ပါဟု တစ်ခါ တည်း မပြောနိုင်ဖြစ်ခဲ့ရသည်။

ထားထားရီ ရေးလိုက်သည့်အထဲမှာ ထိုက်ထိုက်တန်တန် ရာထူးတစ်ခုခုဆိုတာ ပါလာသည်။

မင်းမှုထမ်းလုပ်စေချင်သည့် သူမ၏ ဆန္ဒသဘောထားကို ဖော်ကျူးလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထားထားရဲ့ မိဘများက မင်းမှုထမ်းမျိုးရိုး။

ဖခင်ဖြစ်သူက မြို့မဝန်ထောက်ကြီး၊ မိခင်ဖြစ်သူက အထက်တန်းပြကျောင်းဆရာမ။

အစ်ကိုကြီးက မြို့အုပ်ပေါက်စ။

သူမကလည်း ဣန္ဒြေသိက္ခာရှိသည့် ကျောင်းဆရာမပဲ လုပ်မည်ဟု ပြောဖူးသည်။

ဒါကြောင့်လည်း ထွန်းထွန်းကို မင်းမှုထမ်းပဲ ဖြစ်စေချင်ဟန်ရှိသလားမသိ။

သူ့မှာလည်း ရွေးစရာလမ်းနှစ်သွယ်ဖြစ်လာသည်။

ထားထားရဲ့ထံသို့ စာလွှာပါးလိုက်ရသည်။

ဖခင်ကြီးသဘောထားကိုလည်း အပြည့်အစုံရေးထည့်လိုက်သည်။

အနှောင်အဖွဲ့။

အိမ်ထောင်နှင့် အကျဉ်းထောင်။

တစ်နေ့တည်း ထည့်လိုက်သည်မှာ စာနှစ်စောင်။

တစ်စောင်က သူငယ်ချင်းဖြစ်သူ ခင်မောင်အေးထံသို့။

သူမဝေခွဲသာ ဖြစ်နေသည့်အဆုံးအဖြတ်မပြုနိုင်သည့်ပြဿနာအတွက် ဝေမျှအကြံဉာဏ်ကို တောင်းခံလိုက်ခြင်းဖြစ်၏။

ပြန်စာနှစ်စောင်စလုံးကို တမျှော်မျှော်ရှိနေသည့်အနက် မန္တလေးပြန်စာက အရင်ရောက်လာသည်။

ကိုခင်မောင်အေးထံမှ ပေးလိုက်သည့်ပြန်စာတွင် သူဘာလုပ်သင့်သည်ဆိုသည်ကို ထည့်မရေး၊ ကိုခင်မောင်အေးက သူဘာလုပ်မည်ဆိုသည်ကိုသာ ရေးလိုက်သည်။

ကိုယ်ပိုင်အရောင်းအဝယ်လုပ်ငန်းကိုသာ လုပ်မည့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘာလုပ်မည်ကို လေ့လာနေကြောင်း၊ သူလည်း မကြာခင် ရန်ကုန်သို့ လာမည့်အကြောင်း ရေးထားသည်။

စာအဆုံးတွင် မှတ်ချက်အတိုလေးပါလာသည်။

"ကိုယ် ရန်ကုန်ရောက်တော့မှပဲ အေးအေးဆေးဆေး ပြောကြတာပေါ့"ဟု

ကိုခင်မောင်အေးထံမှ ပြန်စာရောက်ပြီး တစ်ပတ်ကြာသည်အထိ ထားထားရီထံမှ ပြန်စာရောက်မလာ။

နှစ်ပတ်ကျော်ပြီးမှ ပြန်စာရောက်သည်။

စာမျက်နှာ သုံးမျက်နှာနီးပါးရေးလိုက်သည်။

သူတို့ကိစ္စကို မိခင်ဖြစ်သူအား ဖွင့်ပြောလိုက်သည့်အကြောင်း အစချီ၍ သူမ၏ အိမ်ထောင်ရေးအတွက် မိဘများစီစဉ်ထားသည့် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း အကျယ်တဝင့်ရေးလိုက်သည်။

သူမ၏မိဘများနှင့် လူကြီးချင်းစကားပြောထားသည့် အမျိုးသားမှာ သူမအစ်ကို၏သူငယ်ချင်း မြို့အုပ်ပေါက်စဖြစ်၏။ သူမထက် အသက်သုံးနှစ်ကြီးသည်။

မိဘတွေက မင်းလှမြို့က ဆန်စက်ပိုင်ရှင်သူဌေး။

သူမလည်း ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေရသည့် အကြောင်းနှင့် မိဘများ၏ဆန္ဒကို လွန်ဆန်ဖို့ကလည်း မဖြစ်နိုင်သည့် အကြောင်းပါ ထည့်ရေးလိုက်သည်။

ခံစားမှုဝေဒနာအသစ်တစ်ရပ် သူ၏ရင်တွင်းမှာ ပေါက်ဖွားသွားသည်။

ထားထားရီသာ စွန့်ပုံသူဖြစ်ခဲ့ရင် သူ့ဘက်က ဘာမှပြဿနာမရှိ။ သူ့အိမ်က သဘောမတူစရာအကြောင်းလည်းမရှိ။

မိဘများ၏ဆန္ဒကို လွန်ဆန်ဖို့ မဖြစ်နိုင်ဆိုတာတည်းက ရှေ့

www.burmeseclassic.com

www.burmeseclassic.com



ဆက်ရမည့်ခရီးလမ်းကြောင်းမှာ မဖြောင့်ဖြူးနိုင်တော့ပြီမို့ ဇာတ်လမ်းဆက်ရန် အကြောင်းမရှိတော့မှန်း သိပါလျက် ထပ်ဆင့်စာလွှာပါးလိုက်ရသည်။

ထုံးစံအတိုင်း သူဘယ်လိုခံစားနေရသည်ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးသားဖော်ပြပြီး သူလာခေါ်မည့်အကြောင်း ရေးလိုက်ရသည်။

စာမျက်နှာလေးမျက်နှာမျှ ရှည်လျားသွားသောစာကို ဖတ်ပြီး စိတ်လည်လာလေမလားဆိုသော မျှော်လင့်ချက်ဖြင့် ပြန်စာကိုစောင့်မျှော်ခဲ့ရသည်။

စာတော့ပြန်လာသည်။

ရေးသားသည့်စာမှာ တစ်မျက်နှာပင် မပြည့်။

သူ့ထံမှ နေ့စွဲတပ်ရေးလိုက်သည့်နေ့မတိုင်မီ တစ်ရက်ပင် လူကြီးစုံရာနှင့် စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ ပြီးသွားသည့်အကြောင်း၊ သူမလည်း သူ့လိုပင် ထပ်တူထပ်မျှခံစားရသည့်အကြောင်းနှင့် သိပ်ချစ်ရပါသည်။ ဒါပေမယ့် အဆုံးသတ်လိုက်သည်။

အသည်းမကွဲသော်လည်း အချိန်ယူကုစားရမည့် ဝေဒနာသည် သူ၏နှလုံးသားတွင် စွဲထင်သွားသည်။

အချစ်၏ လှည့်ဖြားမှုကို ခံလိုက်ရခြင်းမျိုး မဟုတ်သောကြောင့် အပေါ်ယံရုပ်ထိသည့် ဒဏ်ရာလောက်ပဲ ခံလိုက်ရသည်။

သူတို့အကြောင်းကို ထားထားရီက မိခင်ဖြစ်သူအား ဖွင့်ပြောလိုက်သောကြောင့် ရှိပြီးသား အစီအစဉ်ကို တက်သုတ်ရိုက်၍ လုပ်လိုက်ရခြင်းဖြစ်လိမ့်မည်။

“ပညာတတ် မိန်းကလေးတစ်ယောက်က မောင်ရင် မျှော်လင့်သလို ဘယ်စွန့်ဝံ့ပါ့မလဲကွာ၊ စိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်းဆိုရင်တော့ အိုင်ကော်မှာ စိုပြည်သွားပုံကို ဖွဲ့ညွှန်းလိုက်ရုံပေါ့၊ လက်တွေ့က

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီအတိုင်းပဲ အနားသတ်နိဂုံးချုပ်ရမှာပေါ့၊ ဒီတော့ မောင်ရင် ဘာဆက်လုပ်မလဲ၊ ပထမဦးစားပေး စဉ်းစားရမှာက စီးပွားရေးပဲ၊ လက်ရှိအခြေအနေအတိုင်းဆိုရင် တို့မန္တလေးက စီးပွားရေးအချက်အချာဒေသဖြစ်လာလိမ့်မယ်၊ စိတ်ပြေလက်ပျောက်လဲဖြစ်၊ စီးပွားရေးလုပ်ငန်းအကြောင်းလည်းလေ့လာရင်း ကိုယ်အပြန်မှာ မန္တလေးကိုလိုက်ခဲ့၊ အကြောင်းသင့်ရင် ကိုယ်တို့နှစ်ယောက် ကျောင်းတုန်းက လက်တွဲခဲ့သလို စီးပွားရေးလောကမှာ လက်တွဲကြတာပေါ့''

သူငယ်ချင်းဖြစ်သူက ဤသို့ပြော၍ မန္တလေးသို့ လိုက်ခဲ့ရန်ခေါ်သည်။

ခင်မောင်အေးက သူ့ဖခင်ဦးမြသိန်းကိုလည်း မန္တလေးစီးပွားရေးလောကအခြေအနေကို ပြောပြသည်။

ဦးမြသိန်းကလည်း ဘာပဲလုပ်လုပ် ကိုယ်ပိုင်စီးပွားရေး လုပ်ဖို့သာ အားပေးသည်။

သားဖြစ်သူ ပြောပြထားသည့်အလျောက် ခင်မောင်အေးမိဘများလုပ်ငန်းမှာ သူ၏လုပ်ငန်းနှင့် နီးစပ်မှုရှိသောကြောင့် လေ့လာထားသင့်ကြောင်း အားပေးတိုက်တွန်းသည်။

ထိုမှ ထွန်းထွန်းတစ်ယောက် သူငယ်ချင်းဖြစ်သူနှင့်အတူ မန္တလေးသို့ လိုက်ဖြစ်ခဲ့သည်။

ထိုစဉ်အချိန်က မန္တလေးကျောက်စိမ်းအရောင်းအဝယ်လောကမှာ တရားဝင်မဟုတ်သော်လည်း တရားဝင်သို့နှယ်ပင် လုပ်ကိုင်နေကြသည်။

ခွဲစိတ်ပြီး အချောထည်ရော အရိုင်းတုံးများကိုပါ ကြောင်ရောင်းပြောင်ဝယ် ဝင်လုပ်ကြသည်။

တစ်ခါတစ်ရံတော့လည်း အဖမ်းအဆီးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတစ်ခါတစ်ရံ အဖမ်းအဆီးမှာလည်း သဘောလောက်မျှသာဖြစ်သည်။

သူ့လမ်းကြောင်းနှင့်သူ အံ့ဝင်ခွင်ကျဖြစ်အောင် လျှောက်တတ်လျှင် ခလုတ်ကန်သင်းနှင့် ကင်းလွတ်သည်။

အန္တရာယ်ကြီးကြီးမားမားမရှိ။

လျှောက်တတ်လျှင် လမ်းကြောရှင်းသည်။

ခန္တီးဘက်မှ ကျောက်စိမ်းလည်း မန္တလေးကိုပဲ ဆင်းရသည်။ ဖားကန့်ဘက်က ကျောက်စိမ်းလည်း မန္တလေးကိုပဲ သွင်းရသည်။

ခန္တီးကျောက်စိမ်းက ရေလမ်းခရီး။

ဖားကန့်ကျောက်စိမ်းက ကုန်းလမ်းခရီး။

ပေါင်းစုံရာမှာ မန္တလေး။

ခွဲခြမ်းစိတ်ဖြာပြီးသည့် အချောထည်များ သိုသိုသိပ်သိပ်ရောင်းချကြသည်။

အရိုင်းတုံးအရွယ်အစား အမျိုးမျိုးများကိုတော့ လမ်းမပေါ်မှာတင် အဝတ်ခင်းပြီး ရောင်းကြသည်။ ဝယ်ကြသည်။

ထိုသို့ရောင်းသည့်နေရာ သုံးနေရာလောက်ရှိသည်။

ဝယ်လိုသူက ကျောက်တန်းကို လျှောက်ကြသည်၊ ကိုင်တွယ်ကြည့်ရှုကြသည်။ ဈေးမေးကြသည်။

ခေါ်ဈေးနှင့်ပေးဈေးတည့်ရင် အရောင်းအဝယ်ဖြစ်သည်။

အရိုင်းတုံးကို ဝယ်ရသည်မှ မသေချာ။

အပေါ်ယံ ကျောက်အသွေးအမြင်လှစေကာမူ ခွဲလိုက်သည့်အခါ အနှစ်သားမပါသည်လည်းရှိသည်။

ထောင်ဈေး၊ သောင်းဈေးနှင့် ဝယ်လိုက်သော အရိုင်းကို ခွဲလိုက်သည့်အခါ သိန်းကြီးကျောက်အဆင့်အတန်းဝင် ဖြစ်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



လည်းရှိသည်။

ကံကိုယုံ၍ ဆူးပုံနင်းရသည်ဟု ဆိုရမည်မျိုး။

အရိုင်းတုံးများနေ့တိုင်း အဝင်ရှိသလို နေ့တိုင်းလည်း အရောင်းအဝယ်ဖြစ်ကြသည်။

အရိုင်းတုံးများကို လိုသလိုခွဲသည့် သွေးသည့်စက်ထောင်များ လည်းရှိသည်။

စက်ထောင်များထံမှ ဘယ်သူလက်ထဲမှာ ရှိသည်ကိုစုံစမ်းပြီး လိုက်ရသည်ကြည့်ရသည်။ အရောင်းအဝယ်လုပ်ရသည်။

အချောထည်ကို ဝယ်ရသည်မှာ ဈေးကြီးပေမယ့် သေချာသည်။

အရိုင်းတုံးမှာ ဈေးနည်းပေမယ့် အရည်အသွေးမီ ရောင်းတန်းဝင် ကျောက်ရမည်။ မရမည် မသေချာ။

စွန့်စားရသည်။

အရည်အသွေးမီ ကျောက်ရလာလျှင်အကျိုးအမြတ် များသည်။

တစ်ချို့ဆို၊ တစ်ချီတည်းနှင့် နင့်ခနဲနေအောင် ရကြသည်။

ချက်ချင်းတိုက်ဆောက်။ ချက်ချင်းကားစီးနိုင်သည့် အကျိုးအမြတ်ရသူများလည်း ရှိကြသည်။

ခင်မောင်အေးနှင့် တွဲသည့် ကိုခင်သောင်းဆိုသူမှာကျောက် အကြည့်ကျွမ်းသည်။ ကျောက်အကြောနားလည်သည်။

သူ၏ခန့်မှန်းချက်မှာ ရာနှုန်းပြည့် မဟုတ်သော်လည်း ခုနစ်ဆယ့်ငါးရာနှုန်းလောက်အထိ နီးစပ်မှုရှိသည်။

ဖားကန့်မှာ သုံးနှစ်ကျော်နေထိုင်၍ တွင်းကိုင်ခဲ့သည်။

တိုက်ဆောက် ကားစီးနိုင်သည့်အခြေအနေသို့သည်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

လုပ်ငန်းကျွမ်းကျင်မှုအတိုင်းအတာပေါ်မူတည်အခြေခံ၍ နေ့စဉ်တကျနေထိုင်လုပ်ကိုင်ခဲ့လျှင် သိန်းရာကျော်တန်းဝင် ချမ်းသာသူ အောင်မြင်သူတစ်ယောက်ဖြစ်နေမှာ သေချာသည်။

ခုတော့ တိုက်ပေါ်ကနေ တဲပေါ်ပြန်ဆင်းရမည့် အခြေအနေ သို့လည်း ရောက်ခဲ့သည်။

လုပ်ငန်းကိုပစ်၍ ဂျင်ဝိုင်းနှင့် တွဲစပ်ခဲ့ရာမှ ရှိသမျှတက်တက် ပြောင်ဘဝသို့ ရောက်ခဲ့ရသည်။

တစ်ချို့ချို့တော့ဆိုသည့် မျှော်လင့်ချက်ဖြင့်လိုက်ရင်း၊ လိုက် ရင်း ဘဝပျက်အခြေအနေသို့ ရောက်သွားသည်။

လောင်းကစားဖြင့် အကျိုးပေးသူဟူ၍ လောကတွင်မရှိ ကောင်း။

အရက်၊ မိန်းမ၊ လောင်းကစား။ မကောင်းသုံးမျိုးတွင် အထိ အမြန်ဆုံးနှင့် အထိအနာဆုံးမှာ လောင်းကစားဖြစ်၏။

ကိုခင်သောင်းပလူးခဲ့သည့် ဂျင်ဝိုင်းမှာ တစ်လုည့်ကို သောင်း ဂဏန်းနှင့်ချီ၍ အလျော်အသားရှိသည့်ဝိုင်း။

ကိုခင်သောင်းက တစ်ဖက်စောင်းနင်းသမား။

စီးပွားရှာစဉ်က အပင်ပန်းခံသည်။ ဖွံ့ရှိသည်။ ကြိုးစားသည်။

သက်စွန့်ဆံဖျားဟု ဆိုရလောက်သော စွန့်စားရသည့်အခြေ အနေမျိုးကိုပင် ရင်ဆိုင်လှုပ်ရှားခဲ့သူဖြစ်၏။

ထို့ကြောင့်လည်း သူ၏ စီးပွားရေးလုပ်ငန်းအခြေအနေမှာ တရှိန်ရှိန်မဟုတ်ဘဲ တစ်ဟုန်ထိုး တိုးတက်ခဲ့သည်။

မန္တလေးအစိမ်းလောကမှာ လူငယ်တစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သမားတို့ စုရပ်ကို သူကားထိုးရပ်လိုက်သည်နှင့် ဖန်တီးအပြုံးဆောင်ထားသူ လေးငါးယောက်ထက် မနည်းဝိုင်းအုံလာကြ စမြဲရှိသည်။

သုံးသိန်းကျော် ကျောက်မျိုးကိုပင် သူ့လက်ထဲထိုးအပ်ဖို့ ဝန်မလေးကြ။

အလုပ်သဘောဆက်ဆံမှုတွင် သူ့အပေါ် အပြည့်အဝ ယုံကြည်မှုရှိကြသည်။

ဂျင်ပိုင်းနှင့် တွဲစပ်မိတော့လည်း တစ်ဖက်စောင်းနင်း။

မကောင်းသတင်း အနံ့အသက်မှာ အထွက်မြန်သည်။

တိုက်ပေါင်ထားလိုက်ရပြီ။

သတင်းပျံ့မြန်သလို သူ့အပေါ်အကြည့်အမြင်များလည်း ပြောင်းလာသည်။

ဆက်ဆံရေးသိသိသာသာ အပြောင်းအလဲမရှိသေးသော်လည်း လုပ်ငန်းပိုင်းတွင်မူ သိသိသာသာ အပြောင်းအလဲရှိလာသည်။

သူကလည်း လူပါးလူနပ်ပဲဟာ သိတာပေါ့။

ဆယ့်နှစ်သိန်းတန် ကျောက်တစ်လုံး ဝယ်လိုက်ရာတွင် ငွေမမီ၍တိုက်ကို ပေါင်ထားရသည်ဟု သတင်းပြန်လွှင့်သည်။

ကြားရသူတွေက ခေါင်းယမ်းကြသည်။

ရွှီးသတင်းအဖြစ် လက်ခံကြသည်။

အပုပ်နံ့ကို အမွှေးနံ့နှင့် ဖုံးလို့မရ။

အနံ့နှစ်မျိုးမှာ တခြားစီသာ ထွက်သည်။

အဲဒီအချိန်ကသာ အသိတရားနှင့် သတိထားပြီး ပြုပြင်လိုက်လျှင် သူ၏အခြေအနေမှာ ပြန်လည်ထောင်မတ်လာနိုင်သည်။

လူတိုင်းအလေးပေး ဦးတည်လက်ကိုင်ပြုရသည့်အသိတရားကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ကွယ်ပြုလိုက်သည်။

ထိုကြောင့်လည်း တိုက်ကြီးပေါ်မှ ပျဉ်ထောင်အိမ်ငယ်ကလေးသို့ ရွှေ့ပြောင်းဆင်းသက်လိုက်ရသည်။

တိုက်ပျောက်သွားပေမယ့် ကားမပျောက်သေး။

ဒါတောင် သူကအနံ့ကြီးကွင်းကျယ်လုပ်ပြီး ပါးစပ်မောင်းထုလိုက်သေးသည်။

လက်ရှိတိုက်ကို မကြိုက်လို့ ခြံကျယ်ကျယ်နှင့် ခေတ်မီ နှစ်ထပ်တိုက်ဝယ်ရန် ရောင်းလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

နောက်တော့ ကားပါ ပြုတ်သွားသည်။

လုပ်ငန်းနယ်ပယ်ထဲသို့ ဝင်ဆံ့လို့မရတော့။

ရတနာရောင်းဝယ်သော လုပ်ငန်းသည် ကတိသစ္စာနှင့် ယုံကြည်မှုသည် ပဓာန။

သူများဆိုင်းဖတ်ဘဝသို့ ရောက်သွားသည်။

ခင်မောင်အေး၏ ဖခင် ဦးထွန်းအေးက အစိမ်းလောကသို့ ဝင်ရောက်ခဲ့ရာတွင် သူ့အား အသုံးချခဲ့သည်။

အလုပ်ဖြစ်ရင် ဖြစ်သလို အပေးအကမ်းလုပ်သည်။

သူတစ်ယောက်တည်းကိုတော့ အလွတ်သဘောမခိုင်း၊ သူနှင့်တွဲပြီး လုပ်စေခဲ့သည်။

အတူသွားအတူလာ၊ နောက်တော်ပါးအဖြစ် အသုံးချခဲ့သည်။

ခင်မောင်အေး အစိမ်းလောကထဲ ဝင်ရောက်ရာတွင်လည်း ကိုခင်သောင်းနှင့် တွဲပေးခဲ့သည်။

ကိုခင်သောင်းက ဝမ်းတစ်ထွာအတွက် ထိုသို့မှမလုပ်ရင် မဖြစ်သော အခြေအနေကြောင့် သူ၏ပညာကို မျှဝေပေးရသည်။

ခင်မောင်အေးက ရတနာလုပ်ငန်းနှင့်ကံလိုက်သည်ဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



ရမလားမသိ။ အလုပ်ဖြစ်ခဲ့သည်။

အသည်းခြစ်ရာထင်နေသည့် နလုံးသား အပွန်းအပဲ့ခံနေရသူ သူငယ်ချင်းထွန်းထွန်းအား မန္တလေးသို့ အပါခေါ်ပြီး စိတ်ပြေလက်ပျောက်လည်းဖြစ်စေ လုပ်ငန်းအထာကိုလည်း တီးခေါက်မိစေရန် လမ်းကြောင်း ဖော်ပေးခဲ့သည်။

ပထမတော့ ထွန်းထွန်းမှာ ရည်ရွယ်ချက်မရှိ။

ခင်မောင်အေးနှင့်အတူ နေထိုင်သွားလာလှုပ်ရှားရင်း စိတ်ဝင်စားလာသည်။

အကျိုးအမြတ်ဘက်က ကြည့်ပြန်တော့လည်း မှန်းချက်နှင့်နှမ်းထွက်ကိုက်သည်။

အရှုံးဘက်သို့ အယိမ်းနည်းသည်။ အမြတ်ဘက်သို့ အတိမ်းများသည်။

ခေါ်ဈေးမကိုက်ရင် ကိုင်ထား။ အလုပ်မဖြစ်ဟူ၍ မရှိ၊ အလုပ်ဖြစ်သည်သာ ရှိသည်။

လမ်းကြောင်းသမားတွေ အတက်အဆင်းရှိသည်။

ကျိုင်းတုံ တာချီလိတ်လမ်းကြောင်းက တမ်ကြောင်း။

မြဝတီမဲဆောက်က လမ်းကြောင်းတစ်ကြောင်း။

ထွန်းထွန်းမှာ လုပ်ငန်းနှင့် ပတ်သက်၍ စိတ်ဝင်စားမှုရှိလာသည့်အလျောက် ခင်မောင်အေးနှင့် လက်တွဲရန် ဆုံးဖြတ်လိုက်သည်။

ရန်ကုန်သို့အပြန် ခင်မောင်အေးပါ လိုက်ခဲ့သည်။

ဖခင်ကြီးအား လုပ်ငန်းခွင်အခြေအနေနှင့် လုပ်ငန်းအသာသဘောကို အသေးစိတ်ပြောပြသည်။

ခင်မောင်အေးက ပို၍အကွက်ကျကျ အသေးစိတ် ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူက လိုအပ်မည့် ရင်းနှီးငွေကို ပေးသည်။

တစ်ယောက်နှစ်သိန်းခွဲထည့်ဝင်၍ မတည်ရင်းနှီးငွေ ငါးသိန်းဖြင့် လုပ်သည်။ အကျိုးအမြတ်က ထက်ဝက်စီ။

ထွန်းထွန်း၏ ဖခင်ဖြစ်သူ ဦးမြသိန်းက ရင်းနှီးငွေထုတ်ပေးရန် သဘောတူသည်။ သူတို့မင်္ဂလာလေးသို့ အပြန်တွင် သူပါလိုက်မည်။

လုပ်ငန်းသဘောကိုလေ့လာရန်နှင့် ထွန်းထွန်းကို ခင်မောင်အေး၏ ဖခင်နှင့်မိခင်တို့အား လူကြီးအနေနှင့်အပ်နှံရန် ဖြစ်သည်။

ဒါကလူကြီးမိဘတို့ ဝတ္တရားနှင့်အညီ လုပ်ရခြင်းသဘောဖြစ်၏။

ထိုမှ သူတို့နှစ်ယောက် ရတနာအရောင်းအဝယ်လုပ်ငန်းဖြင့် လက်တွဲခဲ့ကြသည်။

လူငယ်ပီပီကြိုးစားသည်။ ဝီရိယနှင့်ဖွဲ့ရှိရှိ လုပ်ရှားသည်။ ရွှန်းစားသည်။

မျှော်မှန်းသည်ထက် ပို၍ စီးပွားရေးအကျိုးအမြတ်ကို ဖြစ်ထွန်းခံစားကြရသည်။

နှစ်နှစ်ကျော် သုံးနှစ်ကာလအတွင်း တစ်ဆယ်အထက် သိန်းကြီးကျောက်ကိုင်နိုင်သည်အထိ ဖြစ်လာသည်။

အပန်းဖြေသဘော၊ ဘီယာလေးဘာလေးသောက်သည်က လွဲလို့ လောင်းကစားကင်းသည်။ မိန်းမအရှုပ်အထွေးကင်းအောင်နေသည်။

မနက်တိုင်း လုပ်ငန်းခွင်သို့မဝင်မီ မဟာမြတ်မုနိဘုရားကြီးသွား၍ ပန်းရေချမ်းကပ်လှူပူဇော်ပြီး ပုတီးစိပ်ကြသည်။

ဟိုယ်သို့ ရောက်နေစဉ် ညနေဘက်အချမ်းလုံအောင် သွားမှုယမကာ သေရည်အရက်ရသောကြောင့် ညပိုင်း ပုတီးမစိပ်ဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



မနက်အာစောပိုင်း ပုတီးစိပ်ဖြစ်သည်။

ပြဿဒါးရက်ဖြစ်နေသောကြောင့် ဟိုပင်တွင် ရက်တစ်ရက် အပုပ်ခံပြီး နေလိုက်ရသည်။

နောက်တစ်နေ့ကျမှ ကျောက်ကြည့်ရမည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



*

( ၄ )

နောက်တစ်နေ့မနက် ရှစ်နာရီသာသာခန့်တွင် ကျောက်ပြမည့်သူ ရောက်လာသည်။

ထိုပုဂ္ဂိုလ်၏ ဝတ်စားဆင်ယင်ပုံကြည့်လျှင် ကျောက်ပိုင်ရှင်ဟု မထင်ရ။

ဖျဉ်ကြမ်းအင်္ကျီနှင့် တစ်ပတ်နွမ်း ယောလုံချည်ဝတ်ဆင်ပြီး ခေါင်းတွင်တဘက်ပေါင်းထားသည်။

ဦးသာဆိုင်က မိတ်ဆက်ပေးသည်။

သူ၏အမည်မှာ ဦးအုန်းမောင်။

အင်းတော်ကြီးအနီးရှိ လုံးခင်းဒေသတွင် နေသည်။

ဖားကန့်သို့ ကိုယ်တိုင်ဆင်း၍ ကျောက်ရှာသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ခု သူနှင့်ပါလာသည့် ကျောက်မှာ လက်ဆင့်ကမ်းကျောက် မဟုတ် တစ်ဆင့်ခံဝယ်ယူလာသည့် ကျောက်လည်းမဟုတ်၊ ကိုယ်တိုင် ရှာဖွေတွေ့ရှိထားသည့် ကျောက်ဖြစ်သည်။

ယခင်က မန္တလေးသို့ဆင်း၍ အရောင်းအဝယ်လုပ်ဖူးသည်။

သုံးသိန်းကျော် မျက်စိမှိတ်ပြီးရနိုင်သည့်ကျောက် အလိမ်ခံ လိုက်ရပြီးကတည်းက မန္တလေးသို့ဆင်း၍ အရောင်းအဝယ်မလုပ်တော့။

ခေါင်းတွင်ပေါင်းထားသည့် တဘက်ထဲမှ ထုတ်ပြသည့် ကျောက်များမှာ လက်မတဆစ်သာသာလောက်ပဲရှိသော်လည်း အရည် အသွေး အတော့်ကိုကောင်းသည်။

မှန်ဘီလူးနှင့် အသေးစိတ်မစစ်ဆေးရသေးသည့်တိုင် မျက် မြင် အခြေအနေအထားအရ သူတို့မျက်စိကျသည့် ကျောက်အမျိုး အစားဖြစ်နေသည်။

သို့တစေ ဆိုဈေးကလည်း ထင်တာထက် ပိုများသည်။

"ဒီကဆရာလေးတို့လည်း ကျောက်သမားတွေမို့ ကျောက် အကြောင်းကို အထူးတလည် မွမ်းစရာမလိုပါဘူး။ ဈေးပဲစကားပြော ရမှာဆိုတော့ အလျော့အတင်းပါပြီး ဈေးကိုပဲပြောတော့မယ်"

သူက လေးသိန်းခွဲခေါ်သည်။

အလျော့အတင်းပါပြီးဆိုတာက လေးသိန်းခွဲကို အလျော့ အတင်းမရှိဟု ဆိုလိုသည်သဘော။

သူတို့နှစ်ယောက်က ကျောက်ကို တစ်လှည့်စီအမျိုးမျိုးကြည့် ကြသည်။

မျက်မြင်ရော မှန်ဘီလူးနှင့်ပါ ကြည့်ကြသည်။

သူတို့မှန်ဘီလူး မဟုတ်။

အရောသွင်းပြီး ပြုပြင်ဖန်တီးထားသည့် ကျောက်ဟုတ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ရသည်။

သူတို့နှစ်ယောက် ကျောက်ကို အသေအချာစစ်ဆေးကြည့်ရှုပြီးနောက် ဦးအုန်းမောင်လက်ထဲသို့ ကျောက်ကိုပြန်အပ်၍ သူတို့နှစ်ယောက် တိုင်ပင်ရန် ထိုင်ရာမှ ထခဲ့ကြသည်။

နောက်ဆုံးဈေး လေးအထိပေးရန် နှစ်ယောက်ညှိလို့ရသည်။

ခေါ်ဈေးအတိုင်းပင် ပေးနိုင်သည့်အခြေအနေရှိသည်။

သူတို့နှစ်ယောက်တိုင်ပင်ပြီး ဦးသာဆိုင်တို့ ထိုင်နေရာသို့ ပြန်ဝင်ထိုင်လိုက်ကြသည်။

"ကဲ ‌ ဦးလေးက အလျှော့အတင်းပါပြီး ခေါ်ဈေးဆိုထားသလို ကျွန်တော်တို့ကလည်း အလျှော့အတင်းပါပြီး ပေးဈေးဆိုပါရစေ"

"ဆိုပါ၊ရောင်းနိုင်ရင်လည်း တစ်ထိုင်တည်းပေါ့"

"ကျွန်တော်တို့က လေးသိန်းတစ်သောင်းလျှော့ပေးမယ်"

"ဒါတော့ မဖြစ်နိုင်ဘူး၊ သူ့ထက်နိမ့်ဈေးတစ်လုံးရှိတယ်၊ ကြည့်ဖို့ စိတ်ဝင်စားရင် ပြမယ်"

"စိတ်တော့မရှိနဲ့နော်၊ ကျွန်တော်တို့က သုံးအောက်ကျောက်မကိုင်လို့ပါ၊ ခုတောင် ခရီးသွားဟန်လွှဲ ဝင်ခဲ့ကြတာပါ၊ မြစ်ကြီးနားမှာ ဈေးတည့်ပြီး အလုပ်မဖြစ်တဲ့အကြောင်းတော့ ကိုအင်တောင် ပြောပြပါလိမ့်မယ်၊ ကဲ ‌ ကိုအင်တောင် ပြောပြလိုက်ပါဦး"

ကိုအင်တောင် မြစ်ကြီးနားအရောင်းအဝယ်အကြောင်းကို အကျဉ်းရုံးပြော၍ ဟိုပင်သို့ သူခေါ်လာသည့်အကြောင်း ပြောပြသည်။

"ကဲ ‌ ကျွန်တော် နာရီဝက်လောက်နေရင် ပြန်လာပါ့မယ်၊ ခွင့်ပြုကြပါဦး"

"ဟုတ်ကဲ့"

နောက်ဆုံးတွင် လေးသိန်းတစ်သောင်းလျှော့ကို လေးနှင့်တည့်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

သို့မှသူတို့ မန္တလေးသို့ ပြန်ခဲ့ကြသည်။

ဦးသာဆိုင်နှင့် ကိုအင်တောင်အတွက် တစ်ယောက်ငါးထောင်မေတ္တာကြေးပေးခဲ့ရာ လေးသိန်းတစ်သောင်းကျော်မှာ မန္တလေးရောက်ပြီး တစ်ပတ်အတွင်း ငါးခွဲနှင့် အရောင်းအဝယ်ဖြစ်သွားသည်။

ထိုသို့လုပ်နေကြရာမှ လုပ်ငန်းခွင်မှာ တဖြည်းဖြည်း ဘောင်ကျဉ်းလာသည်။

ကျပ်လာသည်။

လွတ်လွတ်လပ်လပ်လှုပ်ရှားနေရာမှ သိုသိုသိပ်သိပ် လှုပ်ရှားရသည့်အခြေအနေသို့ ပြောင်းလဲလာသည်။

လုပ်ငန်းအခြေအနေ အပြောင်းအလဲရှိလာသည့်အလျောက် အတ္တာဟိ၊ အတ္တနာထော၊ မိမိကိုယ်မိမိကိုးကွယ်ရာဟု ယုံကြည်ချက်ဖြင့် လှုပ်ရှားနေသူအများစုမှာ လိုင်းပူးကုန်ကြသည်။

နတ်လိုင်းနှင့် ဘိုးတော်လိုင်း။

အကာအကွယ်ကိုရှာဖွေရင်း မိမိကိုယ်ထက် သူတစ်ပါးကို အားကိုးမှုအပေါ် အားပြုလာကြသည်။

နတ်လိုင်းနှင့် ဘိုးတော်လိုင်းပူးကြသူများမှာ နှစ်မျိုးနှစ်စား ရှိသည်။

လာဘ်ရွှင်စေလို၍ နတ်ကိုပူဇော်ပသခြင်းနှင့် နတ်ဖမ်းစားမည်ကို ကြောက်ရွံ့၍ ရိုးရာတင်မြှောက်ခြင်း၊ မိမိလုပ်နေသောလုပ်ငန်း အနှောင့်အယှက်ကင်း၍ အကာအကွယ်ဖြစ်စေရန် အယူမှတ်အ မှားဖြင့် ကိုးကွယ်သည်ကတစ်မျိုး။

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးသာလျှင် ဆည်းကပ် ကိုးကွယ်ရာဟု ယုံကြည်မှုရှိသော်လည်း မိရိုးဖလာအစဉ်အလာအ

www.burmeseclassic.com

www.burmeseclassic.com



မြှုလုပ်ခဲ့ကြသည့် ဝါဝင်ဝါထွက် ဦးရှင်ကြီးတင်ခြင်း၊ အိမ်တွင်းနတ် အုန်းဆွဲခြင်း၊ စသည်များကို မပစ်ပယ်ကောင်းဟုယူဆ၍ ပူဇော်ပသမှု ပြုသူက တစ်မျိုး။

အမှန်အရှိနှင့် ဉာဏ်အသိကို ပြတ်ပြတ်ထင်ထင် မဝေခွဲ၊ မဆုံးဖြတ်နိုင်သောကြောင့်ဟု ဆိုရမည်ပင်ဖြစ်၏။

အမှန်အရှိမှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ သာဖြစ်၏။

ဘုရားကိုးကွယ်မှု၊ တရားကိုးကွယ်မှု၊ သံဃာကိုးကွယ်မှု သည်သာအမြတ်ဆုံးသရဏဂုံတည်သည်မည်၏။

ထိုမှတစ်ပါး ကိုးကွယ်ဆည်းကပ်ရာကို ရှာဖွေခြင်းသည် အမှန်အရှိကို ဉာဏ်အသိမပြတ်ထင်သောကြောင့် ဖြစ်၏။

"ဗုဒ္ဓါနုဿတိ (ဘုရားကိုသတိရခြင်း)သည် အကာအကွယ် ဖြစ်နိုင်ပါသလား ဘုရား"

ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်အား မေးမြန်းလျှောက်ထား သည်။

"ဗုဒ္ဓါနုဿတိသာလျှင် အစောင့်အရှောက် ဖြစ်နိုင်သည် မဟုတ်၊ လူ့ခန္ဓာကိုယ်တွင် ခြောက်ဌာနလုံခြုံအောင် စိတ်ကိုကောင်း စွာ ပွားများအပ်သော သူတို့အား အခြားသော အကာအကွယ်၊ မန္တာန် ဆေးဝါးဗေဒင်စရာမလို"

*ဓမ္မပဒ၊ ပကိဏ္ဏကဝဂ်တွင် ဘုရားရှင်က ဤသို့ အဖြေပေး ဟောကြားခဲ့သည်။*

အမှန်အရှိကို ဉာဏ်အမြင်နှင့်ကြည့်လျှင် လောကီသရဏဂုံ လေးမျိုးရှိကြောင်း တွေ့ရမည်ဖြစ်၏။

မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို ရတနာသုံးပါးသာလျှင် ကိုးကွယ်လဲလျောင်းရာ ရှိသည်၏အဖြစ်ကိုပြုခြင်း (ဝါ) ရတနာသုံးပါးအပေါ် လုံးဝအားကိုးထားခြင်း။

မိမိကိုယ်ကို ရတနာသုံးပါး၏ တပည့်အဖြစ် ခံယူခြင်း။

ရတနာသုံးပါးအား ဝပ်တွားခယ၊ မိမိကိုယ်ကို နှိမ့်ချ၍ အလွန်ရိုသေသော အချင်းအရာပြသခြင်း။

ဤလေးရပ်ဖြစ်တည်ခြင်းသည် လောကီသရဏဂုံတည်ခြင်း ဖြစ်မည်။

ရတနာသုံးပါးတည်ဆောက်ခြင်းထက် နတ်ကိုဖြစ်စေ၊ အခြားတစ်ပါးသော လူပုဂ္ဂိုလ်ဖြစ်စေ၊ ဘုရားအလောင်းဟုဆိုသော တရုတ်အန်းကုန်းစသည်ကိုဖြစ်စေ၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်လျှင်မူ သရဏဂုံပျက်သည်။

ဗုဒ္ဓဘာသာဝင်စစ်စစ် တစ်ယောက်ဖြစ်ပါမူ ခြောက်ပါးသော အယူဝါဒကို သက်ဝင်ယုံကြည်ရမည်သာဖြစ်၏။

ဘုရား။

တရား။

သံဃာ။

ကံ ကံ၏အကျိုး။

အကြောင်းနှင့်အကျိုး ဆက်သွယ်ဖြစ်မှု(ပဋိစ္စသမုပ္ပါဒ်)

အတိတ်ဘဝ၊ အနာဂတ်ဘဝ။

အယူဝါဒအမှန်ကို လက်ခံယုံကြည်ခြင်းဖြစ်၏။

ဖန်ဆင်းရှင်ရှိသည်။

မစနိုင်စွမ်းရှိသည်။

ဖြစ်စေသတည်း၊ မဖြစ်စေသတည်း၊ ပြုလုပ်နိုင်စွမ်းရှင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်အသွယ်သွယ်ကို ဟန့်တားတားဆီးနိုင်စွမ်းရှင် ရှိသည်။

အယူမှား (မိစ္ဆာဒိဋ္ဌိ)ကို လက်ခံယုံကြည်ခြင်းဖြစ်၏။

အယူမှား၊ အမှတ်မှားလာသောအခါ အမှန်အရှိကိုဉာဏ်အသိဖြင့် ဝေဖန်ပိုင်းခြားခြင်းထက် မစနိုင်သည်ဖြစ်စေသတည်း။ လုပ်ပေးနိုင်သည်ဆိုသူများနောက်သို့ လိုက်ပါကုန်ကြတော့၏။

ထိပ်စီးအမည်အမျိုးမျိုး တပ်ထားသည့် ဘိုးတော်တွေ ခေတ်စားလာသည်။

ကိုယ်လိုသူလိုထက် ပို၍မထူးခြားသော လူပုဂ္ဂိုလ်များအားဆည်းကပ်ကိုးကွယ်လာကြသည်။

ဘိုးတော်လောက၏ ကမောက်ကမ ဖြစ်ရပ်ဆန်းတွေထဲက တချို့ကို ဖော်ပြပါမည်။

သတင်းစာဆရာ တက္ကသိုလ်မြတ်သူက ကြေးမုံသတင်းစာမှာ ဤသို့ရေးသားခဲ့ဖူးပါသည်။

မန္တလေးတွင်ရှိနေခိုက် ၈၄ လမ်းပေါ်မှာ ကျက်စားနေသော အရူးတစ်ယောက် တွေ့ခဲ့ရသည်။ လုပ်ငန်းသမားတစ်စုက သူတို့အိတ်ထဲမှ ငွေစက္ကူတစ်အုပ်ထုတ်ပေးကာ ထိုအရူးကို ကိုင်ခိုင်းနေသဖြင့် ရပ်ကြည့်နေမိသည်။

အရူးက ငွေစက္ကူများကို ကိုင်ကာ ပါးစပ်မှ လေးငါးခွန်းပြော၍ ပြန်ပေးလိုက်သည်။ စုံစမ်းလေ့လာကြည့်ရာ ထိုအရူးလက်ဖြင့် ငွေစက္ကူကိုင်ခိုင်းပြီးလျှင် ထိုငွေစက္ကူပိုင်ရှင်သည် တစ်ရှိန်ရှိန် စီးပွားတက်လာတတ်သည်ဆိုပါကလား။

ကျွန်တော်တို့ ကျောင်းသားဘဝက မြင်းခြံတွင်အရူးလေးတိန်ဆိုသူရှိသည်။ မိုးကျိုးမပါ၊ ပုဆိုးခါးတောင်းကျိုက်ပြီး ဆိုင်တကာဝင်နိုင်

www.burmeseclassic.com



၏။ ကားတကာတက်စီးကာ အရှုံးဘာဝ အော်ဟစ်တတ်သည်။

ပစ္စည်းအချို့ အနိုက်ခံရသောဆိုင်ရှင်၊ တက်စီးခံရသော ကားရှင်များက အလွန်သဘောကျသည်။ ဦးလောကိနည်းသို့ ပြုလုပ်လျှင် မိမိတို့စီးပွားတက်သည်။ ချမ်းသာမည်ဟု ယုံကြည်နေကြသည်။

အရှုံးကြီးလောကိနည်ကို သူတို့တစ်တွေက

'သလော' ဟုပင် ချစ်စနိုးတရိုတသေ ခေါ်ကြလေသည်။

ဤဖြစ်ရပ်များက မိမိတို့ကိုယ်ကျိုးစီးပွားသာဖြစ်မည်ဆိုလျှင် အရှုံးကိုလည်း ကိုးကွယ်တာပဲဖြစ်သည်ကို ပြလေသည်။

ယခုအခါ မိမိကိုယ်ကျိုးစီးပွားဖြစ်ထွန်းရေး သူဌေးဖြစ်ရေး ရာထူးတိုးရေး လက်ရှိရာထူးတည်မြဲရေးအတွက် အရှုးကိုလည်းကောင်း၊ ဘိုးတော်ဆိုသူများကိုလည်းကောင်း ဆရာကြီး၊ အဘကြီးဆိုသူများကိုလည်းကောင်း ကိုးကွယ်ကြသည်။

လောကီရေးကိုရှေ့တန်းတင်သည့် ရဟန်းတု၊ ရဟန်းယောင် အချို့ကိုလည်း အသေဖက်တွယ်ထားကြသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က မြင်းခြံဘူတာတွင် မင်းသားဝတ်မင်းသားစားဖြင့် ရုပ်ချောချောသန့်သန့်ခန့်ခန့်အသက် ၃၀ ကျော် ဘိုးတော်မင်းရှင်ဆိုသူကို တွေ့ခဲ့ရဖူးသည်။

ထိုဘိုးတော်အား အသက် ၆၀ ကျော် အဘိုးအဘွားများက ထိုင်ကန်တော့ကြသည်။

ထိုနေ့က မီးရထားဖြင့် ဘိုးတော်မင်းရှင် ပဲခူးသို့ဆင်းသွားပြီး ရွှေမော်ဓောထီးကို သူတင်ရမည်ဟု ကြုံးဝါးသည်။

မကြာမီမှာပင် ဘိုးတော်မင်းရှင်ကို ငါးမည်ရ လူလိမ်တစ်ယောက်အဖြစ် ရဲကဖမ်းသွားသည့်သတင်းကို ကြားရသည်။

ဤကဲ့သို့ပင် ဘိုးတော်လူလိမ်များအကြောင်း သတင်းစာများ

www.burmeseclassic.com

www.burmeseclassic.com


တွင် မကြာခဏကြားရသည်။

တချို့ကမူ ဒါတွေဟာ လူလိမ်ဘိုးတော်တွေပါ၊ လူမှန် ဘိုးတော်တွေရှိပါသေးတယ်ဟု မိမိတို့ဘိုးတော်များ၊ ဂိုဏ်းချုပ်များ၊ ဘာဘုရားများဘက်မှ ကာကွယ်ကြသည်။

ကျွန်တော်ကမူ ဗုဒ္ဓရှင်တော်ဘုရားသခင်မှအပ ကိုးကွယ်ရာမရှိဟုသာ ဆိုလိုက်ချင်ပါတော့သည်။

ဗုဒ္ဓက ဥပါဒါန်စွဲ၊ ငါစွဲ၊ အတ္တစွဲ၊ ဖျောက်ကြသည်။ အတ္တစွဲ၊ ငါစွဲ၊ ငွေစွဲ၊ ရာထူးစွဲ၊ စည်းစိမ်စွဲရှိသူများက ဘိုးတော်များကိုသာ ကိုးကွယ်ကာ ကိုယ်ကျိုးရှာနေကြခြင်းဖြစ်သည်။

ဘိုးတော်ကို ကိုးကွယ်လျှင် ဘော်(ငွေ)တိုးသည်ဟု အယူသည်းနေကြသူများဖြစ်ပေသည်။

ဘိုးတော်ကို ရာထူးကြီးသူ၊ စီးပွားရေးလောကမှ နာမည်ကြီးသူ၊ ပညာဂုဏ်ဝင့်ထည်သူများ ကိုးကွယ်လိုက်သည်နှင့် ထိုဘိုးတော်များသည်လည်း အကောင်ပိုကြီးသွားလေတော့သည်။

ထိုဘိုးတော်များ အလိုရှိရာကို ကြီးကြီးများက ပံ့ပိုးနိုင်ကြသောကြောင့် ဘိုးတော်တို့လည်း တန်ခိုးပို၍ ကြီးထွားလာတော့သည်။

ဘိုးတော်တို့၏ ပြကွက်များ၊ ဥံဖွဖြစ်စေသတည်းများကလည်း မိမိတို့အား အကျိုးပြုလိမ့်မည်ဟု ထိုပုဂ္ဂိုလ်ကြီးများယုံကြည်ကြပေသည်၊

ဤသို့ဖြင့် ဂျာအေး သူ့အမေရိုက်တော့သည်။

ကျွန်တော်တို့ ကျောင်းသားဘဝက မြင်းခြံတွင် နတ်လိပ်ပြာအဖွဲ့လူတစ်စုရောက်လာသည်။

ဇာတ်ရုံတစ်ခု၏ ဇာတ်ခုံပေါ်တွင် နတ်လိပ်ပြာအတွဲခေါင်းဆောင်က ဆိုင်းဖြင့်နတ်ကကသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ခံလူများက နတ်လာမေးသည်။

မေးလာသူ၏နာမည်၊ နေရပ်ကအစ၊ အကြောင်းစုံကို ဟော ရေး အတိတ်မှန်သောကြောင့် တစ်ယောက်လျှင်တစ်ကျပ်ခွဲနှုန်းဖြင့် မေးသူ များပြတ်လှပေ။

နတ်လာမေးသူများ သိမသွားသောအချက်မှာ ဇာတ်ရုံများ သွားကွယ် ကားလိပ်ကြားတွင်ထိုင်ကာ ဇာတ်ရုံထဲဝင်လာသူ၏ အကြောင်းကို နတ်ဟောသူအား ကြိုတင်ပြောပြနေသည့် မြို့ခံလူတစ် ယောက်ရှိနေသည့်အကြောင်းကို မမြင်မသိကြခြင်းပင်တည်း။

ယနေ့ဘိုးတော်တယ်သူက ဘာကိုဟောလိုက်တာ၊ သိပ်အံ့ဩ ဖို့ကောင်းတာပဲ ပြောဆိုဝါဒဖြန့်ကြ၏။ သူတို့တစ်တွေကား နတ်လိပ်ပြာ နောက်လိုက်များသာတည်း။

မျက်လှည့်အပြကောင်းသည်၊ ဖျံကျသည်၊ အလှည့်အပတ် အသွယ်အဝိုက်ကောင်းသည်၊ ပြကွက်ဆန်းများဖြင့် ဖမ်းစားသည်။

ဤသည်သာလျှင် ဘိုးတော်အရည်အချင်း ဖြစ်လေသည်။

"ကျွန်တော်တို့ငယ်ငယ် ပုပ္ပါးတောင်ကလပ်တွင် စကား မပြောဘဲ ပုဆိုးပင်လုံအောင်မဖုံးဘဲ အိပ်နေတတ်သော လူကြီးတစ် ယောက်ကို အမြဲတွေ့ရသည်။ သူကား ဆိတ်ခိုးမှုဖြင့် ရှောင်တိမ်းလာ သူ ဆိတ်သူခိုးကြီးဖြစ်သည်။ မကြာမီသူကို ဘိုးတော်ချုပ်ကြီးအဖြစ် ဝိုင်း၍ ကိုးကွယ်လိုက်ကြသောဟူ၏"

ယခုအခါ အထူးခေတ်စားလာသော မြန်မာဘိုးတော်များ အကြောင်း၊ ခပ်ပြောင်ပြောင်ဝါဒဖြန့် ရေးသားထုတ်ဝေသော၊ စာအုပ်များတွေ့ရသောအခါ ရင်မောမိသည်။

ကုလားဘိုးတော်အကြောင်းစာအုပ်ကား တစ်အုပ်လုံးပင် ဖြစ် နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားဘိုးတော်၏ ရုပ်ပုံကားချပ်များပင် ရှိက်ရောင်းနေပြီဟု ကြားရသည်။

အန္တရာယ်ကြီးလှပါတကား။

ဤသည်တို့မှာ ဆရာတက္ကသိုလ်မြတ်သူ၏ အမြင်အတွေ့များကို ရေးလိုက်ခြင်းဖြစ်ပါသည်။

ဆရာရေးလိုက်သည့် ပုပ္ပါးတောင်ကလပ်မှ ဆိတ်သူနိုးကြီး တဖြစ်လဲ၊ ဘိုးတော်ချုပ်ကြီးမှာ နောင်သောအခါတွင် ဘိုးတော်အောင်မင်းခေါင်အဖြစ် ထင်ရှားလာသောပုဂ္ဂိုလ်ကြီးပင်ဖြစ်၏။

ဆရာမြတ်သူ၏ ဆောင်းပါးထဲမှာ •

"အရူးတစ်ယောက်အား ငွေစက္ကူများကိုင်ခိုင်းပြီး အရူးကိုင်လိုက်သော ငွေစက္ကူသည် စီးပွာတရှိန်ထိုးတက်သည်"ဟု ပါရှိခဲ့သည်။

ဖြစ်ပျက်သည့်နေရာမှာ မန္တလေး။

ထိုနည်းဆင်ဆင် အဖြစ်အပျက်မျိုး စာရေးသူကိုယ်တိုင် ရန်ကုန်မြို့တွင် တွေ့ဖူးခဲ့သဖြင့် ဘိုးတော်ကင်းစာအုပ်တွင် ထည့်ရေးခဲ့ဖူးပါသည်။

မန္တလေးအရူးကိုင်၍ မန်းမှုတ်ပေးလိုက်သည့် ငွေစက္ကူကို သိမ်းဆီးထားလျှင် စီးပွားတရှိန်ရှိန်တက်သည်။

အဲဒါက တော်ပါသေးသည်။

ဘိုးတော်ဆွာမိက သူ၏ပါးစပ်ထဲမှ ကွမ်းတံတွေးနှင့် လူ၏ကိုယ်ပေါ်သို့ဖြစ်စေ၊ စီးသည့်မော်တော်ဆိုင်ကယ်၊ မော်တော်ကားပေါ်သို့ဖြစ်စေ၊ ပျစ်ခနဲထွေးလိုက်လျှင် စီးပွားတိုးတက်သည်ဟု အဆိုအပြောရှိခဲ့ရာမှ ဘိုးတော်ဆွာမိ၏ ကွမ်းတံတွေးအထွေးခံရန် တန်းစီစောင့်ကြသည်။

မန္တလေးအရူးနှင့် ဘိုးတော်ဆွာမိတို့ ကွာခြားချက်မှာ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com


အရှုံး ပေးလာသူ၏ငွေကိုလက်ခံ၍ ငွေကိုအကောင်းအတိုင်းပြန်ပေးသည်။

ဘိုးတော်ဆွာမိကမူ သူ့ကိုကွမ်းတံတွေး ထွေးခိုင်းလို့မရ၊

သူ့စိတ်လိုလက်ရရှိပါမှ သူ့သဘောအတိုင်း ထွေးချင်သည့်နေရာကို ထွေးသည်။

ကွမ်းတံတွေးဟူသည် ရွံရှာဖွယ်ရာဖြစ်သော်လည်း မရွံမရှာအထွေးခံဖို့ တန်းစီစောင့်ရသည်။

ဘိုးတော်ဆွာမိက စိတ်ပုံမှန်မရှိသူ။

သပ်သပ်ရပ်ရပ်မနေ။

ကုလားဖက်ကြီးတွေဝတ်သည့် အဝါရောင်ပျော့ပျော့ ဒိုတီနှင့်ခြုံထည်ကို ဝတ်သည်။

ကွမ်းမပြတ်စားသည်။

ပါးစောင်မှ ယိုစီးထွက်အံလာသည့် ကွမ်းတံတွေးများကိုသုတ်ပစ်လေ့မရှိ။

ဝတ်ဆင်ပုံက ဖိုးယိုးဖားယား။

အသားကမည်းမည်း။

ပါးစပ်တစ်ပိုက်တွင် ကွမ်းတံတွေး အစိုအခြောက်များ ပေကျံနေစမြဲရှိသည်။

သူ့အမြဲရှိနေတတ်သည့်နေရာမှာ ပန်းဆိုးတန်းဂရင်းဟိုတယ်ပေါ်တီကိုအောက်မှာ။

ညအိပ်တော့လည်း ထိုပလက်ဖောင်းပေါ်မှာပင်။

အစားအသောက်ကိုလည်း သတ်သတ်မှတ်မှတ်မစား။

စားချင်သည့်အခါ ဖက်ထဲမှာ ဟင်းရောထမင်းပါ နိုးရောနယ်ဖတ်ပြီး လက်ငါးချောင်းနှင့်မဆန့်မပြ ပါးစပ်ထဲဗွာည်စားသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်ချင်သလို နယ်ဖတ်ထားသည့် ရောထွေးဟင်း၊ ထမင်းများမှာ မေးစေ့ပေါ်မှာရော၊ ပါးပေါ်မှာရော မြင်မကောင်းရှုမကောင်းအောင် ပေကျံနေသည်။

သည့်ကြားထဲ တံတွေကိုလည်း တပျစ်ပျစ်ထွေးလိုက်သေးသည်။

အိပ်တာက ပေါ်တီကိုအောက် ပလက်ဖောင်းပေါ်မှာ။

ဘိုးတော်ဆာမိနေထိုင်သည့် ဂရင်းဟိုတယ်ရှေ့မှာ မနက်အစောကြီးကတည်းက ကားကိုဖင်ထိုးရပ်၍ကွမ်းတံတွေးအထွေးခံဖို့ စောင့်ကြရသည်။

သုံးလေးရက် ဆက်စောင့်ရသူရှိသလို လေးငါးရက် ဆက်စောင့်ရသူလည်း ရှိသည်။

ဘိုးတော်ဆာမိကို ငွေသာမက ရွှေပေးပြီး ကွမ်းတံတွေး ထွေးခိုင်းလို့မရ။

သူထွေးချင်မှ ထွေးသည်။

ဒါကိုက ဘိုးတော်ဆာမိကို အထင်ကြီးစရာဖြစ်နေသည်။

သူ၏ ကွမ်းတံတွေးက တန်ဖိုးတက်နေသည်။

သူ့အနားမှာ ရစ်သီရစ်သီလုပ်ပြီး ကွမ်းတံတွေးထွေးအောင် စောင့်သူလည်းရှိသည်။

အလွန်အမင်းယုံကြည်မှု လွန်ကဲသူများကမူ သူပလက်ဖောင်းပေါ်သို့ ထွေးချလိုက်သည့် ကွမ်းတံတွေးကို လက်ကိုင်ပဝါနှင့်တို့ထိ၍ယူကြသည်။

မြေလည်းမလျှို၊ မိုးသို့လည်း မပျံ ကိုယ်လည်းမပျောက်သည့် ဆာမိကုလား၊ ပလက်ဖောင်းဘိုးတော်ကို သည်သို့သည်ပုံကိုးကွယ်ကြသည်မှာ ဆာမိကပဲ စွမ်းလို့လား၊ လူတွေကပဲ ပေါက်ကရကြလို့လား

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကိုမှ စာဖတ်ပရိသတ်ကပဲ ဆုံးဖြတ်ကြပါဟု။

ရှိပါသေးသည်။

အိမ်ပြေးဘိုးတော်. .။

သူဖြစ်ရပ်ကြောင်းကို သူ့နည်းသူ့ဟန်ဖြင့် ပြေရှင်းရာမှ မရှုယ်ဘဲနှင့် စော်ကဲမင်းဖြစ်ပမာ စကားနှင့်နှိုင်းရမည့်ဖြစ်ရပ်ဆန်းမှာ ဤသို့။

သူ၏နာမည်ရင်းမှာ မောင်သန့်ဇင်မင်းခေါ်မင်းမင်း။

မိဘများက ချောင်ချောင်လည်လည်ရှိသည်။

ဖခင်က ညည်းဆနစ်ကြီးသည်။ သားကိုလွှန်လွှန်မင်းမင်း အလိုမလိုက်။

မိခင်နှင့် အစ်မများကမူ တစ်မိပေါက်တစ်ယောက်ထွန်း အထွေးဆုံး ယောကျ်ားလေးကိုအလိုလိုက်သည်။

ဖခင်ဖြစ်သူမှာ စီးပွားရေးလုပ်ငန်းဖြင့်သွားလာနေရသဖြင့် အိမ်မှာရှိသည့် အချိန်နည်းသည်။

သူက မိခင်ထံမှလည်းကောင်း၊ အစ်မများထံမှလည်းကောင်း အကြောင်းအမျိုးမျိုးပြ၍ လက်ဝါးဖြန့်သည်။

မိခင်နှင့် အစ်မများမှာ ပါးစပ်က ဖြစ်တောက်ဖြစ်တောက် ပြောစေကာမူ လက်ကမပါသည်မရှိ။ လက်ပါစမြဲရှိကြသည်။

သူက သူငယ်ချင်းများနှင့် သွားလာသုံးဖြုန်းသည်။ စားသည်။ သောက်သည်။

သူနှင့်တွဲသူတွေကလည်း သူ့လိုပင်။ အိတ်ဖောင်းသူများဖြစ်ကြသည်။

သောက်သည်ဆိုပေမယ့် အရက်ပြင်းတော့မသောက်။ နို့တိုးရိုပ်တိတ် ရီရီဝေဝေလေးရှိသည့် ဘီယာပဲသောက်သည်။

တစ်နေ့. .။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးသည့် မန္တလေးသင်္ကြန်ပွဲကို သွားရောက်ဆင်နွှဲမည်ဟု အတိုင်ပင်ပြုကြသည်။

သူတို့တွဲဖော် ခြောက်ယောက်အနက် နှစ်ယောက်က သူတို့အိမ်အခြေအနေအရ လိုက်မဖြစ်သောကြောင့် စောစောစီးစီးအပြတ်ငြင်းသည်။

သုံးယောက်က သေချာပေါက်။

သူကတော့ မတင်မကျ ချက်ချင်း အဖြေမပေးနိုင်။ အိမ်ကခွင့်ပြုချက်ကို ရမှလိုက်လို့ဖြစ်မည်မို့ နှစ်ရက်အတွင်း အကြောင်းပြန်မည်ဟု ပြောခဲ့သည်။

မိခင်ကြီးက လုံးဝခွင့်မပြုရဲ။

မင်းဒက်ဒီကိုပြော၊ ခွင့်ရရင် သွားဟုပြောသည်။

အစ်မတွေကလည်း မောင်အငယ်ကို စိတ်မချသောကြောင့် မသွားဖို့ တားမြစ်ကြသည်။

ဖခင်ဖြစ်သူအား ပြောလျှင် တစ်ချက်လွှတ်အမိန့်နှင့် ပယ်ချလိုက်မှာ သေချာသည်။ အပြောသာအဖတ်တင်မည်။

သူကလည်း သူ့ဆုံးဖြတ်ချက်နှင့်သူ။

ဒီနေ့ ခေတ်လူငယ်အများစုမှာ အပေါင်းအသင်းများနှင့် ပတ်သက်လာလျှင် သူတို့လုပ်နိုင်ပါလျက် ကိုယ်ကမလုပ်နိုင်ဟု ပြောရမည်ကို အလွန်ဝန်လေးကြသည်။

ဖြစ်ချင်ရာဖြစ်၊ နောက်ပြဿနာနောက်မှဟု သဘောမူသည့် တစ်ဖွတ်တိုး တစ်ဇောက်ကန်းလုပ်ချင်သည့် စရိုက်ကအလေးသာသည်။

သူတို့ကဒါကို ဟန်နှင့်သိက္ခာဟု တစ်လွဲအယူကောက်ကြသည်။

သင်္ကြန်က တစ်လနီးပါးလိုသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာဝိုဖန်ဖို့ အချိန်ရှိသည်။

သူငယ်ချင်းများအား လိုက်မည်ဟု ပြော၍လက်ဝါးရိုက်သည်။

(ဝါ) ကတိပေးသည်။

သတ်မှတ်ကြေးက တစ်ယောက်အနည်းဆုံး ငါးထောင်ဖြစ်မည်။

လက်ဝါးထပ်ရိုက်ကြသည်။

သွားခါနီး နှစ်ရက်အလိုတွင် မိခင်ကြီး သိမ်းဆည်းထားသည့် လက်ဝတ်ရတနာထဲမှ သောင်းချီတန်သော စိန်ခြယ်လက်စွပ်တစ်ကွင်းကို ရှစ်သောင်းနှင့်ရောင်းပြီး မန္တလေးသကြံန်ပွဲကို လိုက်ပါ၍ မီးကုန်ရမ်းကုန် ဆင်နွှဲခဲ့သည်။

မန္တလေးသို့ အသွားခရီးတွင် ညခြောက်နာရီထွက် ရထားနှင့် လိုက်ခဲ့ကြသည်။

ထိုနေ့က သူ၏ဖခင်ကြီး ဦးအောင်ဇင် အိမ်ပြန်ရောက်သည်မှာ ခုနစ်နာရီ။

သူ့ကိုမတွေ့သဖြင့် ဇနီးဖြစ်သူကို မေးသည်။

မိခင်ကြီးက သူငယ်ချင်းအိမ်မှာ မွေးနေ့လုပ်ဖို့ သွားသလိုလိုဘာလိုလိုပြောထားသည်။

သူငယ်ချင်းများနှင့် ရုပ်ရှင်တို့ဘာတို့ သွားနေသည်လို့ပဲ ထင်သည်။

အိပ်ချိန်ရောက်သည်အထိ ပြန်မရောက်လာတော့မှ မန္တလေးသကြံန်ကိစ္စကို သတိရကြသည်။

ဦးအောင်ဇင်က ပုတီးစိပ်နေသည်။

သားအမိသုံးယောက်. မျက်ကလဲဆန်ပြာဖြစ်နေကြပြီ။

မင်းမင်းမှာ အိပ်ချိန်တိုင်အောင် အပြင်မှာမနေစဖူး။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဇင် ပုတီးစိပ်ပြီးလျှင် အမေးရှိလာတော့မည်။

သားအမိသုံးယောက်မှာ ပေးစရာအဖြေမရှိ ဖြစ်နေကြသည်။

အိမ်တွင် ပွက်လောရိုက်တော့မည်မှာ သေချာသည်။

ထင်သည့်တိုင်း ဦးအောင်ဇင်က ဇနီးသည်နှင့်သမီးများ အလွန်အကျွံအလိုလိုက်မှုကြောင့် မင်းမင်း သည်အခြေအနေမျိုး ရောက်ရခြင်းဖြစ်သည်ဟု သားအမိသုံးယောက်ကို ဖိဆူသည်။

တက်တခေါက်ခေါက်နှင့် ဦးအောင်ဇင်၏ ဒေါသမှာ အမြင့်ဆုံး အထွတ်သို့ ရောက်သွားသည်။

ဖွင့်မပြောရင် မဖြစ်တော့သည့် အခြေအနေမို့ သူငယ်ချင်း များနှင့် မန္တလေးသင်္ကြန်ကိုလိုက်သွားဖို့ ခွင့်တောင်းဖူးကြောင်း ပြော ပြလိုက်ရသည်။

"ဒါဖြင့် မင်းတို့က အလိုတူအလိုပါ ခွင့်ပြုလိုက်တာပေါ့ ဟုတ်လား"

"ကျွန်မတို့ ခွင့်မပြုဘူး ကိုအောင်ဇင်၊ သူ့သဘောနဲ့သူ လိုက် သွားတာဖြစ်မှာပါ"

"နို့ . နေပါဦး။ သူ့သဘောနဲ့ သူဆိုတော့ မန္တလေးသင်္ကြန်ကို သွားပြီး လည်ရအောင် ဘယ်ကပိုက်ဆံရလို့လဲ"

"အဲဒါတော့ မသိဘူး၊ သူငယ်ချင်းတွေက လမ်းစရိတ်ခံပြီး ခေါ်သွားတာဖြစ်မှာပေါ့"

"အေး . မင်းတို့ပစ္စည်းတွေ ဘာတွေပြန်စစ်ကြည့်စမ်း၊ ငါ တော့ ဒီကောင်မဟုတ်တာ လုပ်သွားတယ်လို့ ထင်တယ်"

အဲဒီတော့မှ အမေကြီးက သေတ္တာကိုသတိရပြီးဖွင့်ကြည့် ရသည်။

ပါသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပါသွားသည့်လက်စွပ်မှာ မိဘတွေအမွေပေးသွားသည့် ပစ္စည်း။

ဖွင့်မပြောလို့မဖြစ်တော့။ ဦးအောင်ဇင်ကို ဖွင့်ပြောလိုက်ရသည်။

ဒီတော့မှ သားအမိသုံးယောက်မှာ သားနှင့်မောင်ဖြစ်သူအား လုပ်မှလုပ်ရက်လေခြင်းဖြစ်ကုန်ကြသည်။

ဦးအောင်ဇင်က တစ်ချက်လွှတ်အမိန့်တုတ်လိုက်သည်။

"ဒီကောင် အိမ်ပြန်လာရင် လုံးဝလက်မခံရ" ဟု ။

"အေး ။ မင်းတို့လက်ခံရင် မင်းတို့ပါ ဒီအိမ်က ဆင်းရမယ်၊ ငါ့အကြောင်းမင်းတို့သိတယ်နော်၊ နောက်မှ ငါ့အဆိုးမဆိုနဲ့"

အိမ်မှာဘာတွေဖြစ်နေပြီ၊ဖြစ်ကုန်ပြီကို မင်းမင်းကမသိ။

ရထားပေါ်ရောက်ကတည်းက သူငယ်ချင်းတစ်သိုက်မှာ မြူးရွှင်နေကြသည်။

မင်းမင်းဘဝမှာ တစ်ခါဖူးမှ ခုလိုခရီးမျိုးမထွက်စဖူးခဲ့ ။

အရမ်းပျော်နေသည်။ နောက်ပိုင်းရင်ဆိုင်ရမည်ကို လုံးဝမစဉ်းစား။

မန္တလေးရောက်ပြီးတော့လည်း လူငယ်တို့ဘာဝ မီးကုန်ရမ်းကုန် ပျော်ဖြစ်လိုက်ကြသည်။

မန္တလေးသင်္ကြန်ကလည်း စည်မှစည်။

ရန်ကုန်က သင်္ကြန်လိုမဟုတ်။ သန်းခေါင်သန်းလွဲအထိ ပျော်စရာအသွယ်သွယ်နှင့် ထွေးရစ်နေသည်။

'အိမ်အပြန်ခရီး။

အသွားခရီးတုန်းကလို မဟုတ်တော့။ ခြားနားသွားပါပြီ။

ပွဲသွားတော့ ကြော့ကြော့။ ပွဲပြန်စမော့နိုင်း

www.burmeseclassic.com



ပွဲသွားကြော့ကြော့။ ပွဲပြန်တစ်မှိုင်မှိုင်ဖြစ်ရပြီ။

မီးကုန်ရမ်းကုန်ပျော်ခဲ့ကြသောကြောင့် အိပ်ရေးပျက်ရက်တွေကများ။ အသုံးစရိတ်ကလည်း ပြတ်လုပြတ်ခင်မို့ သူတို့အားလုံး စကားပင်ဟက်ဟက်ပက်ပက် မပြောနိုင်ကြတော့။

သူတို့အထဲမှာ သူ့အဖြစ်က ပိုဆိုးသည်။

အိမ်ဝင်မလှ။ ပြဿနာတစ်ရပ်တစ်ထွေးကြီးနှင့် ရင်ဆိုင်ရတော့မည်မို့ စိတ်မရှင်း။ ရင်မလင်းဖြစ်နေသည်။

အိမ်ပြန်ခရီး အိမ်သို့အဝင်။

အပြင်ထွက်မည့်ဆဲဆဲ ဖခင်ကြီးနှင့် ပက်ပင်းသွားတိုးသည်။ အိမ်ပေါ်သို့ပင် မတက်ရသေး။

"ဟေ့ကောင်၊ မင်းအခုပြန်ထွက်သွား။ ဒီနေ့ကစပြီး အိမ်ကိုလာစရာမလိုဘူး၊ အိမ်ပေါ်လည်း တက်စရာမလိုဘူး၊ ခဏတဖြုတ်တောင် မလာရဘူး။ ဒါ ငါ့အမိန့်ပဲ ခုပြန်ထွက်သွား"

မိခင်နှင့် အစ်မတွေကလည်း မျက်ရည်သွယ်ရစ်ရုံမှလွဲ၍ တုတ်တုတ်မှ မလှုပ်ရဲကြ။

သူကိုယ်တိုင်ကလည်း ဖခင်ကြီးအကြောင်းကို သိသည်။

ဟင်ဆိုပြီးရင် တစ်ပတ်ပြန်မလည့်တတ်။

သူလည်းရှေ့သို့မှ နောက်သို့ ပြန်လှည့်ထွက်ခဲ့ရသည်။

"အမေကြီးရော၊ သမီးတို့ရော ဒီကိစ္စမှာ လုံးဝမပါနဲ့၊ ဝင်ပါရင် ကျုပ်တို့အိမ်ထောင် ပြိုကွဲသွားပြီသာမှတ်"

ဦးအောင်ဇင်က ပြောပြောဆိုဆို သူသွားမည့်လမ်းကြောင်းကို ဆက်ထွက်သွားသည်။

မင်းမင်းလည်း နောက်ကြောင်းပြန်မလှည့်ရဲဘဲ ဦးအေးဖြစ်သူ၏အိမ်ဆီသို့ ရောက်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုက်လိုက်တာ မင်းမင်းရယ်၊ မင်းအဖေငါ့အစ်ကိုကြီး အကြောင်းလည်း မင်းသိသားနဲ့ မင်းကိုငါက လက်ခံထားတာ အစ်ကိုကြီးသိသွားရင် မလွယ်ဘူး၊ မင်းအတွက် ငါလိုအပ်မယ့်အသုံးစရိတ်ပေးလိုက်မယ်၊ လောလောဆယ် မင်းအပေါင်းအသင်း တစ်ယောက်ယောက်အိမ်မှာ ခဏသွားနေ၊ နောက်ပိုင်းအစ်ကိုကြီးစိတ်ပြေအောင် ငါလည်းတတ်နိုင်သမျှလုပ်မယ်၊ ခုအစ်ကိုကြီး သွေးဆူသွေးပူနေတုန်း ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး"

ထိုမှတစ်နေရာသို့ ခြေဦးတည်ရပြန်သည်။

မိခင်ကြီး၏ ညီမဝမ်းကွဲ ဒေါ်လေးဝမ်းကွဲအိမ်သို့ ရောက်သွားသည်။

ရောက်သွားသည့်အချိန်မှာ ညနေစောင်းအချိန်။

အိမ်ရှေ့သို့အရောက် ခြေလှမ်းများ တုံ့သွားသည်။

ဒေါ်လေးတို့လင်မယား အော်ကြီးဟစ်ကျယ် ပြောဆိုနေသည့် နောင်ကျိန်ပွဲနှင့် သွားတိုးသည်။

အိမ်ပေါ်တက်ရအခက်၊ မတက်ရ အခက်ဖြစ်သွားသည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည်မှာ ဒါမျိုးပေလာဟု ဆိုရမည်သို့နှယ်။

နောက်ကြောင်း ပြန်လှည့်ခဲ့ရပြန်သည်။

သူငယ်ချင်းတွေထဲက ဘယ်သူ့ဆီသွားသွား အဆင်မပြေစရာ အကြောင်းမရှိ။ သို့တစေ မသွားချင်။

သူငယ်ချင်းက အကြောင်းမဟုတ်၊ သူတို့မိသားစုနှင့် မလွဲမသွေမျက်နှာချင်းဆိုင်ရတော့မည် ဖြစ်ကြောင်းကို ပြောရမည်၊ မပြောချင်ရှက်သည်။

နေညိုလာပြီ၊ မကြာခင် အမှောင်ရိပ်သန်းတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်မှာ ထမင်းဝင်စားပြီး ထိုညအတွက် ကျောချရမည့်နေရာသို့ ခြေဦးတည်လိုက်သည်။

ထွက်ခဲ့သည်၊ ထွက်ခဲ့သည်။

ရွှေတိဂုံဘုရားကြီးပေါ်သို့။

ထိုစဉ်က ဘုရားရဲများထံ ခွင့်တောင်းပြီး ရွှေတိဂုံဘုရားကြီးပေါ်တွင် မည်သူမဆို အိပ်လို့ရသည်။ ညှော်စာရင်းတိုင်ရသည့်ခေတ် မဟုတ်သေး။

ဘုရားပေါ်တွင် ဟိုလျှောက်သည်လျှောက် ဦးတည်ရာမရှိ။ ငေးမောရင်းမှ ဘိုးဘိုးအောင် တန်ဆောင်းအနီးမှ တန်ဆောင်းကြီးတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ထိုတန်ဆောင်းတွင် အိပ်ရာအိပ်ခင်းနှင့် အကျအနလဲလျောင်းနေသည့် အသက်ငါးဆယ်ကျော် ပုဂ္ဂိုလ်တစ်ဦးကိုလည်း တွေ့ရသည်။

သူ ထိုင်နေသည်မှာ နာရီဝက်ခန့်ရှိသွားပြီ

လဲလျောင်းနေသည့် ပုဂ္ဂိုလ်ကြီးမှာ လဲလျောင်းနေရာမှထပြီး ဆေးလိပ်ထိုင်သောက်နေသည်။

သူက ထိုပုဂ္ဂိုလ်အနီးသို့ ယို့ယို့လေးထသွားပြီး ထိုပုဂ္ဂိုလ်အနားတွင်ထိုင်ကာ ထိုတစ်ညတာအတွက် တန်ဆောင်းမှာ အိပ်ရပါစေဟု ခွင့်တောင်းလိုက်သည်။

ထိုပုဂ္ဂိုလ်က သူ့အကြောင်းကို မေးသည်။

သူက အကျဉ်းချုံးပြောပြသည်။

"ကောင်းပြီလေ၊ ဒုက္ခရောက်လာတော့လဲ အိပ်ပေါ့"

ထိုပုဂ္ဂိုလ်က ထိုမျှသာပြောပြီး နောက်ထပ်ဘာမျှမပြောတော့။

ခဏကြာသည့်အခါ ထိုပုဂ္ဂိုလ်မှာ သူ၏အိပ်ရာနှင့် မနီးမဝေးရှိ ရေအိုးထဲမှရေဖြင့် မျက်နှာသစ်ပြီး ပုတီးထိုင်စိပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဖျာကြမ်းတစ်ချပ်ပေါ်တွင်သူ၏အဝတ်အစား အိတ်ကို ခေါင်းအုံးပြီး လှဲနေလိုက်သည်။

သကြန်ရက်များအတွင်း အိပ်ရေးပျက်ခဲ့သလို ဒီကနေ့တစ်နေ့လုံး သွားလာလှုပ်ရှားနေရသောကြောင့် လှဲပြီး မကြာခင် အိပ်ပျော်သွားသည်။

ဘယ်လောက်အိပ်မောကျသွားမှန်း ကိုယ့်ဟာကိုယ်ပင်မသိ။ တစ်ကိုယ်လုံးကို လှုပ်နှိုးလိုက်တော့မှနိုးလာသည်။ ဒါတောင် မျက်စိမပွင့်ချင်သေး၍ မနည်းအားယူပြီး ဖွင့်လိုက်ရသည်။

မျက်နှာသစ်ရမည့်နေရာကိုလက်ညှိုးညွှန်ပြသည်။

မျက်နှာသစ်ပြီးနောက် မိုးလင်းထုံးစံအတိုင်း ဗိုက်ဆာလာသောကြောင့် လက်ဖက်ရည်သောက်သွားမည့်အကြောင်း ခွင့်တောင်း၍ ပုဂ္ဂိုလ်ကြီးအတွက်ပါ ဝယ်ခဲ့ပါရစေဟု ခပ်ရှိန့်ရှိန့်ပြောလိုက်ရသည်။

ထိုပုဂ္ဂိုလ်ကြီးက သူ့အတွက် ဝယ်ဖို့မလိုကြောင်း ပြောပြီး ခပ်မြန်မြန်ပြန်လာဖို့ မှာလိုက်သည်။

သူ လက်ဖက်ရည်ဆိုင်က ပြန်ရောက်သည့်အခါ ထိုပုဂ္ဂိုလ်ကြီးအနားတွင် အမျိုးသမီးသုံးယောက်နှင့် အမျိုးသားနှစ်ယောက် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်နေသည်ကို တွေ့ရသည်။

သူတို့မှာ စားသောက်ဖွယ်ရာများ ပါလာဟန်တူသည်။

သူက သူတို့အနားသို့ မသွားသင့်သောကြောင့် ခပ်လှမ်းလှမ်းမှာပင် ထိုင်နေလိုက်သည်။

သူတို့ဘာတွေ ပြောကြသည်ကိုမူ မကြားရ။

ပုဂ္ဂိုလ်ကြီးက သူ့ရှေ့တွင် ထိုင်နေသူများအား ခေါင်းကိုလက်ဝါးဖြင့် သုံးချက်စီ ပုတ်ပေးလိုက်သည်။

သူတို့က လက်အုပ်ချီကန်တော့ပြီး ပြန်သွားကြသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားပြီးနောက် ထိုပုဂ္ဂိုလ်ကြီးက သူ့အားလက်ပြ၍ လှမ်းခေါ်သည်။

"မင်း ဘယ်တော့အိမ်ပြန်မလဲ"

"ကျွန်တော်က ခုပဲပြန်ချင်ပါတယ်အဘ၊ အဖေ့ကို ကြောက်လို့မပြန်ရဲဘူး"

"ဒါဆို မင်းအိမ်ကို အမြန်ပြန်ရအောင် ငါလုပ်ပေးမယ်၊ အဲဒီအတွက် ပထမမင်းက ငါခိုင်းတာကို လုပ်ရမယ်"

"အဲဒါဆို မြန်မြန်သာခိုင်းပါ အဘ၊ ကျွန်တော် အိမ်ပြန်ရရင် ဘာမဆိုလုပ်မယ်"

"အေး . . ကောင်းပြီ၊ မင်းလုပ်ရမှာက"

ဘုရားပေါ်တွင် နေထိုင်သည့် ဦးရွှေထွန်းမည်ရှိ ဘိုးတော်ရွှေထွန်းက သူဘာလုပ်ရမည်ကို အသေးစိတ်ပြောပြသည်။ လက်တွေ့လုပ်နည်းလုပ်ဟန်ကိုလည်း သင်ပြပေးသည်။

စွပ်ကျယ်အင်္ကျီနှင့် လုံချည်ကို ဖရိုဖရဲဝတ်၍ လည်ပင်းတွင် ပုလဲစီးတစ်ကုံးဆွဲထားသည့် ဓာတ်စကားပြော ဘိုးတော်ပကောရှိ အမည်ပေါက်ဘိုးတော်လေးတစ်ယောက် ပေါ်ပေါက်လာသည်။

သူက လူသားများ ပြောရိုးပြောစဉ် စကားမျိုးမပြော။

လူအများ နားမလည်သည့် မည်သည့်ဘာသာစကားဟူ၍ မပြောနိုင်သော 'ကရုကရု ကရိုကရော၊ ဒေါ်ရောဒတ်ကနီး၊ ဝရာဝတိန်း' စသည့် အသံမျိုးထွက်သည့် ဓာတ်စကားပြောသည်။

တစ်ပတ်အတွင်း ဘိုးတော်ပကောရှိအနားမှာ ဘိုးတော်လေး၏ ဓာတ်ကူးခံမည့်သူတွေ ဝိုင်းအုံလာသည်။

ဓာတ်ကူးခံမည့်သူ၏ လက်ခလယ်ကို သူ၏ညာလက်နှင့်ဖွဲ့ပြီး ဝရုဝရော၊ ဝရဝရီတွေပြောပြီး ဓာတ်ကူးပေးသည်။

ဘိုးတော် ပကောရှိထံ ဓာတ်ထူးခံရန် ရောက်လာသူက လက်

www.burmeseclassic.com

www.burmeseclassic.com



ခေသယ်ကိုကိုင်၍ ဓာတ်ကူးပေးနေစဉ် ဓာတ်ကူးခံသူက မိမိမနောတွင် အလိုရှိရာကို နှလုံးသွင်းရည်မှန်းချက်ထား၍ အသံတိတ် တောင်းဆိုနေရမည်။

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ရာထူးတိုးတက်ရေး စသည့် မိမိအလိုရှိရာကို စိတ်မှတ်ဖြင့် တောင်းရမည်။

ဓာတ်ကူးခံမည့်သူက ဘယ်လိုအနေအထားနှင့်ထိုင်၍ ဘယ်လိုဘယ်ပုံလုပ်ရမည်ကိုတော့ ဘိုးတော်ရွှေထွန်းက ဘေးမှပြောပြသည်။

"ကိုယ်အလိုရှိရာကို ယုံယုံကြည်ကြည်နဲ့ အာရုံစူးစိုက်ပြီး တောင်း၊ စိတ်မပျံ့လွင့်စေနဲ့၊ လိုရာပြီးမြောက်ခရီးရောက်လိမ့်မယ်၊ ယက္ကန်းစင်တောင် ဆရာတော်ဘုရားကြီးရဲ့ ဓာတ်ဆက်ခံထားရတာ"

ဘာညာ၊ ဘာညာစသည်များကိုတော့ ဦးရွှေထွန်းက ဘေးကနေ ရွှီးပေးသည်။

ဓာတ်ကူးချိန်မှာ တစ်ယောက်ဆယ်မိနစ်ခန့်။

ဓာတ်ကူးပေးပြီးရင် ဘိုးတော်ပကောရှိက သူ့လည်ပင်းမှ ပုတီးကိုချွတ်၍ ဓာတ်ကူးခံယူခေါင်းပေါ်သို့ ပုတီးနှင့်သုံးကြိမ် သပ်ပေးသည်။

ဓာတ်တူးပေးခအတွက် ဘယ်ရွေ့ဘယ်မျှဟူ၍ သတ်မှတ်နှုန်းထား ပုံသေသတ်မှတ်မထား။

ဘိုးတော် ပကောရှိထိုင်သည့်နေရာ နောက်ဖက်ရှိ အုန်းငှက်ပျောပွဲထဲသို့ စေတနာအလျောက် ငွေကြေးထည့်ဝင်ကြရသည်။

စေတနာအလျောက်ဆိုသည်က သတ်မှတ်ချက်ထားရှိသည် ထက်ပင် ပို၍ရသည်။

ဘိုးတော်ရွှေထွန်းက အရွှီးကောင်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ပကောရှိကလည်း ပြကွက်ကောင်းကောင်း။

ပကောရှိဆိုသော နာမည်က ဆန်းကြယ်သည်။

သူ့နှုတ်ထွက်စကားကလည်း ဆန်းကြယ်။

ဂန္ဓာရီဝိဇ္ဇာခရီးပေါက်သူ နာမည်ကြီး ယက္ခန်းစင်တောင် ဆရာတော်ကြီး၏ တတ်ဆက်ပုဂ္ဂိုလ်ဆိုတော့လည်း ဘာပြောစရာ လိုတော့မှာပါ။

ရွှေတိဂုံဘုရားပေါ်မှာ ဘိုးတော်ပကောရှိ စန်းထသွားခဲ့ဖူးသည်။

အံ့ဩစရာဟူသည် ကြာရှည်မခံပါဆိုသော အီတလီစကားလုံးအတိုင်း ဘိုးတော်ပကောရှိလည်း ကြာရှည်မခံလိုက်ပါ။

ဘုန်းကြီးရှူးနှင့် လေ့လူးဆိုသော စကားပုံရှိပါသည်။

လွှယ်လွှယ်ကူကူ ယုံလွယ်တတ်သည့် ဓလေ့စရိုက်ရှိသော မြန်မာလူမျိုးများနှင့်လိုက်ဖက်သည့် စကားပုံမှာ ဘုန်းကြီးရှူးနှင့် လေ့လူးဟူသော စကားပုံပါတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

ခင်မောင်အေးနှင့် တင်အောင်ထွန်းတို့မှာ မိမိကိုယ်ပိုင် ကြိုးစားမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကို အခြေခံ၍ ကျောက်စိမ်းလောကထဲသို့ လက်တွဲဝင်ရောက်ပြီး ကံတည်းဟူသော အလုပ်ဖြင့် စီးပွားရေးလုပ်ကိုင်ခဲ့ရာ အောင်မြင်မှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်သည့်အဆင့်သို့ရောက်ခဲ့သည်။

သို့တစေ မကောင်းမှုနှင့် တစ်စိတ်တစ်ပိုင်း ဆက်နွယ်နေသည့်သူတို့လုပ်ငန်းမှာ တဖြည်းဖြည်း လုပ်ကွက်ဘောင်ကျဉ်းလာသည်။

အထိန်းအကွပ်၊ အကြပ်အမတ် တင်းကျပ်လာသည်။

သူတို့လောကသားတချို့မှာ ရာဇဝတ်မှု ပြစ်ဒဏ်ထိုက်ပြီး လုံးတီးစားဘဝသို့ အပြောင်းအလဲရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း ခြေလှမ်းမကျဲရဲတော့။ ခြေလှမ်းတုံ့၍ ခြေလှမ်း ဆုတ်လိုက်ရသည်။

လက်ထဲမှာ ငါးသိန်းနှစ်သောင်းနှင့် ဝယ်ထားသည့်ကျောက် တစ်ပွင့်၊ ခုနှစ်သိန်းနှင့် ဝယ်ထားသည့် ကျောက်တစ်ပွင့်ရှိနေသည်။

အခြေအနေမကောင်းသည့်အလျောက် တန်ဖိုးကြီးကျောက် များ ခါတိုင်းလို အဝယ်မလိုက်၊ အရောင်းအဝယ်မသွက်ဖြစ်နေသည်။

တန်ဖိုးကြီးသော ကျောက်တွေကိုင်ပြီး နယ်စပ်ကိုလည်း ခြေ ဆောန့်ရဲ။

ထိလိုက်ရင် တစ်ချက်တည်းနှင့် ကျောကော့သွားမည်။

သူတို့နှစ်ယောက်စလုံး ဘာဆက်လုပ်ရမှန်းမသိဘဲ ဦးနှောက် စားနေကြသည်။

တစ်နေ့ ။

သူတို့နှင့် ရင်းနှီးသည့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦး က ပြောလာသည်။

အဲဒီမိတ်ဆွေကလည်း သူတို့လို ခေတ်ပညာတတ်။

သူတို့နှင့် လေးငါးနှစ်စောပြီး ဘွဲ့ရခဲ့သူ။

ဘူမိဗေဒဘွဲ့ရထားသူ။

သူ၏အမည်မှာ ကိုလှမြင့်ကျော်။

ဂန္ဓာရီကျင့်စဉ်ကျင့်ပြီး အတော်ပေါက်ရောက်နေသည့် ပုဂ္ဂိုလ် တစ်ယောက်ရှိသည့်အကြောင်း၊ ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ မြို့ပိုင်အဆင့်အထိ အမှုထမ်းခဲ့ရာမှ အငြိမ်းစားယူ၍ ဂန္ဓာရီစခန်းသို့ ခြေဦးတည်နေသူဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အနေနည်း၍ ကိုးနဝင်း ကြေး နှစ်ဆယ့်ခုနှစ်ဌာန၊ စခန်းများသို့ လှည့်လည်၍ ကျင့်ကြံစခန်း ဝင်နေသူဖြစ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ခုနစ်ဌာနစခန်း ကျင့်စဉ်ပြီးလျှင် ဂန္ဓာရီလိုင်းသို့ အပြီးအပိုင်သွားတော့မည်ဖြစ်ကြောင်း။

ရန်ကုန်သို့ ခေတ္တခဏလာတုန်း လာခိုက်သာတွေ့နိုင်ကြောင်း။

ရှစ်မိုင်ဘက်ရှိ သူ၏ပါရမီဖြည့်ဘက်၊ တပည့်တစ်ဦး၏ တိုက်တွင် ဓာတ်စခန်းဖွင့်၍ တပည့်ရင်းများ၏ ကိစ္စအထွေထွေကို ဂန္ဓာရီလမ်းမထွက်ခင် လုပ်ကိုင်ပေးနေကြောင်းနှင့် နှစ်ဆယ့်လေးဌာန ပြည့်သွားပြီဖြစ်၍ နောက်ပိုင်းတွေ့ဆုံရန် မလွယ်ကူ၊ မဖြစ်နိုင်တော့ကြောင်း များပြောပြသည်။

ကိုလှမြင့်ကျော်လိုလူက ထိုသို့ပြောလာသဖြင့် သူတို့နှစ်ယောက်လည်း အတော်လေး စိတ်ဝင်စားသွားသည်။

သူတို့လက်ထဲတွင် ရှိနေသည့် ရောင်းဈေးသိန်းနှစ်ဆယ် ကျော်ခေါ်ထားသည့် ကျောက်နှစ်လုံး၊ အမြန်ဆုံးထွက်သွားဖို့နှင့် ရှေ့ဆက်ရမည့် လုပ်ငန်းအတွက် သွားတွေ့ရကောင်းမလားဟု တိုင်ပင်ကြသည်။

“ကိုလှမြင့်ကျော်လို လူမျိုးကတောင် ဒီလောက်ယုံယုံကြည်ကြည်ပြောလာတာဆိုတော့ တော်ရုံပုဂ္ဂိုလ်တော့မဖြစ်နိုင်ဘူး။ ခေတ်ပညာတတ် မြို့ပိုင်ဘဝကနေ ဒီလိုင်းဘက်ကူးလာတာဟာ ထူးတော့ထူးခြားတယ်လို့ ပြောရမှာပဲကွ၊ မောင်ရင်တော့ ဘယ်လိုထင်သလဲ”

ထွန်းထွန်းက ဤသို့ဖြင့် စလိုက်သည်။

ခင်မောင်အေးက သူ့စရိုက်အတိုင်း အဆုံးအဖြတ်အဖြေကို ချက်ချင်းမပေးဘဲ တွေးတွေးချင့်ချင့် စဉ်းစဉ်းစားစားဟန်သွင်းနေသည်။

ထွန်းထွန်းက ဆန္ဒစောတတ်သူ ဖြစ်သည့်အတိုင်း ခင်မောင်အေးတွေးတော ငေးမောနေသည်ကိုကြည့်ပြီး အားမလိုအားမရဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ သွားတွေ့လိုက်ချင်တယ်၊ ဒါမှကိုယ်တို့အတွက် အဖြေတစ်ခုခု ရမှာပေါ့"

"ကိုတို့က ခုမှ သွားတွေ့ရမှာဆိုတော့ သူတို့အသိုင်းအဝိုင်းထဲကမှ မဟုတ်ဘဲဟာ၊ ဟိုကိစ္စကိုလိုလိုလားလား လုပ်ပေးပါ့မလား"

"ဒီကိစ္စအတွက်တော့ ကိုလှမြင့်ကျော်ကြီးရဲ့ အကူအညီ ယူရမှာပေါ့၊ သူက ကိုယ်တိုင်အဝင်အထွက်ရှိနေလို့သာ ဂဃနဏပြောနိုင်တာပေါ့"

ထို့မှ သူတို့နှစ်ယောက် ဂန္ဓာရီဝိဇ္ဇာလမ်းသို့ ထွက်တော့မည့် ပုဂ္ဂိုလ်ကြီးကို သွားတွေ့ရန် ဆုံးဖြတ်လိုက်ကြသည်။

ကိုလှမြင့်ကျော်တပည့် လိုလိုလားလားပင် လိုက်ပို့ပေးခဲ့သည်။

ရောက်ကြပြီ။

ခြံဝင်းထဲမှာ ဌာနဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်ကြီးများ စီးသည့် ကားနှစ်စီးနှင့် ဆယ်သိန်းအထက် ဈေးပေါက်သည့် ကားလေးစီးရပ်ထားသည်ကို တွေ့ရသည်။

သူတို့စီးလာသည့် ကိုလှမြင့်ကျော်ကားပါ ခုနစ်စီး။

ထိုအထဲမှာ ကိုးသိန်းကျော်တန် ကိုလှမြင့်ကျော်ကား အနိမ့်ဆုံး။

သူတို့ကားရပ်ပြီး နှစ်ထပ်တိုက်အဆောက်အအုံ၏ သော့ခပ်ထားသည့် သံပန်းတံခါးရှေ့သို့ ရောက်ခဲ့ကြသည်။

ကိုလှမြင့်ကျော်က လူခေါ်ခေါင်းလောင်းကို သာသာလေးနှိပ်လိုက်သည်။

လူတစ်ယောက်ထွက်လာသည်။

"ကိုလှမြင့်ကျော်နှင့် သိပြီးကျွမ်းပြီးမို့ အပြုံးဖြင့် နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး တံခါးသော့ဖွင့်ပေးသည်။

"ဆရာတို့ ခဏစောင့်ပါဦး၊ အပေါ်မှာအရေးကြီးတဲ့ကိစ္စလုပ်နေလို့ မကြာပါဘူး ပြီးတော့မှာပါ"

သူတို့သုံးယောက် အောက်ထပ်ဧည့်ခန်းရှိ ဆိုဖာဆက်တီတွင် ဝင်ထိုင်လိုက်ကြရသည်။

ခုံပုလေးနှစ်လုံးနှင့် ဖတ်စရာသတင်းစာကအစ စာအုပ်မျိုးစုံတင်ထားပေးသည်။

သူတို့ရောက်နေသည့်နေရာ၏ ခေတ်မီအပြင်အဆင်များကို အထူးဖော်ပြစရာမလို။

ယနေ့ခေတ် ဗွီဒီယိုဇာတ်ကားများရိုက်သည့် တိုက်များ၏ ဧည့်ခန်းအပြင်အဆင်များထက် သာလွန်သည်။

သို့ကာသီကာ သာလွန်သည်မျိုးထက်၊ ထူးထူးထင်ထင် ပြောစမှတ်ပြုရလောက်အောင် သာလွန်သည်။

မိနစ်နှစ်ဆယ်လောက်ကြာမှ အပေါ်ထပ်တွင် ရောက်ရှိနေသည့် ဧည့်သည်လေးယောက်ဆင်းလာသည်။

အမျိုးသားနှစ်ယောက်၊ အမျိုးသမီးနှစ်ယောက်။

သူတို့ဝတ်စားဆင်ယင်ပုံကိုကြည့်ရုံဖြင့် ဘယ်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်မည်ကို ခန့်မှန်းလို့ရသည်။

နောက်ထပ် ဆယ်မိနစ်လောက်အကြာမှာ ငါးယောက်ထပ်ဆင်းလာသည်။

အမျိုးသားနှစ်ယောက်နှင့် အမျိုးသမီးသုံးယောက်။

ပထမလေးယောက်လို သက်ရွယ်မကြီးများ မဟုတ်။

သက်လတ်ပိုင်းများဖြစ်၏။

အပြင်ခြံထဲမှာ ရပ်ထားသည့်ကားတွေထဲ သူတို့၏ အဆင့်

www.burmeseclassic.com

www.burmeseclassic.com

အတန်းကို ခန့်မှန်းနိုင်ရာပြီမို့ အထူးတလည် ခန့်မှန်းစရာမလို။
ပုဂ္ဂိုလ်ကြီးထိုင်နေရာနောက် ကတ္တီပါလိုက်ကာ နောက်မှာ ဘုရားခန်း။
ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးထိုင်နေသည့်နောက်ဖက်တွင် အုန်းငှက်ပျောပွဲ သုံးပွဲဆင်ထားသည်။
တစ်ပွဲကားအမြင့်။
သုံးပွဲက တစ်တန်းတည်း။
ဒင်ဆိုသည့် အုန်းသီးစိမ်းကြီးများနှင့် အယ်ထော်နေသည့် ရွှေငှက်ပျောသီးအဖီးကြီးများမှာ လိုက်ဖက်တင့်မောဖွယ်ရာ ရှိနေသည်။
ထိုးထိုးထောင်ထောင် ရောင်စုံဖြာနေသည့် တံခွန်၊ ကုက္ကား ပန်းပွားလုံးများမှာ ပွင့်လွင့်သောကျက်သရေကို ဆောင်ထားဘိသို့ ရှိပါချေ၏။
ပွဲတိုင်းတွင် အားလုံးသောအရာများထက် မြင့်မားသော ဖြူတစ်လက်စီက အုပ်မိုးထားသည်။
ကတ္တီပါခုံပေါ်တွင်ထိုင်နေသည့် ပုဂ္ဂိုလ်ကြီးမှာ ဥပဓိရုပ်ကျယ် ပြန့်သည်။
လည်ပင်းတွင်ဆွဲထားသည့် မဟာ့ရာပုတီးနှင့် ဝတ်ရုံဖြူမှာ လိုက်ဖက်ပေါ်လွင်သည်။
မခက်ထန်သော်လည်း သူ၏မျက်နှာပြင်ပေါ်တွင် အရယ် အပြုံးရိပ် လုံးဝမထင်။
ကိုလှမြင့်ကျော်၏ အရိပ်အခြေကိုကြည့်၍ ကိုလှမြင့်ကျော် လုပ်သလို သူတို့နှစ်ယောက်လည်း လိုက်လုပ်ကြရသည်။
ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်၍ ဦးကိုးကြိမ်ချရခြင်း။
ခါယ်သို့ရည်စူး၍ ဦးချရမှန်းကိုတော့ သူတို့နှစ်ယောက်လည်း

www.burmeseclassic.com



မသိ။

သို့တစေ ကိုလှမြင့်ကျော်လုပ်သလို လိုက်လုပ်ရခြင်း ဖြစ်၏။

ကိုလှမြင့်ကျော်က သူတို့နှစ်ယောက် ဘယ်သူဘယ်ဝါဖြစ်ကြ၍ လာရင်းကိစ္စအကြောင်းကို အတိုချုပ်ပြောပြသည်။

ပုဂ္ဂိုလ်ကြီးက ခပ်ဆတ်ဆတ်ခေါင်းသုံးကြိမ် ညိတ်လိုက်သည်။

"ကျုပ်သိပါတယ်လေ၊ ကိုလှမြင့်ကျော်နဲ့ပတ်သက်လာတာဆိုတော့ ထိုက်သင့်သလောက် လုပ်ပေးရမှာပေါ့၊ ပုတီးစိပ်အားတော့ အရှိသားပဲ၊ အလေးအနက်တော့ သိပ်မရှိဘူး၊ သက်ဝင်ယုံကြည်မှုက အားနည်းနေတာကို ခတ်ကူးကြည့်ရမှာပေါ့"

ပထမခင်မောင်အေး၏ ခေါင်းပေါ်သို့ ပုတီးတင်ပြီး လက်ဝဲနှင့်ခေါင်းကို အုပ်ထားသည်။

သုံးမိနစ်ခန့်အုပ်ထားပြီး ပြန်ရုပ်လိုက်သည်။

ပုဂ္ဂိုလ်ကြီးက ခေါင်းကိုသာသာလေး ယမ်းလိုက်သည်။

ထွန်းထွန်းအလှည့်။

ပုဂ္ဂိုလ်ကြီးက ခေါင်းကို ဆတ်ဆတ်ကလေးနှစ်ခါ ညိတ်လိုက်သည်။

"ခတ်လဲကောင်းတယ်၊ လာဘ်လည်းကောင်းတယ်၊ ခုကိစ္စမှာ မောင်ရင်ရှေ့ဆောင်ရလိမ့်မယ်၊ နောက်ပိုင်းလုပ်ငန်းလိုင်း ပြောင်းရလိမ့်မယ်"

ထိုသို့ပြောပြီး ထိုင်ရာမှထ၍ တစ်တန်းတည်းရှိနေသည့်ပွဲ သုံးပွဲပေါ်သို့ သုံးကြိမ်လက်နှင့်ရိုက်ယူပြီး သူတို့နှစ်ယောက်မျက်နှာကို တစ်ကြိမ်စီ ပေါက်ပေးသည်။

ပြကွက်ထူးထူးခြားခြားမရှိပေမယ့် လှုပ်ကွက်ကတော့ ဒါပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ . ကိုလှမြင့်ကျော်၊ သန်ဘက်ခါမနက်ရှစ်နာရီခွဲတိတိ၊ ဒီကိုအရောက်လာခဲ့၊ ကိုလှမြင့်ကျော်ပဏ္ဍည်းပါယူလာ၊ သူတို့လာဖို့ မလာဖို့နဲ့ သူတို့ကိစ္စကိုတော့ မတိုက်တွန်းပါနဲ့၊ သူတို့ဆန္ဒသဘောနဲ့ အတိုင်းရှိပါစေ"

တွေ့ဆုံခြင်းပြီးသွားပြီ။

ကိုလှမြင့်ကျော် စားပွဲရှေ့ခုံပေါ်ရှိ စာရွက်အဖြူ တစ်ရွက်ကို ယူ၍ ကန်တော့ပုံလေးလုပ်ပြီး ပိုက်ဆံထည့်သည်။

ပြီးနောက် ကန်တော့ပွဲထဲမှာ ပိုက်ဆံထည့်ထားသည့် ကန်တော့ကို သွားစိုက်လိုက်သည်။

သူတို့ကလည်း ထိုနည်းလည်းကောင်းလုပ်ရန် ဟန်ပြင်လိုက်သည်။

ပုဂ္ဂိုလ်ကြီးက လက်ဝါးကာ၍ တားလိုက်သည်။

"ကန်တော့ပွဲ လဲဖို့ထည့်တာ လုံလောက်ပြီ"

ဦးကိုးကြိမ်ချရပြန်သည်။

အဝင်ကိုးကြိမ်၊ အထွက်ကိုးကြိမ်။

နဝင်းကြေဟု ဆိုရလေမလား။

ရ ဂဏန်းသည် လာဘ်ကောင်းသော ဂဏန်းဟု အဆိုပြုသွားကြသည်။

မြန်မာလူမျိုးများအတွက်မူ ၉ ဂဏန်းသည် အရေးပါ၍ သင်္ချာ၏ ကိန်းဂဏန်းတွင် အင်အားကြီးသော ဂဏန်းဖြစ်၏။

ဂုဏ်တော်ကိုးပါး။

အံ့ဖွယ်ကိုးဖြာ။

ကိုးသွယ်ရတနာ (နဝရတ်ကိုးသွယ်)။

သုံး[illegible]ဦးကြိမ်အမျှဝေ၊ ကိုး။

www.burmeseclassic.com

www.burmeseclassic.com



သုံးလီ သုံးကြိမ် သာခုခေါ်၊ ကိုး။

ဒါတင်မက ဂဏန်းအမြှောက်အပေါင်းရလဒ်ကိုး။

အဖြေထွက်သည့်မှာလည်း ၉ ဂဏန်းပင်။

၉ × ၁ = ၉

၉ × ၂ = ၁၈

၉ × ၃ = ၂၇

၉ × ၄ = ၃၆

၉ × ၅ = ၄၅

၉ × ၆ = ၅၄

၉ × ၇ = ၆၃

၉ × ၈ = ၇၂

၉ × ၉ = ၈၁

၁ + ၈ = ၉

၂ + ၇ = ၉

၃ + ၆ = ၉

၄ + ၅ = ၉

၅ + ၄ = ၉

၆ + ၃ = ၉

၇ + ၂ = ၉

၈ + ၁ = ၉

၉ ဂဏန်းသည် ပဓာနကိန်း ဂဏန်းဖြစ်သည်။

ခုလည်း သူတို့သုံးယောက်မှာ ဂုမ္ဘိရပညာရှင်ကြီးရှေ့မှောက်မှာ အဝင်ကိုးကြိမ်၊ အထွက်ကိုးကြိမ် ကန်တော့ခဲ့ရသည်။

ပုဂ္ဂိုလ်ဝင်မှ တရားမင်သည်ဆိုဖြသာ ပဟာစကားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရသည့် ပုဂ္ဂိုလ်ကြီးမှာ ကြည်ညိုစရာဟု မဆိုသာသည့်တိုင် လေးစားဖွယ်ရာပုဂ္ဂိုလ်အဖြစ် အမှတ်အသား ပြုလိုက်မိသည်။

သူတို့နှင့်တွေ့ကြရာတွင် ဖျော်လင့်ချက်ပေးသော စကားမျိုး မပြော။

သူဘယ်လိုပုဂ္ဂိုလ်ဖြစ်သည်။ ဘာတွေစွမ်းဆောင်နိုင်သည် ဆိုသည်ကို လုံးဝမပြော။

ဟိုဟိုသည်သည် အဆန်းတကျယ် ပြကွက်မျိုး မပြ။

ဘာပေး ညာပေးလည်း မလုပ်။

သူတို့နှစ်ယောက်က ကန်တော့ပွဲထဲ ငွေကြေးထည့်မည်ကိုပင် လက်ပြ၍တားလိုက်သည်။

သူတို့နှင့် ပတ်သက်၍ပြောလိုက်သည်မှာလည်း လိုရင်းကို တိုတိုတုတ်တုတ်ပင်ပြောသည်။

ခင်မောင်အေးနှင့် ဓာတ်မတည့်။

ထွန်းထွန်းနှင့် ဓာတ်တည့်သည်။ ထွန်းထွန်းက ဓာတ်ရော လာဘ်ရောကောင်းသည်။

ခုကိစ္စကို ထွန်းထွန်းက ခေါင်းဆောင်ရလိမ့်မည်။ လုပ်ငန်းလိုင်းပြောင်းရမည်။

ပုဂ္ဂိုလ်ကြီးပြောလိုက်သည်မှာ ထိုမျှသာ။

ကိုလှမြင့်ကျော်ကိုတော့ ပစ္စည်းယူလာဖို့ ပြောလိုက်သည်။

သူတို့မလာဖို့ လာဖို့ သူတို့ကိစ္စကိုတော့ မတိုက်တွန်းပါနဲ့။ သူတို့ဆန္ဒသဘောအတိုင်း ရှိပါစေ . ။

ထိုအပြောက ဘာကိုရည်ညွှန်းမှန်းမသိ။

ဒါ ကိုလှမြင့်ကျော်ကို မေးမြန်းရမည့်ကိစ္စ။

ထိုကိစ္စ ဘာဆိုသည်ကို မေးမြန်းကြည့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမြင့်ကျော်က သူတို့တွေ့ခဲ့သည့် ပုဂ္ဂိုလ်ကြီးအကြောင်း ပြောပြသည်။

သူ၏အမည်မှာ ဦးမြင့်ထွေး။

ဘိုးမင်းခေါင်၏ ဓာတ်သက်ခံထားရသူ။

သူစခန်းဝင်နေသည့် နှစ်ဆယ့်ခုနစ်ဌာနကိစ္စမှာ သူသဘောနှင့်သူ လုပ်နေရခြင်းမဟုတ်။ ဘိုးမင်းခေါင်၏ ဓာတ်ဆက်ညွှန်ကြားသည်ကို လုပ်နေရခြင်းဖြစ်သည်။

ခုနစ်ဆယ့်လေးဌာနစခန်းအတွက် မကြာမီရပ်ပိုင်းအတွင်း ခရီးဆက်ရမည်။

ခရီးမဆက်ခင် ရန်ကုန်ဓာတ်စခန်းတွင် ဓာတ်သက်ဝင်နေရခြင်းဖြစ်သည်။

ထိုသို့ ရန်ကုန်ဓာတ်စခန်းသို့ ရောက်သည့်အခါ သူနှင့်ဓာတ်တည့်သူ၊ တပည့်တစ်ပန်းများ၏ကိစ္စကို ခရီးသွားဟန့်လွှဲလုပ်ပေးလေ့ရှိကြောင်း။

အုပ်စုဖွဲ့ပြီး ဂိုဏ်းထောင်တာမျိုး၊ တပည့်တွေ တရုန်းရုန်းနှင့် လူမြင်ကွင်းမှာ ဟန်ရေးပြလေ့မရှိသလို လူတိုင်းကိုလည်း သူ၏ရန်ကုန်ဓာတ်စခန်းသို့ အဝင်ခံလေ့မရှိကြောင်း၊ သူနှင့်ပတ်သက်သောကြောင့် လက်ခံတွေ့ဆုံခြင်းဖြစ်ကြောင်း ပြောပြသည်။

"ဒီပုဂ္ဂိုလ်ကြီးနဲ့ ဆက်ဆံနေတဲ့ လူတွေဟာ ဝန်ထမ်းလောကနဲ့ စီးပွားရေးလောကမှာ ထိပ်ရောက်နေတဲ့ လူတွေချည်းပဲ၊ သူက စီးပွားရေးတို့ဘာတို့နဲ့ ဆက်နွှယ်တဲ့လောကီရေးကိစ္စတွေကို အဆင်အလျောက်လုပ်ပေးတယ်၊ အဓိကကတော့ ကျင့်စဉ်စခန်းနဲ့ ပတ်သက်တာကို အဓိကထားတယ်၊ လုပ်ပါမယ်ဆိုတဲ့ ကတိသစ္စာလည်းဆိုရတယ်၊ မလုပ်ဘဲနဲ့ လုပ်မိတယ်လို့တော့ သွားမပြောနဲ့၊ သူနဲ့ဆက်ဆံခွင့် နောက်

www.burmeseclassic.com



ထပ်ဘယ်တော့မှ မရတော့၊ သူကလုပ်ပေးမယ်ဆိုပြီး လုပ်ပေးတဲ့ ကိစ္စတွေကလည်း အောင်မြင်တာများတယ်၊ ကိုးဆယ်ရာနှုန်း အောင်မြင်တယ်၊ ကိုယ်ကတော့ သူ့ရဲ့ကျင့်စဉ် ပေါက်မြောက်နေတာရယ်၊ ရိုးသားမှုရှိတာကို ယုံတယ်"

အဲသည်လို ကိုလှမြင့်ကျော်၏ အပြောနှင့်သူတို့ တခဏာပန်းတွေ့ဆုံစဉ် အကဲခတ်ကြည့်ရသည်မှာ ဟုတ်လောက်စရာရှိသည်ဟု ဆိုရမည်သို့ ရှိပါချေ၏။

"အစ်ကိုတို့ပစ္စည်းတွေယူလာဖို့ ချိန်းလိုက်တာကကော ဘာကိစ္စလဲ"

"အဲဒီကိစ္စက ကိုယ်တို့အရောင်းအဝယ်လုပ်မယ့် ပစ္စည်းတွေကို ပွဲထဲမှာ တစ်ညသွားထည့်ထားရတယ်၊ အဲဒီလိုပစ္စည်းထည့်တဲ့ ဝစ်နေ့လုံးအဲဒီစခန်းမှာ နေရတယ်၊ ဓာတ်ဖြန့်ပေးတယ်၊ ကိုယ်တို့လည်း အဲဒီမှာ ပုတီးစိပ်ရတယ်၊ ညဘက်ကျတော့ အဘက ဓာတ်ဆက်၊ ဓာတ်ကူးပေးတယ်၊ အရောင်းအဝယ်လုပ်တဲ့နေရာမှာ အန္တရာယ်မရှိအောင် ကိုယ်တို့ဆို စျေးရအောင် ပံ့ပိုးပေးတဲ့သဘောပဲ"

"အဲဒီလိုလုပ်တာ ဘယ်နှစ်ကြိမ်လောက်ရှိပလဲ"

"အဘက ခဏခဏလုပ်ပေးတာ မဟုတ်ဘူး။ ဒီတစ်ကြိမ်ဆိုရင် သုံးကြိမ်ရှိပြီပေါ့"

"တကယ်ကော အလုပ်ဖြစ်ရဲ့လား။ အစ်ကိုကိုယ်တွေ့ရော"

"ဖြစ်တယ်လေ၊ ဒါကြောင့်လဲ ကိုယ်သွားနေတာပေါ့"

"ဒါဆို ကျွန်တော်တို့ရော အဲဒီအထဲမှာပါလို့ဖြစ်ပါ့မလား"

"အဲဒါတော့ ကိုယ်လည်းတတ်အပ်မတ်ချ မပြောနိုင်ဘူး မောင်ရင်တို့ကို မတိုက်တွန်းပါနဲ့လို့ မှာလိုက်တာ၊ မောင်ရင်တို့ အခြေအနေ ပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုလှမြင့်ကျော်က သူတို့ပါသိသည့် ကျောက်လောကထဲမှ သုံးယောက်နာမည်နှင့် နာမည်ကြီးစိန်ပွဲစားကြီးများလည်းပါသည့် အကြောင်းပြောပြသည်။

ရတနာအရောင်းအဝယ်လုပ်ငန်းနှင့် မဆိုင်သော စီးပွားရေး သမားများကလည်း သူတို့ပိုင်စိန်ထည်နှင့် အဖိုးတန်ကျောက်မြက်များ လာထည့်ပြီး လုပ်ငန်းကိစ္စအတွက် ခတ်ကူးသည့်အကြောင်းလည်း ပြောပြသည်။

"အဲဒီကိစ္စက ဘယ်နေ့လုပ်မှာလဲ"

"ဆယ့်ငါးရက်နေ့၊ ကြားနှစ်ရက်ခြားပေါ့"

"ကျွန်တော်တို့ပါ လိုက်မယ်ဆိုရင်ရော"

"ဒါတော့ မောင်ရင်တို့သဘောပဲ၊ တစ်ခုတော့ရှိတယ်၊ လက်ခံမလား၊ လက်မခံဘူးလားဆိုတာတော့ ဟိုရောက်မှ အဆုံးအဖြတ် ဖြစ်လိမ့်မယ်"

ကိုလှမြင့်ကျော် ပြန်သွားသည်။

သူတို့နှစ်ယောက် ခေါင်းချင်းရိုက် တိုင်ပင်ရသည်။

သူတို့မှာကလည်း ဆယ့်နှစ်သိန်းကျော် ပစ္စည်းနှစ်ခုရှိနေသည်။

လေးလကျော်လာသည်အထိ မဈွံသေး။

ခေါ်ဈေးနှင့် ပေးဈေးမှာ မနီးစပ်။

ကွာဟချက် ကြီးမားနေသည်။

အမြတ်မတင်တောင် အရင်းထဲက မပဲ့အောင်လုပ်ရမည့် အခြေအနေ။

တစ်ဖက်နိုင်ငံသို့ သွားနေကျသမားများလည်း အဆိုင်ဖင် မြဲနေကြသည်။

သူတို့လက်ကိုင်ပစ္စည်းမှာ တန်ဖိုးကြီးမားသည့်အလျောက်

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းကိုမပြ။

အတွင်းသိ၊ အဆင်းသိသမားအချင်းချင်းပင် သတိထားပြီး ဆက်ဆံနေရသည်။

အခြေအနေ ပြန်ကောင်းလာမည့်အချိန်ကို စောင့်ရမည့် အတိုင်းအတာကာလကို ခန့်မှန်းလို့မရ။

သူတို့အကဲဖြတ်ဝယ်ထားသည့်ပစ္စည်းယခင့်ယခင် အခြေအနေအတိုင်းသာဆို ခန့်မှန်းထားသည့်အမြတ် မြေကြီးလက်ခတ် မလွဲနိုင်သည့်အပြင် နှစ်ပတ်အလွန်ဆုံး သုံးပတ်အတွင်းအလုပ်ဖြစ်မည် မှာသေချာသည်။

ခုဟာက မျှော်မှန်းမထားဘဲ ဖောက်ထိုးမိုးမျှော်တု ဆိုရမည့်သို့ ကမောက်ကမ ဖြစ်သွားသည့်အခြေအနေ။

သူတို့လုပ်ငန်းလုပ်ခဲ့သည်မှာ ခြောက်နှစ်ကျော်ပြီ။

ကိုယ့်အားကိုယ်ကိုးပြီး အမှန်အရှိ ပကတိအနေအထားကို ကိုယ်ပိုင်ဉာဏ်အသိဖြင့် ဆုံးဖြတ်၍ လုပ်ကိုင်ခဲ့ကြသည်။

အမအစတို့ ဖြစ်စေသတည်းတို့နှင့် တစ်ခါမှ ဆက်နွယ်မှု ပတ်သက်မှု မရှိစဖူးခဲ့။

ကိုယ့်ဟာကိုယ်ပုတီးခြောင် ပုတီးစိပ်ကိုတော့ လက်ကိုင်ပြုခဲ့ သည်။

ကိုယ်ရေးကြုံလာလျှင် သက်လုံကောင်းရမည်ဟုဆိုစကားရှိ သည်။

သည်တစ်ခါတော့ သူတို့လည်း သက်လုံမကောင်းချင်သလို ဖြစ်လာသည်။

အတွေးအခေါ်ပိုင်း နိမ့်ပါးသွားသည်။

❛ ကိုလှမြင့်ကျော်ကြီးတောင် သူ့ပစ္စည်းတွေ ဒီတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကလိမ်ကလဲ့ဖြစ်စရာအကြောင်း မရှိနိုင်ဆိုသည့် အတွေးအခေါ်၏ တွန်းပို့မှုက သူတို့၏ရိုးရင်းစွာ ကိုယ်ခံစိတ်ခါတ်အားကို လျော့ပါးသွားစေခဲ့သည်။

ကိုလှမြင့်ကျော်နှင့် သူတို့ဆက်ဆံလာသည်မှာ သုံးနှစ်ကျော်ကာလရှိလာပြီး တစ်စွန်းတစနာမည်ပျက်မရှိခဲ့သူ။

အကြီအဖန်သမား မဟုတ်။

တကယ့် အမှန်အကန်သမား။

ထိုကိစ္စနှင့်ပတ်သက်၍ သူတို့နှစ်ယောက်ဆွေးနွေးကြရာတွင် ခင်မောင်အေးက စိတ်ပါလက်ပါမရှိ။

အခြေအနေသည် တသတ်မှတ်တည်း မသွား။

အပြောင်းအလဲရှိစမြဲမို့ စောင့်ကြည့်လိုသည့်ဆန္ဒ ရှိသည်။

ထွန်းထွန်းက ဆန္ဒစောသည့် သူ၏ပင်ကိုယ်စရိုက်အတိုင်း ကိုလှမြင့်ကျော်၏ အကူအညီဖြင့် ထိုကိစ္စကိုစမ်းသပ်ကြည့်စေချင်သည့် သဘောထားရှိသည်။

ငွေကြေးနည်းနည်းပါးပါး ကုန်ချင်ကုန်မည်ဖြစ်ခဲ့ရင် ကိုယ့်အတွက် အမြတ်ထွက်မည်ဆိုသည့် သဘောထားရှိသည်။

နောက်တစ်နေ့ ကိုလှမြင့်ကျော်နှင့် တွေ့ကြသည်။

ထိုကိစ္စအတွက်ဘာတွေလုပ်ရမည်ကို မေးသည်။

ပစ္စည်းထည့်မည့်သူက ကိုယ့်ပွဲကိုယ်ထိုး၍ ကိုယ့်ပွဲထဲမှာ ကိုယ့်ပစ္စည်းထည့်ရမည်။

လူဟောင်းများက ကန်တော့ပွဲပြင်ပုံပြင်နည်းသိထားပြီးဖြစ်သောကြောင့် ပွဲပြင်မည့်ပစ္စည်းများကို တစ်နေ့ကြိုတင်၍ ဝယ်ထားရသည်။

ထိုပုဂ္ဂိုလ်ကြီးက သူနှင့်အနီးကပ်နေထိုင်သည့် တပည့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အကူအညီဖြင့် ပွဲပြင်သည်။

ပွဲအားလုံး ပြင်ပြီးသည့်အခါ အထက်ဆိုင်ရာ ပုဂ္ဂိုလ်များကို လွှဲအပ်သည်။

ပြင်ဆင်ထားသည့်ပွဲများသို့ ဆိုင်ရာပုဂ္ဂိုလ်ကြီးများ၏ ခေတ်ဆက်ဖြန်းပေးရန် သရာက မေတ္တာရပ်ခံ ပန်ကြားသည်။

"ကိုယ်တို့က ပွဲပြင်တာမှာ ပါဖို့မလိုဘူး။ နောက်တစ်နေ့ ချိန်းတဲ့အချိန်အရောက်သွားရတယ်၊ ဘယ်သူ့ပွဲဘယ်ပွဲဆိုတာကို ပုဂ္ဂိုလ်ကြီးက ပြလိမ့်မယ်၊ အဲဒီအထဲမှာ အထုပ်နှစ်ထုပ်ထည့်ရတာပဲ၊ တစ်ထုပ်က ပစ္စည်းထုပ်၊ တစ်ထုပ်က ပုဂ္ဂိုလ်ကြီး ဂန္ဓာရီလမ်း အဓိဋ္ဌာန်ဝင်ပွဲမှာ လိုအပ်သလိုသုံးဖို့ စေတနာကြေးငွေထုပ်ပဲ၊ ပြီးတဲ့နောက် ပုဂ္ဂိုလ်ကြီးညွှန်ကြားတဲ့အတိုင်း ပုတီးစိပ်ရတယ်၊ ပုတီးမစိပ်ခင် ပုဂ္ဂိုလ်ကြီးက ခေတ်ဖွင့်ပေးတယ်၊ ညဘက်အလုပ်က ပုဂ္ဂိုလ်ကြီး၏အလုပ် နောက်တစ်နေ့ချိန်းဆိုတဲ့အချိန်မှာ ကိုယ့်အထုပ်ကိုယ်သွားယူရုံပဲ၊ အဲဒီမှာ ပုဂ္ဂိုလ်ကြီးက ညွှန်ကြားစရာရှိတာကို ညွှန်ကြားမယ်၊ အဆောင်ပေးမယ်၊ ဒါပဲ"

ကိုလှမြင့်ကျော်က အဲဒီလိုပြောပြသဖြင့် ထွန်းထွန်းက စေတနာကြေး ဘယ်ရွေ့ဘယ်မျှ ထည့်ဝင်ရသည်ကို မေးသည်။

ကိုလှမြင့်ကျော်က ကိုးရာကိုးဆယ့်ကိုးကျပ် နဝင်းကြေကြင်းကြေထည့်သည့်အကြောင်း ပြောပြသည်။

သူတို့က ပွဲတစ်ပွဲပါဝင်လို့ ဖြစ်မဖြစ်မေးရာ ကိုလှမြင့်ကျော်က သူ့သဘောနှင့်ပြောလို့မဖြစ်သည့်အကြောင်း၊ ပုဂ္ဂိုလ်ကြီးကို မေးပေးမည့်အကြောင်းပြောသည်။

"တစ်ခုတော့ရှိတယ်နော်၊ မောင်ရင်တို့ဆန္ဒရှိလို့ ပါချင်သပဆိုရင်ပါ၊ ဟိုထင်ကြောင်ထပ် သံသယမျိုးတော့မရှိစေနဲ့၊ ဒါဆိုအလုပ်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး''

သူတို့က ခေါင်းညိတ်ပြီး ကိုလှမြင့်ကျော် လက်ဝယ်သို့ ငွေနှစ်ထောင်အပ်လိုက်သည်။

ပွဲပြင်ကြေးနှင့် စေတနာကြေးအတွက်ပါ။

ထောင်မြင့်ရင် ရာစွန့်။

သိန်းကြီးကိစ္စအတွက် ထောင်စွန့်ရသည်မှာ အကြောင်းမဟုတ်။

ကိုလှမြင့်ကျော်က ပုဂ္ဂိုလ်ကြီးထံမှအပြန် သူတို့ဆီဝင်ခဲ့မည်ဟု ပြောသည်။

ညနေတွေ့သည့်အခါ သူတို့ကိစ္စအတွက် ပုဂ္ဂိုလ်ကြီးကို မနည်းပြောရသည့်အကြောင်းနှင့် နောက်ဆုံးလက်ခံလိုက်သည့်အကြောင်း ပြောသည်။

''ဒီလိုရှိတယ်ကွ၊ တို့လုပ်နေကျ ပါနေကျ ခတ်ဆက်ရှိတဲ့ တပည့်ရင်းတွေကိုသာ လက်ခံတာ၊ ခု ॰ ကိုယ်က မောင်ရင်တို့ အခက်အခဲကို ပြောပြလို့ လက်ခံတာ၊ ဒါတောင် မတိုက်တွန်းပါနဲ့၊ သူတို့ဆန္ဒနဲ့ ယုံကြည်မှ လက်ခံပါစေလို့ ထပ်မှာလိုက်သေးတာ''

လူအများစုမှာ ကိုယ်ရေးကိုယ်တာ အခက်အခဲကိစ္စမျိုး ကြုံလာသည့်အခါ ဖြစ်နိုင်၏မဖြစ်နိုင်၏ဘက်သို့ ဖောင်းပေးစဉ်းစားသည့် တွေးခေါ်တွက်ချက်မှု အားလျော့သွားစမြဲရှိကြသည်။

ဖြစ်စေချင်သည့်ဆန္ဒလွန်ကဲမှု လွှမ်းမိုးလာသည့်အလျောက် စဉ်းစားတွေးခေါ်မှုမှာ ဖြစ်စေသတည်းဘက်သို့ အလေးသာသွားကြသည်။

သူတို့မှာ လက်ဝယ်ရှိ ပစ္စည်းထွက်မှ နောက်ပိုင်ငန်းကို ဆက်လို့ရမည့်အနေအထား။

www.burmeseclassic.com

www.burmeseclassic.com



ကြားခံလူလည်း မယုံကြည်စရာ၊ သံသယထင်စရာ ပုဂ္ဂိုလ် မဟုတ်။

သူပစ္စည်းလည်းပါသည်။

သည်တော့လည်း..။

သူတို့ရောက်သွားကြသည်။

သိန်းခြောက်ဆယ်၊ ခုနှစ်ဆယ်ပါဂျဲရိုးကား အပါအဝင်ကား ခြောက်စီးရောက်နှင့်နေပြီ။

သည်တစ်ခါတော့ အောက်ထပ်မှာစောင့်စရာမလို။

အပေါ်ထပ်သို့ တန်းပြီး တက်ခဲ့ကြရသည်။

အမျိုးသား၊ အမျိုးသမီး ခုနှစ်ဦးရှိနေကြသည်။

အမျိုးသမီးများမှာ စိန်ရောင်တဝင်းဝင်း။

ပုဂ္ဂိုလ်ကြီး ဦးမြင့်ထူးက ဝတ်ဖြူစင်ကြယ်နှင့်မဟုတ်၊ ယောဂီ ဝတ်စုံနှင့် ခေါင်းပေါင်းလည်း ပေါင်းထားသည်။

ပြင်ဆင်ထားသည့် ပွဲဆယ့်နှစ်ပွဲ၏ရှေ့ အလယ်တည့်တည့် မှာ တင်ပျဉ်ခွေဖွဲ့ထိုင်၍ ပုတီးစိပ်နေသည်။

အပေါ်ထပ် တစ်ထပ်လုံးတွင် အပ်ကျသံတောင်မှ မကြားရ အောင် တိတ်ဆိတ်မှု လွှမ်းထင်နေသည်။

နောက်ထပ် ရောက်လာသူများသည်း အလျှိုလျှိုခြေဖွနင်း၍ တိတ်တိတ်ဆိတ်ဆိတ် ဝင်ထိုင်ကြသည်။

အမွှေးနံ့သာ အနံ့အသက် ကြိုင်သင်းနေသည်။

ပုဂ္ဂိုလ်ကြီး ဘယ်အချိန်ကစ၍ ထိုင်နေသည်မသိ။

ခု သူတို့ရောက်ပြီး နာရီဝက်သာသာလောက်ရှိသည့်အချိန် အထိ မူလပုံစံအနေအထားအတိုင်း ထိုင်မြဲထိုင်လျက်ပင် ရှိနေသည်။

မြန်မာလူမျိုး အများစုမှာ ဟိတ်ဟန်နှင့်ပြယုဂ် ပြကွက်ကို

www.burmeseclassic.com

www.burmeseclassic.com



အလေးထားသည့် လေ့စရိုက်ရှိကြသည်။

က, တတ်လျှင် မင်းသား။

ဆိုတတ်လျှင် တေးသံရှင်။

ရေးတတ်လျှင် စာရေးဆရာ။

အက၊ အဆို၊ အရေးထက်လျှင် နာမည်တစ်လုံး ဟိန်းထွက်သည်။

ဘိုးတော်လိုင်းမှာတော့ ဟိတ်ဟန်နှင့် ပြကွက်။

စကားကို အပိုမပြော။

လိုရင်းကို တိုတိုတုတ်တုတ် ဒိုးခနဲ ဒေါက်ခနဲပြောလျှင် ပို ကြိုက်သည်။

ကျောကုန်းကို ဖနောင့်နှင့်ပေါက်ပြီး ဓာတ်ဆက်ပေးသည် ကိုလည်း လက်ခံကြသည်။

အသက်ရာကျော်ဆိုလျှင်လည်း လွယ်လွယ်နှင့် လက်ခံယုံ ကြည်လိုက်ကြသည်။

ကုလားပြည်က ကုလားဘိုးတော် ဆိုင်းဘာဘာ၏ ဓာတ်ပြာ ဆိုလျှင်လည်း လွယ်လွယ်ကူကူ ယုံယုံကြည်ကြည် ဆောင်ကြသည်။

ဆိုင်းဘာဘာဆိုတုန်းကလည်း ဆိုင်းဘာဘာမှ ဆိုင်းဘာဘာ ဖြစ်ကုန်ကြသည်။

ခုဆိုင်းဘာဘာလည်း မထင်ပေါ်တော့။

နာမည်ပင် ပျောက်သလောက်ဖြစ်နေပြီ။

ကိုယ့်ကို ဘယ်ပုဂ္ဂိုလ်က စောင့်ရှောက်နေသည်ဟု သဘော သဏ္ဌာယမရှိ။

မယ်မယ်ရရ အထောက်အထားမပြဘဲ ပြောသည်ကိုလည်း နှစ်လိုဖွယ်ရာ လက်ခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိဋကသုံးပုံကို အရိယာမထေရ်ကြီးများ၊ သံဃာဓိပတိဆရာတော်ကြီးများ စောင့်ရှောက်ထိန်းသိမ်း၍ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သုံးဖြာသော၊ ပိဋကတော်များကို ဖြန့်ကြက်ဟောပြောဝေမျှနေသည်ကို မျက်မြင်ကိုယ်တွေ့သိမြင်၊ ကြားနာနေရပါလျက် ကုလားပြည်မှ ဆွာရဆတီ၊ မြန်မာပြည်ရောက်တော့ သူရဿတီမယ်တော်က စောင့်ရှောက်သည်ဟု လက်ခံယုံကြည်၍ ကိုးကွယ်ပသမှုပြုနေကြသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ကိုးကွယ်ရာအစစ်ရတနာသုံးပါးရှိပြီး ဖြစ်ပါလျက်အခြားသော ကိုးကွယ်ရာကို ရှာဖွေခြင်းသည် အပိုဒုက္ခကို ရှာဖွေခြင်းသာဖြစ်၏။

ခုံ ။ သူတို့လည်း အပိုဒုက္ခကို ရှာဖွေနေကြပြီ။

ပုဂ္ဂိုလ်ကြီးဦးမြင့်ထူးက ပုတီးစိပ်နေရာမှထ၍ ပွဲများပေါ်သို့ သူ၏ ပုတီးနှင့်သုံးကြိမ်စီ ရစ်ပတ်သည်။

ပြီးတော့မှ ဘယ်သူ၏ပွဲ၊ ဘယ်ဟာဆိုသည်ကို တစ်ဦးချင်းအား လက်ညှိုးညွှန်ခေါ်၍ ပြသသည်။

မိမိတို့နှင့်အတူပါလာသည့် အထုပ်များနှင့် စာအိတ်နှင့် ထည့်လာသည့် ငွေကြေးစာအိတ်များကို ပွဲထဲသို့ ထည့်ရသည်။

ပွဲထဲထည့်ပုံထည့်နည်းကို သူတို့အတွက် ကိုလှမြင့်ကျော်က ပြသပေးသည်။

ပွဲထဲသို့ ပစ္စည်းထည့်သည့် ကိစ္စပြီးသော် မိမိတို့ပွဲရှေ့တွင် တန်းစီထိုင်ကြရသည်။

ပြီးသည့်အခါ ငွေဖလားလေးထဲမှ အမွှေးနံ့သာများကို သပြေခက်နှင့် တစ်ဦးစီ ဖျန်းပက်ပေးသည်။

ထိုသို့ အမွှေးနံ့သာများနှင့် ပက်ဖြန်းပေးနေစဉ် ပုဂ္ဂိုလ်ကြီး နှုတ်မှ ..

www.burmeseclassic.com

www.burmeseclassic.com



"အောင်စေ ၊ ရစေ ၊ ဖြစ်စေ ၊ ပိုင်စေ ၊ နိုင်စေ"

ဟုတစ်ဦးချင်းအား ကျူးရင့်ပေးသည်။

ပြီးတော့မှ ဘုရားရှိခိုး၍ သီလခံယူသည်။

ထို့နောက် မိမိတို့ စိပ်နေကျ ပုတီးစိပ်နည်းဖြင့် ပုတီးစိပ်ရသည်။

ပုတီးမစိပ်ခင် ရှစ်ပါးသီလခံယူဆောက်တည်ရန် ဦးမြင့်ထူးက တိုင်ပေးသည်။

ကိုယ်ကို မတ်မတ်ထားပါ။

အဘဘိုးမင်းခေါင်ကို အာရုံပြုပြီး ပုတီးစိပ်ပါ။

ပုတီးစိပ်ပြီးရင် မိမိအလိုရှိရာကို တောင်းပါ။

သူတို့ ပုတီးစိပ်နေစဉ် ဦးမြင့်ထူးက ဓာတ်ဆက်အမွှေးနံ့သာ ဖျန်းပေးသည်။

ကိစ္စအားလုံးပြီးသွားသည့် အချိန်မှာ မွန်းတိမ်းပြီ။

နက်ဖြန်မနက် ရှစ်နာရီတိတိ အရောက်လာပြီး ကိုယ့်အထုပ်ကိုယ်ယူကြ။

ဦးမြင့်ထူးက ထိုသို့အမှာစကားဖြင့် သူတို့၏ လုပ်ငန်းပိုင်းဆိုင်ရာကို အနားသတ် နိဂုံးချုပ်ပေးလိုက်သည်။

သူတို့လူစုခြံထဲက ပြန်လည်ထွက်ခွာခဲ့ကြသည်။

နောက်တစ်နေ့မနက်တွင် သူတို့၏ ပစ္စည်းများကို သူတို့ လက်ဝယ်ပြန်ယူ၍ အရောင်းအဝယ်ကိစ္စများကို ဆက်လုပ်ကြရတော့မည်ပါ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



( ၆ )

ဘိုးတော်အမည်ခံတွေ ဘာလုပ်သလဲ။

ပွဲထိုးပြီး ပုတီးစိပ်သည်။

အိမ်မှာ ပွဲထိုးပြီး ပုတီးစိပ်သည်။

အချို့က သတ်သတ်လွတ်စားသည်။

ကိုးပါးသီလ ဆောက်တည်သည်ဟု ပြောကြသည်။

တစ်ကိုယ်ရေ လုပ်သူထက် တပည့်တစ်ပန်းတွေနှင့် အုပ်စုဖွဲ့၍ လုပ်ကြသည်။

တပည့်တပန်းများက ဘိုးတော်များအတွက်ငွေကြေးနှင့် လက်ဆောင်ပစ္စည်းများ ပေးကြသည်။

ဘိုးတော်အမည်ခံသူတွေက ဓာတ်ဆက်ဓာတ်များပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်းပေးသည်။

ဆေးပေးသည်။

အဆင့်သတ်မှတ်ပေးသည်။

မည်သူ့အား မည်သည့်ပုဂ္ဂိုလ်စောင့်ရှောက်သည်ကို ဖော်ညွှန်းပေးသည်။

အဟောအပြောလုပ်သည်။

ဖြစ်စေသတည်းများ လုပ်ပေးသည်။

သို့တစေ ထိုပုဂ္ဂိုလ်များသည် တောရပ်မှီ၍ မနေကြပါ။

ဘုရားထီးရိပ်ခိုရ၍လည်း မနေကြပါ။

ကျောင်းရိပ်ခို၍လည်း မနေကြပါ။

အိမ်ထောင့်သားမွေး၊ သမုဒယ၊ တဏှာ၊ ဖြစ်ကြောင်းများနှင့် ရှုပ်ထွေးနေကြသူများဖြစ်ပါသည်။

ထိုသို့သော ပုဂ္ဂိုလ်များထံသို့ ထွက်ရပ်ပေါက်သူတော်စဉ်များ ကြွရောက်၍ ဓာတ်ဆက်၊ ဓာတ်ကူးပေးသည်ဟု အဆိုပြုကြသည်။

တချို့ကဆို ထိုထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများနှင့် ကိုယ်တိုင်တွေ့ဆုံ၍ စကားပြောရသည်။

အင်းပေးသွားသည်။

ဆေးပေးသွားသည်။

ဓာတ်လုံးပေးသွားသည်။

အဆောင်ပေးသွားသည်ဟု ခပ်တည်တည် ဖိန့်၍ နှုတ်ရဲလျှာရဲ ပြောကြသည်။ ပြကြသည်။

ဟုတ်နိုင်၏။ မဟုတ်နိုင်၏။

ဖြစ်နိုင်၏။ မဖြစ်နိုင်၏ ဆိုသည်ကိုမူ မိမိတို့၏ ကိုယ်ပိုင် အတွေးအခေါ်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အရှိကို အမှန်အသိ ဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ဖြင့် ဆုံးဖြတ်ကြရမည်သာဖြစ်ပါသည်။

ဤနေရာတွင် ပုတီးနှင့်ပတ်သက်သော အကြောင်းအရာကို အလျဉ်းသင့်၍ ဖော်ပြပါမည်။

ပုတီးနှင့်ပတ်သက်၍

၃၂ ကောဋ္ဌာသကို ရည်ညွှန်း၍ ၃၂ လုံးအရေအတွက် ပုတီး။

ဗုဒ္ဓနှင့် သံဃာ့ဂုဏ်ကိုရည်စူး၍ ၉ လုံးအရေအတွက် ပုတီး။

ဓမ္မဂုဏ်ကို ရည်စူး၍ ၆ လုံးအရေအတွက်ပုတီး။

ဗုဒ္ဓမြတ်စွာ၏ စက်လက္ခဏာတော်ကို ရည်စူး၍ ၁၀၈ လုံး အရေအတွက်ရှိသောပုတီး။

ထိုသို့ရှိသော်လည်း အလုံးရေမည်ရွေ့မည်မျှ ပြုလုပ်ရမည်ဟူ၍ မူသေသတ်မှတ်ချက် မရှိပေ။

အများအားဖြင့်မူ ဗုဒ္ဓမြတ်စွာ၏ စက်လက္ခဏာတော်ကို ရည်စူးသည့် ၁၀၈ လုံးပုတီးကို အကိုင်အဆောင်များကြသည်။

ပုတီးပြုလုပ်ရာတွင် ကြိုးထုံးမှ စခဲ့သည်။

ထိုမှနောက် ..

သန္တာပုတီး။

ပယင်းပုတီး။

ပုလဲပုတီး။

လူအရိုးပုတီး

(မိဘဘိုးဘွားတို့၏ အရိုးဖြင့် ပြုလုပ်သည့်ပုတီး)

ယွန်းပုတီး။

အုန်းပုတီး။

တန်းပုတီးဟူ၍ မိမိတို့ ကြိုက်နှစ်သက်သလို ပြုလုပ်ကြသည်။

ကြိုးပုတီးထိုးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ်ခြင်း၊

မည်ကဲ့သို့ စိပ်ကြမည်။

မည်သို့ အာရုံပြု၍ စိပ်မည်။

မည်သို့ ရွတ်ဆို၍ စိပ်မည်ဆိုသည်ကိုလည်း သိထားသင့်သည်။

ပုတီးစိပ်ခြင်းတွင် အကြောင်းနှစ်ချက်ရှိသည်။

နှလုံးသွင်း ဆင်ခြင်ပွားများမှု၊

ပုတီးစိပ်ချမှတ်မှု။

ထိုလုပ်ငန်းနှစ်ရပ်ကို တစ်ပြိုင်တည်းလုပ်ရသည်။

ပုတီးစိပ်ရာတွင် အရေးကြီးသည်မှာ ထိထိမိမိ အာရုံပြုဖို့ဖြစ်၏။

ပုတီးလုံးလေးများ ရွှေ့ပြောင်းရုံသက်သက်ဖြင့် အကျိုးထူးမရနိုင်။

အာရုံမိမှ အကျိုးထူးရမည်။

အကျိုးထူးကို မည်သူကမှ မပေးနိုင်။

မိမိလုပ်သည့်အပေါ်တွင် တည်မှီ၍ အကျိုးထူးကို ရနိုင်လိမ့်မည်သာပါ။

ပုတီးစိပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကုသိုလ်ရရေးကို ရည်စူး၍ စိပ်ခြင်းဖြစ်သည်။

လောလောဆယ် အကျိုးသက်ရောက်မှုမှာ အကုသိုလ်ကင်း၍ စိတ်ချမ်းသာမည်။

ဘေးအန္တရာယ်ကင်းမည်။

ထိထိမိမိ သမာဓိရအောင် စိပ်နိုင်သည့်အဆင့်ရောက်လျှင် ကောန်မှုချ သိဒ္ဓိအမျိုးမျိုးရရှိခြင်းအကျိုးကို ခံစားရမည်။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိအမျိုးမျိုးကို တစ်ပါးသူက ဝေမျှ၍ မပေးနိုင်။

ကိုယ်လုပ်မှ ကိုယ်ရမည်။

ကဲ. ဘယ်သူ့ကို ဆရာတင်ဖို့ လိုဦးမှာပ။

နှလုံးသွင်းဆင်ခြင်ပွားများရာတွင် ဗုဒ္ဓဂုဏ်တော်ကို နှလုံးသွင်း၍ အာရုံပြုရမည်ဖြစ်၏။

ဗုဒ္ဓဂုဏ်တော်ထက် မြတ်သောအရာသည် မရှိ။

အားတော်နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် အနန္တ တန်ခိုးတော်သည် မင်္ဂဉာဏ်ဖိုလ်ဉာဏ်တို့၏ အာရုံတရားသည် အနန္တ တန်ခိုးတော်တည်း။

အရိယာ သံဃာတော်မြတ်များသည် အနန္တတန်ခိုးတော်တည်း။

ဗောဓိပက္ခိယ တရားတော်သည် အနန္တတန်ခိုးတော်တည်း။

ဤသို့ အာရုံပြု၍ စိပ်လျှင် ပို၍ အကျိုးထူးပါသည်။

'ဒန္တယုဂနည်း(ဝါ) စွယ်စုံပုတီးစိပ်နည်း'ဟူ၍လည်း ရှိပါသည်။

'ဒန္တယုဂနည်း'ကို ဘိုးတော်အမည်ခံများအား မေးကြည့်ပါ။ အိုအို. အင်အင်. ယောင်တောင်ပေါင်တောင်ဖြစ်သွားပါလိမ့်။

ပုတီးစိပ်ခြင်း နှစ်မျိုး.

သာမန် ပုတီးစိပ်ခြင်း။

အဓိဋ္ဌာန် ပုတီးစိပ်ခြင်း။

သာမန်ပုတီးစိပ်ခြင်း။

နေရာမရွေး အချိန်မရွေးစိပ်လို့ရသည်။

အဓိဋ္ဌာန်ပုတီးစိပ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ခွင်ချ၍ အဓိဋ္ဌာန်ပုတီးစိပ်မည်ဆိုလျှင် သီးခြားလုပ်ငန်း တစ်ရပ်အဖြစ် သတ်မှတ်အချိန်ပေးရမည်။

စနစ်တကျ စိပ်ရမည်။

အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၏ ကျင့်ဝတ် (၁၁) ပါးနှင့်အညီ လိုက်နာ၍ လက်တွေ့ဆောင်ရွက်ရပါမည်။

(၁)။ ။ ဆာလောင်မွတ်သိပ်မှု ကင်းအောင် စားသောက်ဖွယ်ရာ တစ်ခုခု စားထားရပါမည်။

(၂)။ ။ ကိုယ်ခန္ဓာနှင့် အဝတ်အစားသန့်ပြန့်ရပါမည်။ ပုတီးစိပ်မည့် နေရာထိုင်ခင်းလည်း သန့်ပြန့်ရပါမည်။

(၃)။ ။ မိမိနှင့်သင့်လျော်သော အချိန်ကိုသာ ပုံသေ ရွေးချယ်ထားရမည်။

(၄)။ ။ နေရာစနစ်တကျယူပြီးမှ ပုတီးစိပ်လုပ်ငန်းခွင်ကို စရပါမည်။

(၅)။ ။ သရဏဂုံသီလဆောက်တည်ရပါမည်။

(၆)။ ။ အနန္တငါးပါးကို ရည်စူး၍ ကန်တော့ရပါမည်။

(၇)။ ။ မေတ္တာပို့ရပါမည်။

(၈)။ ။ မေတ္တာပို့ပြီးနောက် ဘုရားပင့်ရပါမည်။

(၉)။ ။ ဘုရားရှင်အား မိမိ၏ခန္ဓာကိုယ်ကို လှူလိုက်ရပါမည်။

(၁၀)။ ။ ပုတီးစိပ်ရန် ကမ္မဋ္ဌာန်းတောင်းရပါမည်။

(၁၁)။ ။ မိမိတတ်နိုင်သလောက် ပုတီးလက်ရေကို အဓိဋ္ဌာန်ပြုရပါမည်။

တိတိကျကျလိုက်နာရမည့် ကျင့်ဝတ်ခုနစ်ပါး။

(၁)။ ။ သန့်ပြန့်သောအခင်းအဝတ်ကို မိမိထိုင်မည့် နေရာ

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်တွင် ခင်းပါ။

(၂)။ ။ ပုတီးကိုထိုသန့်ပြန့်သော အခင်းပေါ်တွင် အလျား လိုက် တင်ထားပါ။

(၃)။ ။ ကိုယ်ကိုမတ်၍ တင်ပျဉ်ခွေ (သို့မဟုတ်) ပုဆစ် ဒူး တုတ်ထိုင်ပါ။

ပုတီးစိပ်နေစဉ်အတွင်း ခန္ဓာကိုယ်ကို အရွေ့အပြောင်း မလုပ် ဖြစ်အောင် သင့်တော်သလို ထိုင်ပါ။

- အဝတ်ပေါ်တွင် တင်ထားသည့်ပုတီးကိုယူ၍ မျက်စိကို အလွန်အမင်း မဟုတ်သော ပျော့သွယ်သောနည်းဖြင့် မှိတ်ထားပါ။

(၄)။ ။ ပုတီးကို လက်နှစ်ဖက်ကိုင်စိပ်ပါ။

(၅)။ ။ ယုံယုံကြည်ကြည်စိပ်ပါ။ မိမိနှစ်သက်ရာ ပုတီးစိပ် နည်းဖြင့် စိပ်ပါ။ သမာဓိရရန် ကြိုးစားစိပ်ပါ။

ဂုဏ်တော် တစ်ထောင်ပုတီးစိပ်နည်း။

ဂုဏ်တော် ကွန်ချာ ပုတီးစိပ်နည်း။

အနုလုံ၊ ပဋိလုံ ပုတီးစိပ်နည်း။

သီဟကတိက (ခြင်္သေ့အလား)ပုတီးစိပ်နည်း။

မူလမုလီ(တစ်ခုကမူ၊ ကျန်ဂုဏ်တော်များက မုလီ) ပုတီး စိပ်နည်း။

ဝဇီရပါကာရ (ဂုဏ်တော်အပြင် ချဲ့ထွင်မှုများဖြင့်) ပုတီး စိပ်နည်း။

ရှင်အရဟံ ပုတီးစိပ်နည်း။

အခြားသော ပုတီးစိပ်နည်း အသွယ်သွယ်။

(၆)။ ။ ပုတီးစိပ်နေဆဲ အချိန်ပိုင်းအတွင်း တစ်စုံတစ်ရာ သော အကျိုးတရားကို မျှော်လင့်သည့် လိုချင်စိတ်၊ ဘမ်းမက်စိတ်

www.burmeseclassic.com

www.burmeseclassic.com



လုံးသမထားရပါ။

(ဂ)။ ။ မဆီမဆိုင်ရာ၊ စိတ်ကူးစိတ်သန်းများ ဝင်လာလျှင် သတိ၊ အသိနှင့် ချက်ချင်း ဖယ်ရှားပစ်ပါ။

ပုတီးစိပ်ပြီးနောက် ဆက်လက်လုပ်ဆောင်ရမည့် ကျင့်ဝတ်နှစ်ပါး။

(၁)။ ။ ပုတီးစိပ်ခြင်း၏ ဖြစ်ရှိမှုကို အသေအချာ ပြန်လည်သုံးသပ်ပါ။

သမာဓိအား ဘယ်၍ဘယ်မျှအားကောင်းသည်။

ပို၍အားကောင်းလာသလား။ အားပျော့သွားသလား။

တည်ငြိမ်မှုဘယ်လောက် တိုးတက်လာသလဲ။

မဆီမဆိုင် စိတ်ကူးစိတ်သန်း အနှောင့်အယှက်နည်းသလား။ များသလား။

နမိတ်ပေါ်မှုရှိမရှိ။ မည်သို့သော နိမိတ်မျိုးပေါ်သနည်း။ အကောင်းလော၊ အဆိုးလော။

(၂)။ ။ နိဗ္ဗာန်ကို ဆုတောင်းပါ။

ထိုသို့ စနစ်တကျခွင်ချ၍ ပုတီးစိပ်လျှင်မှ ရရှိလာမည့် ပုတီးစိပ်ခြင်း၏ အကျိုး။

သာမန်ပုတီးစိပ်လျှင် ကုသိုလ်ရမည်။

ကုသိုလ်ပွားများရာကို ရှေ့ရှုသောကြောင့် ကုသိုလ်ရမည်။

ထိုတဒင်္ဂပဟာန်အတွင်း အကုသိုလ်ကင်းမည်။

စိတ်နှလုံးကြည်မှု့ အေးချမ်းမည်။

အဓိဋ္ဌာန်ပုတီးစိပ်လျှင် လောကီရေးရာ ရည်မှန်းချက်များ ကောန်မုချ အကျိုးပေးမည်။

ကိစ္စတိုင်းမှာ အကြောင်းနှင့် အကျိုးသည်ရှိစမြဲ။

ပုတီးစိပ်ခြင်းဟူသော အကြောင်းကြောင့် အကျိုးတရားရှိရ

www.burmeseclassic.com

www.burmeseclassic.com



မည်မှာလည်း အမှန်ပင်။

အကျိုးမရှိသောအကြောင်း မရှိနိုင်သကဲ့သို့ အကြောင်းမရှိဘဲလျက်လည်း အကျိုးမဖြစ်ထွန်းနိုင်ပေ။

ကောင်းသောအကြောင်းပြုလုပ်မှုမှ ထင်ဟပ်လာမည်မှာ ကောင်းသောအကျိုးပေးမှုမှတစ်ပါး အခြားမရှိ။

မိမိတို့၏ အိမ်မှာပွဲထိုး၍လည်းကောင်း၊ ပွဲမထိုးဘဲလည်းကောင်း ပုတီးစိပ်နိုင်သည်။

ဘုရားပုထိုး၊ စေတီများတွင် ပုတီးစိပ်နိုင်သည်။

ပတ်ဝန်းကျင် တိတ်ဆိတ်၍ လူသူကင်းဝေးရာ တောရိပ်တွင် ပုတီးစိပ်ခြင်းလည်း အကောင်းဆုံးဖြစ်၏။

မည်သည့် နေရာတွင် ပုတီးစိပ်စိပ်၊ အခြေခံနည်းနစ်ကျနဖို့ကို အဓိကထားရမည်ဖြစ်၏။

ကာမစ္ဆန္ဒစသော နီဝရဏတရားကို ငြိမ်းအေးစေတတ်သောကြောင့် သမာဓိတရားသည် သမထမြည်၏။

တော်ရုံသင့်ရုံသမာဓိအားနှင့် သမ်ကမပေါက်မြောက်နိုင်။

သမထမပေါက်မြောက်တဲ့ ခက်ခဲနက်နဲ၍ ပညာအဝန်းအဝိုင်းကြီးမားသည့် ဂန္ဓာရီဝိဇ္ဇာပညာလမ်းကို လိုက်ရန်မှာ မိုးကိုဒူးနှင့်တက်တိုက်ရန်၊ စိတ်ကူးမျိုးသာလျှင် ဖြစ်ပါလိမ့်မည်။

ပါရမီရှိရမည်။

ကာမစ္ဆန္ဒာစသော နီဝရဏတရားတို့ဘက်၌ မွေ့လျော်ခြင်းကင်းလွတ်ရမည်။

အိမ်ထောင်သားမွေး၊ စီးပွားရှေးစသော လောကီကိစ္စရပ်အထွေထွေနှင့် ပတ်သက်စပ်ယှက်ခြင်း ကင်းဝေးရမည်။

ထူးကဲသော ကျင့်ကြံအားထုတ်မှုရှိရမည်။

www.burmeseclassic.com

www.burmeseclassic.com



သမာဓိ ရှိမရှိကို ဣန္ဒြေငါးပါး ထိန်းသိမ်းမှုကို ကြည့်၍ သိနိုင်သည်။

ပုတီးစိပ်ဖို့ ဆရာတင်စရာမလိုပါ။

သမထကျင့်စဉ်ကို တစ်ဆင့်လှမ်းတက်မည်ဆိုလျှင်တော့ နည်းပေးလမ်းပြအရာနှင့် စောင့်ရှောက်မည့် တရားလိုအပ်ပါသည်။

မြတ်ဗုဒ္ဓကိုယ်တော်တိုင် ချီးမွမ်းတော်မူသည်မှာ သမထ မဟုတ်ပါ။ ဝိပဿနာဘာဝနာသာ ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှု ဟူသမျှတို့တွင် ဝိပဿနာ ဘာဝနာ ကုသိုလ်သည်သာ အကောင်းဆုံးအမြတ်ဆုံးဖြစ်၏။

ဗုဒ္ဓရှင်တော်မြတ်သည် ကုသိုလ်ကောင်းမှု လုပ်သူပုဂ္ဂိုလ် အပေါင်းတို့တွင် ဝိပဿနာဘာဝနာပွားများသော ပုဂ္ဂိုလ်အားသာလျှင် ချီးမွမ်းတော် အမူဆုံးဖြစ်၏။

ဝိပဿနာဘာဝနာကို ပွားများအားထုတ်ရာတွင် မထေ မြတ် ဆရာတော်များ၏ ဟောပြောနည်းပေး လမ်းပြမှုကို ခံယူရမည်ဖြစ်၏။

ပုတီးစိပ်ရာတွင်မူ ဆရာမလိုပါ။

အထက်ဖော်ပြပါ နည်းစနစ်ကျနမှုသာ လိုပါသည်။

ယနေ့ခေတ်စားနေသည့် တစ်နေ့တည်းကိုးဘုရားတို့၊ တစ်နေ့တည်းခုနစ်ဌာနတို့ကို ချွေးသံတစ်လုံးလုံးအမောတကော ပြေးလွှားလှုပ်ရှား၍ ပုတီးစိပ်သည့်နည်းစနစ်ကိုတော့ ဘဝင်မကျမိပါ။

ကိုယ်ယုံကြည်ရာ ကိုယ်လုပ်ကြသည်ကိုလည်း အပြစ်တင်သည့် သဘောမဆောင်ဘဲ နည်းစနစ်မကျနလျှင် ပင်ပန်းခြင်းသာ အဖတ်တင်မည်ကို စာနာ၍ သတိပေးခြင်းပါ။

အဓိဋ္ဌာန်ပုတီးစိပ်ခြင်း မဟုတ်ဘဲ ရိုးရိုးပုတီးစိပ်လျှင် မြဟွ ဝိဟာရ(မြဟွစိုရ်) လေးပါးကိုရင်တွင်းပေါက်ထား၍ စိတ်ပါမှုပို၍အကျိုး

www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်မှုရှိပါသည်။

မေတ္တာ – ချစ်ခြင်းဖြင့် သတ္တဝါပလတ်အပေါ် ပွားများစုးစိုက်ခြင်း။

ကရုဏာ – သနားကြင်နာစိတ်ဖြင့် သတ္တဝါတို့အပေါ် ပွားများစုးစိုက်ခြင်း။

မုဒိတာ – သူတစ်ပါးတို့ ကြီးပွားချမ်းသာခြင်း၌ ဝမ်းမြောက်သောစိတ်ဖြင့် သူတစ်ပါးတို့အပေါ် (ဝါ) သတ္တဝါတို့အပေါ် ပွားများစုးစိုက်ခြင်း။

ဥပေက္ခာ – မုန်းခြင်း၊ ချစ်ခြင်း မထားသောစိတ်ဖြင့် သတ္တဝါတို့အပေါ် ပွားများစုးစိုက်ခြင်း။

ဆရာမလိုပါ။

ဘိုးတော်အမည်ခံများသည်လည်း သူလိုကိုယ်လိုထက် ပို၍မထူးပါ။

အကြားအမြင်ဆိုသည်မှာ လူတိုင်းတွင် မွေးရာပါဟု မှတ်ယူပါ။

ကိုယ့်အကြောင်းကို ကိုယ့်ထက်မည်သူကမှ ပို၍မသိဆိုသည့် အရှိအမှန်ကို အသိအမှန်ဉာဏ်ဖြင့် ရှုမြင်သုံးသပ်ပါ။

လုပ်စရာဟူသမျှကို မိမိဘာသာပြုလုပ်ပါ။ တကယ်လုပ်အဟုတ်ဖြစ်မည်သာပါတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



( ၇ )

လောဘနှင့် ဒေါသမှာ အတွဲဖော်။

လောဘတက်မိကြသူ တစ်စုမှာ တက်တခေါက်ခေါက်၊ လက်သီးတဆုပ်ဆုပ်နှင့် ကြမ်းတမ်းသောစကားများကို ဆိုနေပြောနေကြရပြီ။

သတိ၊ ဉာဏ်ကိုပယ်ခွာ၍ အရှိအမှန်မဟုတ်သည်ကို ယုံစားမိသူတို့မှာ..

နောက်တစ်နေ့မနက် ချိန်းဆိုသောအချိန်ထက် စော၍ ဘိုးတော်(ဝါ) ဘဘုရား၏ ဓာတ်စခန်းသို့ ရောက်သွားကြသည်။

မနေ့က ပြင်ဆင်ထားသည့် ဝဝဖီးဖီး ရွှေငှက်ပျောများမှာ လက်ရာခြေရာမပျက်သူ့နေရာနှင့်သူ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိမနေတော့သည်က ပုဂ္ဂိုလ်အကျော် ဦးမြင့်ထူးနှင့် သူတို့၏ အထုပ်များ။

သော့ခတ်ထားသည့် တံခါးသော့ပွင့်နေကြောင်းကို မနက်မိုးလင်းမှ တွေ့ရသိရသည်။

သိန်းငါးဆယ်ကျော် တန်ဖိုးရှိသော ပစ္စည်းများနှင့်အတူ ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်ကြီးမှာ ပျောက်ခြင်းမလှ ပျောက်သွားပါလေပြီ။

နှစ်ဆယ့်ခုနစ်ဌာနပြီးလျှင် လူ့လောက လောကီနယ်အဝန်းအဝိုင်းထဲသို့ အပြီးပြန်လာတော့မှာ အဆိုပြုထားသော ပုဂ္ဂိုလ်ကျော်ကြီးမှာ သိန်းငါးဆယ်ကျော်တန် ပစ္စည်းများကို ပိုက်လျက် နှစ်ဆယ့်ငါးဌာနမြောက်တွင် ဂန္ဓာရီလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားပါပြီ။

သူ၏ နှစ်ဆယ့်ငါးဌာနမြောက် ဂန္ဓာရီလမ်းကြောင်းမှာ နယ်စပ်ကို ကျော်ဖြတ်၍ ထွက်ခွာမည့် ဂန္ဓာရီလမ်းကြောင်းပေါ်သို့ ရောက်သွားရင်တော့ သူတို့အတွက် ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့။

ဆယ်စုနှစ်တစ်ပုစာ ရှာဖွေထားရသည့် ပစ္စည်းများကို တစ်ရက်တည်းနှင့် ရိုက်စားလုပ်သွားပုံက ဒဏ္ဍာရီလား။ ပုံပြင်လားဟု ပြောရမလို။

သူတို့ ဘာလုပ်ကြမလဲ။

တရားဥပဒေလမ်းကြောင်းဘက်သို့ မျက်နှာမူရတော့မည်မှ တစ်ပါး အခြားမရှိ။

သူတို့အထဲမှာ တရားဥပဒေလမ်းကြောင်းဘက်သို့ သူတို့အကြောင်းနှင့်သူတို့ မျက်နှာမူရန် မဖြစ်နိုင်သူများလည်းပါသည်။

မျှော်လင့်ချက်ဘက်သို့ အားပြု၍ မရစေကာမူ လုပ်ရန်ရှိသည်များကိုတော့ လုပ်ရမည်သာဖြစ်၏။

အကယ်၍များ ထိုပုဂ္ဂိုလ်ကြီး၏ ဂန္ဓာရီလမ်းကြောင်းသည်

www.burmeseclassic.com

www.burmeseclassic.com



နယ်မြေခြားနားသော ဒေသသို့ လမ်းကြောင်းမဖွင့်ဘဲ ကိုယ့်နယ်မြေ ကိုယ့်ဒေသပေါ်တွင်သာ လမ်းကြောင်းဖွင့်မည်ဆိုလျှင်တော့ မျှော်လင့်ချက်ထားနိုင်ရာသေး၏။

ယုံလွယ်ရင်အထိနာသည့် တကယ့်ဖြစ်ရပ် ဇာတ်လမ်းတစ်ပုဒ်ကို ဖြည့်စွက်အစာများဖြင့် ရေးဖွဲ့တင်ပြလိုက်ရပါသည်။

"ကိုယ်ကကျူး ကိုယ့်ဒူးတောင်မယုံနဲ့"

ယုံလွယ်ရင် အထိနာသည်။

"ဘိုးတော်ကို တစ်မျိုးပေါ်လျှင် ဘော်တိုး"

သူ့အားဆည်းကပ်နေသူ တပည့်တပန်းများအတွက် ဘော်တိုး (ဝါ) ငွေတိုးပွားအောင် လုပ်သည်တော့ မဟုတ်ပါ။

သူတို့အတွက်အော်တိုးအောင်သာ ဦးစားပေးလုပ်ကြသည်။

ဒါကလည်း လူ့သဘာဝ။

လူသည် ကိုယ်ကျိုးကို အရင်ကြည့်တတ်သည်။

ဘိုးတော်ဟူသည် လူထဲကလူပင် ဖြစ်၏။

လူထဲကလူသည် လူ့သဘောဘာဘာဝအတိုင်းပင် လုပ်ကြမည်သာဖြစ်၏။

ဖန်တီးနိုင်သည်။

မစနိုင်သည်။

အရာရာကို ဖြစ်စေသတည်း။

လုပ်ပေးနိုင်စွမ်းရှိသည်သူဟူ၍ လူ့လောကတွင်မရှိ။

သို့တစေ ..

ယနေ့လူ့လောကတွင် ရှိနေကြသည်။

ခေါင်းရွက်ဖြတ်ထိုးကိုးကွယ်သည့် ဘိုးတော်က တယ်ဂဏန်း။

အလယ်အလတ်တန်းစား ကိုးကွယ်သည့် ဘိုးတော်က ရာ

www.burmeseclassic.com

www.burmeseclassic.com



ဂဏာန်း။

သင့်တင့်သော စီးပွားရေးလုပ်ကိုင်သူများ ကိုးကွယ်သည့် ဘိုးတော်က ထောင်ဂဏာန်း။

လုပ်ငန်းကြီးစီးပွားရေးသမားများ ကိုးကွယ်သည့် ဘိုးတော်က သောင်းဂဏာန်း၊ သိန်းဂဏာန်း။

နည်းလမ်းပေါင်းစုံ အကြောင်းအမျိုးမျိုးပြ၍ အလှူခံကြသည်။

ဘိုးတော်ဆီသွားသူတွေကလည်း အလိုက်သိကြသည်။ နှုတ်ဖွင့်မတောင်းပေမယ့် ပွဲလဲသည့်အထဲ ပါပါရစေဟုဆို၍ ပေးကြစမြဲ။

ဘိုးတော်ဆီသွားသွား၊ နတ်ကတော်ဆီသွားသွား၊ ဗေဒင်ဆရာဆီသွားသွား၊ ကိုယ့်ဆီက ပေးရမည်က ပထမ။

သူတို့ပြောသည့်အတိုင်း ဖြစ်မဖြစ်၊ ရမရဆိုသည်က ဒုတိယ။

မြန်မာလူမျိုးများ၏ ဓလေ့စရိုက်မှာ ယုံလွယ်ပုံအပ်သည့် ဓလေ့စရိုက်ရှိသည်။

ငွေစားသည်က အကြောင်းမဟုတ်။

လူစားသည့်အကြောင်း။

သမီးကညာပါသွားလို့ အရှက်တကွဲကျိုးနည်းဖြစ်ရသူတွေ။

ဇနီးမယားနှင့် မသင့်ကာလို့ ပြဿနာဖြစ်ပြီး အိမ်ထောင်ရေးပြိုကွဲရသူတွေ။

မရှင်းမရှင်း သတင်းစကားတွေကြောင့် အရပ်ထဲမှာ မျက်နှာအပြုရခက်သည့် မိသားစုတွေ။

ဒုနှယ်ဒေးရှိဘိ၏။

ဘိုးတော်တွေ အဖမ်းအဆီးကိစ္စပေါ်ပြီးနောက် ဘိုးတော်တိုးအရာတွေ အတော်သေး ငုပ်လျှိုးသွားကြသည်။

ယခုတစ်ဖန် ပြန်လည်၍ ခေါင်းထောင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်အမည်ဟောင်းအစား အမည်သစ် တည်ထွင်လာသည်။

သိဒ္ဓိရှင်၊ မဟာိဒ္ဓိရှင်။

စေပိုင် သိဒ္ဓိရှင်။

အောင်ပိုင်သိဒ္ဓိရှင်

စကြာပိုင်သိဒ္ဓိရှင်။

သိဒ္ဓိရှင်၊ မသိဒ္ဓိရှင်ဟု အမည်နာမ ပြောင်းလဲသော်လည်း လုပ်နည်းလုပ်ဟန် ရိုက်စားကွက်တည်ထွင်ပုံများမှာမူ မပြောင်းလဲ။

နောက်အပြောင်းအလဲတစ်ခုလည်း ရှိပြန်သည်။

အရွယ်လွန်များ ခေတ်မစား။

လူပျို၊ လန်းဆန်းတက်ကြွသည့် အရွယ်ပျိုများ ခေတ်စားလာသည်။

ငယ်ရမည်။

ရုပ်ဖြောင့်ရမည်။

ယောဂီဝတ်စုံနှင့် လိုက်ဖက်သည့် ဖြူဖွေးသော အသားအရည်ရှိရမည်။

အညှီအဟောက်ကင်းသော ခြေလေးချောင်းသတ္တဝါ အသားကိုမစား၊ ရေသတ္တဝါအစိုမစား။

ငါးခြောက်ငါးခြမ်း အသီးအရွက်ကိုသာ စားသည်။

အကြားအမြင် ဝေါဟာရကို မနောအကြည်ဓာတ် ပွင့်သည်ဟူသော ဝေါဟာရဖြင့် အစားထိုးသည်။

မကြာသေးမီကာလ အတိအကျပြောရလျှင် ၁၉၉၆ ခုနှစ်အလယ်ပိုင်းကာလ။

ကိုယ်ပိုင်တိုက်ခန်း၊ ကိုယ်ပိုင်ကား၊ မိသားစု ဖူလုံပြည့်လျှံ

www.burmeseclassic.com

www.burmeseclassic.com



စေနိုင်သောအလယ်အလတ် စီးပွားရေးလုပ်ငန်းရှိသည်။

လူချောဟုမဆိုသာပေမယ့် လူဖြောင့်သော ရုပ်ရည်ရှိသူဟု တော့ ဆိုနိုင်သည်။

ညနေတိုင်း ရွှေတိဂုံဘုရားတက်၍ ပုတီးစိပ်သည်။

ပုတီးမစိပ်သည့်အချိန် သွားလာလှုပ်ရှားရာတွင်ဘောင်းဘီနှင့် စပို့ရှပ်ဝတ်လေ့ရှိသည်။

ဘုရားတက်ပုတီးစိပ်သည့်အခါတွင်မူ အင်္ကျီလက်ရှည်အဖြူ၊ အဖြူခံအကွက်စိတ်ပါသော လုံချည်ဝတ်သည်။

ပတ်ဝန်းကျင် အမြင်ကောင်းသည်။

အနေအထိုင်တည်သည်။

ဣန္ဒြေသိက္ခာရှိသည်။

အဲသည်လို သတ်မှတ်အပြောအဆိုခံရသည်။

သူကလည်း သူ့ပရိသတ်နှင့်သူ။

သို့တစေ လာသမျှကိုတော့ လက်မခံ။

ဤသည်မှာ သူတို့၏အထာ။

လာသမျှလက်ခံရင် အပေါစားဖြစ်မည်။

သူ၏စီးပွားရေးလုပ်ငန်းအတွက် တစ်နည်းတစ်လမ်း အကျိုး ပြုနိုင်မည့်သူနှင့် အရာရှိကြီးအဆင့်ဝင်သူ၊ စီးပွားရေးလုပ်ငန်းရှင် စာ ရင်းဝင်သူမျိုးကို လက်ခံသည်။

သူ့ကိုလူသိများအောင်၊ စိတ်ဝင်စားအောင် အလှူဒါနပြုပုံက လည်း တစ်မျိုးတစ်ဘာသာဟု ဆိုရမည်။

ဘုရားကိုးဘုရား၏ ဘက်စုံပြုပြင်ရေးအလှူငွေအဖြစ် ဘုရား တစ်ဆူလျှင် ငွေ ၅၄၀၀ ကျပ်စီ လှူဒါန်းသည်။

ဘုရားက (၉) ဆူ

www.burmeseclassic.com

www.burmeseclassic.com



ငွေ ၅၄၀၀ ဆို၊ ၅ +၄ က(၉)

စုစုပေါင်း ၅၄၀၀၀၊ ၅ +၄ ကလည်း (၉)

ထိုလှူဒါန်းပွဲအကြိုအဖြစ် သူ၏တိုက်ခန်းတွင် ဓာတ်စခန်းဖွင့်ပွဲကျင်းပသည်။

သူ၏ဓာတ်စခန်းဖွင့်ပွဲသို့ အမျိုးသား (၁၈) ယောက်အမျိုးသမီး (၁၈) ယောက်ဖိတ်ကြားခဲ့သည်။

၁ + ၈ = (၉)

၁၈ × ၂ = ၃၆။ ၃ + ၆ = ၉

အားလုံး (၉) ဂဏန်းဖြင့် (၉) နဝင်းကြေလုပ်ရသည့်အကြောင်းကို သူက ရှင်းပြသည်။

ကိုးရက်အဓိဋ္ဌာန်ဝင်ရာတွင် မနောအကြည်ဓာတ်၌ သုံးကြိမ်သုံးခါပေါ်လာသော အထက်ဆိုင်ရာများ၏ ညွှန်ကြားချက်အရဟု ဆိုသည်။

ဘယ်သူဘယ်ဝါ ပုဂ္ဂိုလ်ဟူ၍တော့ မရည်ညွှန်း။

ပွဲတစ်ပွဲသာပေးထားသည့် အုန်းပွဲနောက်တွင် ရှိနေသည့်ပုံမှာ ဘိုးဘိုးအောင်တောင်ဝှေးကိုင်၍ မတ်တပ်ရပ်နေသည့်ပုံ။

ပုံတော်ကို သုံးလက်မခန့် ပတ်လည် ရွှေဘောင်ခတ်ထားသည်။

မကြာခင် ဘိုးဘိုးအောင်၏ ထွက်ရပ်ပေါက်စခန်း။ဘူမိနက်သန်၊ သရေခေတ္တရာပြည်မြို့သို့ ပြည်ဝင်၊ ပြည်ထွက်သွားရမည်ဟုလည်း ဆိုသည်။

ကိုးဘုရား ငွေလှူဒါန်းပွဲ၊ ဓာတ်စခန်းဖွင့်ပွဲနှင့် ပြည်ဝင်ပြည်ထွက်အကြောင်း သူပြောသမျှကို ဓာတ်စခန်းဖွင့်ပွဲသို့ ဖိတ်ကြားခံရသည့် ၃၆ ယောက်သော ပုဂ္ဂိုလ်များ တစ်ဆုပ်တစ်သပ်နားပေါက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြန့်ချိပေးကြသည်။

သူက သတင်းဖြန့်ခိုင်းခြင်း မဟုတ်ပါ။

အထူးအဆန်းကို စိတ်ဝင်စားသည့် ဓလေ့စရိုက်အတိုင်း စိတ်ထဲတွင် ထင်ရှိလာသည်ကို တစ်ဆင့်စကား တစ်ဆင့် နားပါးရန် ဝါသနာထုံမွေ့ကြသည့်အတိုင်း ကိုယ့်သဘောဆန္ဒနှင့်ကိုယ် ပြောကြခြင်းဖြစ်၏။

လမ်းဘေးတွင်ပြသည့် မျက်လှည့်ပွဲကို ကြည့်လာသူများသည် အံ့သြစရာအထူးအဆန်းဟု စိတ်ထဲတွင် ထင်မိသည်များကိုပင် ပြန်ပြောလေ့ရှိကြသည်။

ငါးသောင်းလေးထောင်သော ငွေကြေးကို လှူဒါန်းပြီး တတ်စခန်းဖွင့်ပွဲ၌ ပြောပြသည်များကို ကြားရသူများ၏ရင်ထဲတွင်သူ၏ အဆိုအပြောများ စွဲထင်သွားပြီးနောက် မျိုသိပ်၍မထားနိုင်အောင် ပါးစပ်တဟားဟားဖြစ်လာပြီး 'ထူးတော့ထူးတယ်' ဆိုသော စကားအခံဖြင့် အတွေ့အကြုံကို ပြန်လည်ဖောက်သည်ချကြသည်။

သူကထိုသို့ပြောသလို သူ၏ဇနီးမယားကလည်း မိန်းမသူချင်းတိုးတိုးတိတ်တိတ်နှစ်ကိုယ်ကြား ပြောလိုက်သည်မှာ ဤသို့။

ခု ကိုးဘုရားသို့လှူသည့် ငွေမှာ သူတို့ပိုင်ငွေမဟုတ်။

တစ်နေ့သော ညနေဘက်၊ အဝတ်အစား မသပ်မယပ်ဝတ်ပြီး လွယ်အိတ်အစုတ်ကြီးလွယ်ထားသည့် အသက်ခုနစ်ဆယ်ကျော်လောက်ရှိမည့် အဘိုးကြီးတစ်ယောက် ရောက်လာသည်။

ခင်ပွန်းဖြစ်သူ၏ နာမည်ကိုမေးသည်။

အိမ်ခန်းထဲဝင်နေသည့် ခင်ပွန်းဖြစ်သူကို ခေါ်ပေးလိုက်ရသည်။

အဘိုးကြီးက ကုလားထိုင်မှာ ဝင်ထိုင်ပြီး ခင်ပွန်းဖြစ်သူကို

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ကြမ်းပြင်ပေါ်မှာ ထိုင်ခိုင်းသည်။

"မသိဖူး၊ မမြင်ဖူး၊ အိမ်ကိုတစ်ခါမှ မလာဖူးပေးမယ့် အစ်ကိုက ဘာမှမမေးဘူး၊ အစ်ကိုကြည့်ရတာ မင်သက်မိနေသလိုပဲ၊ သူထိုင်ခိုင်းတဲ့အတိုင်းထိုင်ပြီး ခေါင်းကိုငုံ့ထားတယ်လေ၊ ကျွန်မလည်း ရပ်ကြည့်နေရာက ထိုင်ချလိုက်မိတယ်၊ အဘိုးကြီးက စက္ကူနဲ့ပတ်ထားတဲ့ အထုပ်တစ်ထုပ်ပေးတယ်၊ နောက် ကျွန်မဘက်လှည့်ပြီး ရေတစ်ခွက်တောင်းတယ်၊ ဇတောင်းတာက ရိုးရိုးမဟုတ်ဘူး၊ ဖန်ခွက်သန့်သန့်နဲ့ သောက်ရေတစ်ခွက် ခပ်ခဲ့စမ်းလို့ အမိန့်ပေးပြီး တောင်းတာ၊ ကျွန်မကလည်း ပန်းကန်ပြားနဲ့ ဖန်ခွက်ကို တရိုတသေပဲပေးလိုက်ရတယ်၊ အဘိုးကြီးက အင်္ကျီအတွင်းဘက်မှာ ဆွဲထားတဲ့ စိပ်ပုတီးကိုယူပြီး ရေဖန်ခွက်ကို တို့တယ်ဆိုရုံလောက်တို့ပြီး ညာဘက်လက်ညှိုးနဲ့ မွှေလိုက်တယ်၊ နောက်ကုန်အောင်သောက်လို့ပြောပြီး အစ်ကို့ကိုသောက်ခိုင်းတယ်၊ အစ်ကိုသောက်နေတုန်း ဘာမပြောညာမပြောထပြီးပြန်သွားတာပဲ၊ အဘိုးကြီးပြန်သွားပြီမှ ကျွန်မတို့လည်း ဘာပြန်ပြောရမှန်းမသိအောင် အံ့ဩတကြီးဖြစ်ပြီး တစ်ယောက်ကိုတစ်ယောက်ငိုင်ပြီး ကြည့်နေမိကြတယ်၊ ငွေတွေထုပ်ထားတဲ့စာရွက်မှာ ဘာလုပ်ရမယ်ဆိုတာ ရေးထားတယ်၊ အစ်ကိုပြောတာကတော့ သုံးရက်လောက်ကတည်းက အိပ်မက်မက်တဲ့အကြောင်း ပြောပြတယ်"

ဒါကို ဓာတ်စခန်းဖွင့်သည့်နေ့က ပြောလိုက်ခြင်းမဟုတ်ပါ။

အစ်မမနက်ဖြန်အိမ်လာဦးနော်၊ သတင်းထူးပြောစရာရှိလို့ဟု ပြောပြီး မနိုင်ရင်ကာ ရင်းနှီးသည့် ဒေါ်ခင်မေကြည်ကို လက်တို့မှာပြီးမှ ပြောတာ။

ဒေါ်ခင်မေကြည်က စိန်ပွဲစား၊ တိုက်တာ၊ မြေအရောင်းအဝယ်ပွဲစား။

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းလွှာအသိုင်းအဝိုင်းကို ဝင်ဆန့်သူဖြစ်သည်။

ထိုသို့သောဖြစ်ရပ်ကြောင်းကို ပြန်လည်ဖောက်သည်ချပြီး အပိတ်စကားလေးလည်း ပြောလိုက်သေးသည်။

"မမကြည် အဲဒီအကြောင်း ဘယ်သူ့ကိုမှ ပြန်မပြောပါနဲ့နော်၊ မမကြည်ကို ခင်လွန်းလို့သာ ပြောရတာ၊ အစ်ကိုက ဘယ်သူ့မှ ပြန်မပြောရဘူးလို့ ပြောထားတယ်၊ အထက်ပုဂ္ဂိုလ်တွေက ကြိုက်ချင်မှ ကြိုက်မှာတဲ့"

အဲဒီလိုအကွက်ထွင်လိုက်တော့ တန်းခနဲအကွက်ဝင်သွားတော့တာပေါ့။

မကြာပါ။

မနောအကြည်ခာတ်ပွင့် သိဒ္ဓိရှင်မင်းဇော်ဦး။

"မွမ်းမံပြင်ဆင်ထားသည့် ရတနာပစ္စည်းအရောင်းအဝယ်ဖြစ်လိမ့်မယ်"

"သူတော်စင်ပုဂ္ဂိုလ်များ စောင့်ရှောက်မည့်အချိန် ရောက်နေပြီ"

"ရတနာသုံးပါးကို ပို၍ ကိုင်းရှိုင်းပါ၊ ပုတီးပိုစိပ်ပါ"

"ပုပ္ပညီညို စကားပြောသွက်သည့် သောကြာသမီးကို သတိထားပါ"

"ဤရက်ပိုင်းအတွင်း ကိုယ့်လုပ်ငန်းကို ဖြစ်ရမည်ဆိုသည့် ဆုံးဖြတ်ချက်အပြည့်နှင့်လုပ်ပါ အောင်မြင်လိမ့်မည်"

"ကျန်းမာရေးအတွက် မပူပါနဲ့ သမားကောင်းဆေးကောင်းတွေ့မည်"

"သူတစ်ပါးသားမယားကို ပြစ်မှားတတ်သူနှင့်တွေ့တတ်သည်"

www.burmeseclassic.com

www.burmeseclassic.com



"အပြောလဲ အပြောချိုသူကို သိပ်မယုံစားပါနဲ့"

"အိမ်က ဘုရားစင်ကို အခုထက်ပို၍ သန့်ရှင်းအောင် ပြုပြင်ပါ"

ဆယ့်ငါးရက်အတွင်း ဥပဒေနှင့်မလွတ်ကင်းသည့် အလုပ်အကြောင်း ပြောလာသူနှင့် မဆက်ဆံပါနှင့်၊ အပြစ်တစ်ခုခုဖြစ်လာမည်ကို သတိထားပါ။

"အစားအသောက် အနေအထိုင်ဆင်ခြင်ပါ၊ ရောဂါဝေဒနာအဖြစ်ကို ကြုံရတတ်သည်"

"အရောင်းအဝယ် မဖြစ်သေးတဲ့ ပစ္စည်းကိစ္စအတွက် ဆန္ဒမစောပါနဲ့၊ အချိန်တိုကာလကို သည်းခံပြီး စောင့်ပါ၊ ဖြစ်ဖို့သေချာတယ်၊ အကျိုးအမြတ်လည်း ထိုက်ထိုက်တန်တန်ရမယ်"

"ကားကိုတော့ သတိထားပါ"

"အိပ်မက်ဆိုးများ မက်ရင်အထိတ်တလန့် မဖြစ်ပါနဲ့၊ အစွဲအလမ်းမထားပါနဲ့"

"ပြင်ပအမှောင့်ပယောဂ နည်းနည်းရှိသည်"

"မစိုးရိမ်ပါနဲ့"

"ခရီးသွားခြင်းတစ်ခုခုက အကျိုးကျေးဇူးရှိလိမ့်မည်"

"ကြုံလာလျှင် သွားပစ်လိုက်ပါ"

"ကြံစည်ထားတာ လုပ်စရာရှိတာကို ရဲရဲလုပ်ပါ၊ အဆင်ပြေအောင်မြင်မည့်အချိန်ရောက်နေပြီ"

"တစ်ပတ်အတွင်း လုပ်ငန်းအကြောင်းပြောလာရင် လုပ်ငန်းကျွမ်းကျင်သူဖြစ်မည်။ စိတ်ရင်းကောင်းသူဖြစ်လိမ့်မည်"

"အထူးသဖြင့် အမျိုးသမီးထဲက ဥပဓိရုပ်ကောင်းသူကို သတိထားပါ"

www.burmeseclassic.com

www.burmeseclassic.com



“ထိထိုးရင် ခြောက်ဂဏန်းကို အားပြုထိုးပါ”

“မိသားစုထဲက ပြောတာတွေကို အရမ်းမယုံပါနဲ့၊ မိတ်ဆွေစစ်မိတ်ဆွေကောင်းများ၏ အထင်လွဲခြင်းခံရလိမ့်မည်”

“စာရွက်စာတမ်းပြပြီး လုပ်ငန်းအကြောင်း ပြောလာရင် လုံးဝလက်မခံပါနဲ့”

“ကိုယ့်အားကိုယ်ကိုးပြီး လုပ်ရမည့်အလုပ်မျိုးကို အတွေးမချော်ပါစေနဲ့ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက် သဘောမျိုး လုပ်ပါ”

“ဆွေမျိုးသားချင်းထဲက ဗုဒ္ဓဟူးသားသမီးကို သတိထားပါ၊ ငွေရေးကြေးရေး လက်မလွှန်ပါစေနဲ့”

“အတတ်ပညာ အကျိုးပေးမယ့်နှစ်ရောက်ပြီ၊ သတိထားရမှာကတော့ မိန်းမကိစ္စ၊ ယုန်ကမတိုး၊ ပိုက်ကတိုးအဖြစ်နှင့်ကြုံပြီး ရှင်းရလင်းရ ခက်လိမ့်မည်”

“သတ္တိရှိရှိနှင့် ကြံစည်ထားတဲ့ အကြံအစည်ကို လုပ်လိုက်စမ်းပါ၊ အောင်မြင်မယ့်အခြေအနေဟာ ကိုယ့်ဘက်မှာ ရာနှုန်းပြည့်ရှိနေတယ်”

“သားရေးသမီးရေးကိစ္စကို အလောတကြီး မစီစဉ်ပါနဲ့၊ အချိန်ယူစဉ်းစားပြီးမှ လုပ်ပါ”

“နိုင်ငံခြားလုပ်ငန်းကိစ္စ ပေါ်လာလိမ့်မယ်၊ အရှေ့တိုင်းသားနဲ့ဆိုရင် စိတ်ချလက်ချလုပ်ပါ၊ အနောက်တိုင်းသားနဲ့ဆိုရင်တော့ လုံးဝမလုပ်ပါနဲ့”

“အလုပ်တွဲလုပ်နေကျ မိတ်ဆွေတစ်ယောက်၊ ဘယ်သူဘယ်ဝါဆိုတာ ကိုယ်တိုင်သိပါလိမ့်မယ်၊ ယခင်စိတ်ဓာတ်မျိုးမရှိတော့ဘူးဆိုတာကို သတိထားပါ၊ သူ၏ ငွေရေးကြေးရေးအခြေအနေ ယိုင်နေပြီကို သတိရှိရှိနှင့် မျက်ခြေမပြတ်လေ့လာပါ”

www.burmeseclassic.com

www.burmeseclassic.com



"အမွေကိစ္စ မထင်မှတ်ဘဲ ပြဿနာပေါ်နိုင်သည်၊ပြောတိုင်း ယုံမိနဲ့ ရွှေနေရှေ့ရပ်ကိစ္စကို သတိထားပါ"

ဤသို့သော လူ့အသိုင်းအဝိုင်းတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အကြမ်းဖျင်းအခြေအနေများကို မနောအကြည့်ခတ်ပွင့် အဟောပုံစံဖြင့် ဟောပြောလေ့ရှိသည်။

ပစ်လုံးပေးသည်။

နှိုက်လုံးထုတ်သည်။

ပြီးတော့မှ ဟောသည်။

စာရွက်မပါ၊ ဘောပင်မခြစ်၊ လက်ဝါးကို မကြည့်ဘဲလက်တန်း ဟောသည်၊

"အကြံအောင်လုဆဲဆဲမှာ အနှောင့်အယှက်ဝင်လာတာကိုး"

ကိုယ့်ဟာကိုယ်ပြောသလိုလို ဘာလိုလိုပစ်လုံးပေးလိုက်သည်။

"ဟုတ်ကဲ့ပါ၊ အဲဒီအတွက် လာရတာပါ"

ပစ်လုံးပေးလိုက်တော့ ကာယကံရှင်ထံမှ နှိုက်လုံးထွက်လာသည်၊

"အိမ်ရှေ့ပူအိမ်နောက်မချမ်းသာ ကိစ္စပါလား"

"ဟုတ်ပါတယ်၊ ကျွန်မခင်ပွန်းသည်ကိစ္စပါ"

"သိပါတယ်လေ၊ သိပါတယ်"

"သားသမီးကိစ္စနဲ့ ပတ်သက်လာတော့လည်း စီးပွားရေးကောင်းပေမယ့် စိတ်မကြည်မလင်ဖြစ်ရတာပေါ့"

"ကျွန်မလာတာက ခင်ပွန်းသည်ရဲ့ရာထူးတိုးတက်ရေးကိစ္စ"

"သိပါတယ်၊ ဒါက အပရိကာကိစ္စပါ၊သားသမီးကိစ္စမကြောင်း အကြီးအကျယ်ပြဿနာတက်ဖို့ ရှိနေတာ မနောမှာပေါ်လာလို့ ပြောရတာ"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုမျိုးတွေက သူတို့လုပ်နေကြအထာ။

သူတို့ရှေ့မှောက်ရောက်သွားသူက နဂိုမူလစိတ်မရှိ။

အားငယ်စိတ်လျော့သည့်အခံ ပါသွားပြီးသား။

ရှိရှိကျိုးကျိုးအတိုင်း ရှိသေသမှုအလေးပြုရသည့် အပြော အဆို၊ နဂိုရုပ်သွင်ကို အပျော့သွယ်ဆုံးဖြစ်အောင် ဖန်တီးထားရသည့် အပြောင်းအလဲတို့မှာ ကိုယ့်ဘက်က တစ်ပန်းရှုံးပြီးသားဖြစ်သည်။

ဘိုးတော်ဆီသွားသွား၊ နတ်ကတော်ဆီသွားသွား၊ ဗေဒင်ဆရာ ဆီသွားသွား၊ မမှန်သည်ကိုမမှန်ပါဟု ပြောရဲသည့်သတ္တိမျိုးမရှိပါ။

ဆရာပြောတာ မမှန်ဘူး၊ လွဲနေသည်ဟု လူတစ်ရာတွင် တစ်ယောက်သော်မှ မရှိနိုင်ရာ။

မနောအကြည်ဓာတ်ပွင့်သည်ဟု အဆိုရှိသော ဆရာလေး မင်းဇော်ဦးကလည်းအထာ ပရိယာယ်ကြွယ်သည်။

"ကျွန်တော်က ဗေဒင်ဆရာတွေကို ဘွက်ချက်ပြီး လက္ခဏာ ဆရာတွေလို၊ လက်ဝါးပြင်ကအရေးအကြောင်းတွေကိုကြည့်ပြီး ဟော တာပြောတာမဟုတ်ဘူးနော်၊ ကျွန်တော်မနောအကြည်ဓာတ်မှာ ပေါ်တဲ့ အတိုင်းပြောရတာ၊ အားလုံးဒက်ထိမှန်ရမယ်လို့တော့ မထင်နဲ့၊ ပဋ္ဌာန်း ဆက်နီးရင်မှန်မယ်၊ ပဋ္ဌာန်းဆက်ဝေးရင် လွဲနိုင်တယ်"

အဲဒီလိုစကားပလ္လင်ခံထားသမို့ မမှန်ရင် ပဋ္ဌာန်းဆက်ဝေး လို့ပဲလို့ သဘောမူရမည်သာဖြစ်သည်။

"ကဲ ... အမွှေးတိုင်ထွန်းမယ်၊ အမွှေးတိုင်က ထွက်တဲ့ အငွေ့ ကိုအာရုံပြုပြီး သေသေချာချာစူးစိုက်ကြည့်စမ်း၊ ကိုယ့်ကိုစောင့်ရှောက် နေတဲ့ ပုဂ္ဂိုလ်ပေါ်လိမ့်မယ်၊ ထင်ထင်ရှားရှားကြီးတော့ မဟုတ်ဘူးနော်၊ ထင်ထင်ရှားရှားမပြဘူး၊ ဝိုးတဝါးပဲ"

"ကြည့် သေသေချာချာကြည့်"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သူက ဘာမှမမြင်ပါဘူးလို့ ပြောရဲသည့်သတ္တိဘယ်ရှိလိမ့်မှာပ။

မမြင်လည်းမြင်သည် ပြောမှ အရှက်မကွဲမှာ။

မမြင်ဘူးပြောရင် ကိုယ်က အစောင့်အရှောက် ပုဂ္ဂိုလ်ဖြစ်သွားမှာပေါ့။

စိတ်ပညာသည် ဆန်းကျယ်၏။

စိတ်ပညာဆန်းကျယ်သော်လည်း စိတ်ကိုလှည့်စားရသည်မှာမူ လွယ်ကူ၏။

အမွေးတိုင်မီးခိုးမှာ ရုပ်ပုံပေါ်သည့်လုပ်ငန်းက ခုမှမဟုတ်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က မျက်လှည့်ဆရာကြီး ရှင်းလင်းလုပ်သွားသည့် နည်းပါ။

မကြာမီက ပြသသွားသည့် ဒေးဗစ်ကော်ပါဖီး၏ အရုပ်ကလေးများ မှတ်ခိုင်းခြင်းနှင့် ဖဲချပ်မှတ်ခိုင်းခြင်းပြကွက်မှာ စိတ်ကိုလှည့်စားကြသည့်ပြကွက်ပင် ဖြစ်၏။

အင်္ဂလိပ်ခေတ်က အိပ်စယ်စီယာ (ယခုဝဇီယာ)ရုပ်ရှင်ရုံတွင် နိုင်ငံခြားမျက်လှည့်အဖွဲ့ လာရောက်ပြသကြသည်။

မျက်လှည့်ဆရာက သူ၏လက်ထဲမှနာရီနှင့် ပရိသတ်လက်ထဲမှ နာရီများကို အချိန်တိုက်ခိုင်းသည်။

အားလုံးတိုက်ပြီးပလားဟုမေးသည်။

ပရိသတ်ကတိုက်ပြီးကြောင်းဖြေကြသည်။

သူတိုက်ခိုင်းသည့်အချိန်မှာ နှစ်နာရီ။

ထို့နောက် နာရီများကို ပြန်ကြည့်ခိုင်းရာတွင် မျက်လှည့်ဆရာက ပရိသတ်ကို ခင်ဗျားတို့နာရီများကို ပြန်ကြည့်လိုက်ကြ...။

...ခု တစ်ဆယ့်နှစ်နာရီခွဲပဲ ရှိပါသေးတယ်ဟု။

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်က မိမိတို့လက်ထဲမှ နာရီများကို ကြည့်လိုက်သည့် အတိုင်း နာရီလက်တံဆယ့်နှစ်နာရီခွဲသို့ ညွှန်ပြနေသည်ကို တွေ့လိုက်ကြရသည်။

စိတ်စွမ်းအားနှင့် စိတ်လှည့်စားမှု ပညာ။

ဘိုးတော်တို့ သိဒ္ဓိရှင်တို့မဟာဗ္ဗိဒ္ဓိရှင်တို့သည်လည်း ဂမ္ဘီရ ပညာနှင့်မသက်ဆိုင်သော ပြကွက်များဖြင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များကို လှည့်စားနေကြ၏။

မိရိုးဖလာဗုဒ္ဓဘာသာဝင်ဟု ဆိုရခြင်းမှာ ကိုးကွယ်မှုဆိုင်ရာ ရောထွေးနေသူများအား ရည်ညွှန်း၍ ခေါ်ဆိုရခြင်းဖြစ်၏။

'တော ခေါ် သရဏံ ခေမံ

တော သရဏာ မုတ္တမံ၊

တော သရဏာ ဟာဂမ္မ

သဗ္ဗဒုက္ခာ ပမုစ္စတိ'

ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းသည် မည်၏။

မြတ်သောကိုးကွယ်ဆည်းကပ်ခြင်းမည်၏။

ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။

ကိုးကွယ်ရာရတနာသုံးပါး။

ဗုဒ္ဓရတနာ။

ဓမ္မရတနာ။

သံဃာရတနာ။

ဗုဒ္ဓဘာသာဝင်တစ်ဦးသည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ၊ ဆရာ၊ မိဘတည်းဟူသော အနန္တော

www.burmeseclassic.com



အနန္တငါးပါးကို တစ်ဂိုဏ်းတည်းထား၍ ပူဇော်ကိုးကွယ်ကြသည်။

ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ယောက်အတွက် ထိုမှတစ်ပါး ကိုးကွယ်ရာသည်မရှိ။

လျှပ်စစ်လိုင်းပူးလျှင် ရှော့ဖြစ်သည်။

ကိုးကွယ်မှု လိုင်းပူးလျှင် ဒုက္ခခပ်သိမ်း မကင်းငြိမ်းဘဲ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာကို မရနိုင်ရုံမက မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်ကွယ်ပြုရလိမ့်မည်သာ ဖြစ်ပါကြောင်း။

ကိုးကွယ်ဆည်းကပ်မှု၊ လိုင်းပူးမိသည့် ဒေါ်ခင်စန်းနွယ်မှာ. ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



( ၈ )

ဒေါ်ခင်စန်းနွယ်မှာ ဝင်ငွေကောင်းသည့် ပါရဂူဘွဲ့ရ ဆရာဝန်ကြီးတစ်ဦး၏ ဇနီးဖြစ်၏။

ဒေါ်ခင်စန်းနွယ်ကိုယ်တိုင် ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ ချမ်းသာသည့်မိဘများ၏ အမွေအနှစ်ကိုလည်း ထိုက်ထိုက်တန်တန် ခံစားရရှိလိုက်သည်။

မိသားစု၏ အခြေအနေမှာ အစစအရာရာ ပြည့်စုံသည်ဟု ဆိုရမည့်အခြေအနေ။

သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။

ဒေါ်ခင်စန်းနွယ်မှာ ဘာသာတရားကိုင်းရှိုင်းသည့် မိဘများ၏ အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းခဲ့ရသူဖြစ်သည့်အလျောက် ဘာ

www.burmeseclassic.com

www.burmeseclassic.com



သာရေးအခြေခံရှိခဲ့သည်။

အိမ်ထောင်ကျပြီးသည့်နောက်တွင် ရိပ်သာများသို့ အရောက်အပေါက်များသည်။

ရိပ်သာများသို့ရောက်သည်မှာ တရားဘာဝနာ ပွားများခြင်းဘက်သို့ အလေးပေးသည်ထက် လောကီရေးရာအကြောင်းကိစ္စများနှင့် ပတ်သက်၍ တွေ့ဆုံရမည့်သူများကို တွေ့ဆုံရန်အကြောင်းလည်းပါသည်။

ရည်ရွယ်ချက်သန့်စင်မှုမပြည့်ဝဟုလည်း ဆိုနိုင်သည်။

ရိပ်သာတွင် လူစုံတတ်သည့် တနင်္ဂနွေလိုနေ့မျိုး၊ အခါကြီးရက်ကြီးနေ့မျိုး ရိပ်သာသို့ ရောက်သည်။

ယောဂီထဘီနှင့် ယောဂီဝတ်ကတော့ ဝတ်ဆင်သွားလေ့ရှိသည်။

တရားနာသည်။

တရားလည်းထိုင်သည်။

မဟာစည်။

မိုးကုတ်။

မင်းကွန်း။

မိုးညှင်း။

ဝမ်းဗိုက်ကိုစိတ်မှာထား၍ 'ဖောင်းတယ်၊ ပိန်တယ်'မှတ်ရှုပွားများနည်း။

ဝင်လေထွက်လေကို သိမှတ်၍ သမာဓိထူထောင်ပြီးနောက် ရုပ်နာမ်နှင့် ဖြစ်မှုပျက်မှုကို စိတ်အစဉ်မပြတ် ရှုမှတ်ပွားများနည်း။

ထိုင်တယ်။

အိပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စားတယ်။

သွားတယ်။

ကြွတယ်။

လှမ်းတယ်။

ချတယ်။

အားလုံးကို အသိစိတ်မပြတ် ရှုမှတ်ရသော ကာယာနုပဿနာနည်း။

ရုပ်နာမ်အကြောင်း အဆက်ဆက်ကြောင့် ရုပ်နာမ်အကျိုး အဆက်ဆက်တို့ ဖြစ်ပျက်နေသည်ကို ရှုမှတ်နည်း။

ထွက်သွက်ဝင်သက်ကို အနိစ္စမမြဲ။

စကြံသွားမှုလည်း အနိစ္စမမြဲသည်ဖြင့် အမူအရာမှန်သမျှနှင့်ရုပ်နာမ်အားလုံးကို ဖြစ်လျက် ရှုမှတ်ရသည့်နည်း။

သမာဓိထူထောင်ရန် သမထကို ရှေးဦးစွာကျင့်ရမည်။ ထွက်သက်ဝင်သက်ကို ပကတိအတိုင်းရှု၍ စိတ်ကိုနှာသီးဖျားမှာ ထားရမည်။

ငါးပါးအပယ်တံခါး ပိတ်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ထက်ထက်သန်သန် ရှုမှတ်နေရမည်။

ညောင်းအားကြီးလျှင် နေရာပြင်နိုင်သည့် အနာဂမ်ဆရာသက်ကြီး၏ ဝိပဿနာရှုနည်း။

ထိုသို့သော ဝိပဿနာရှုနည်းများ ရှုမှတ်ပွားများရသည့် ရိပ်သာအသီးသီးသို့ ဒေါ်ခင်စန်းနွယ်ရောက်သလို ရောက်တုန်း ရောက်ခိုက်လည်း တရားဝင်ထိုင်သည်။

ထိုင်နည်း ရှုမှတ်ပွားများနည်းကို သတ်သတ်မှတ်မှတ်မထား ဘဲ ကြုံလျှင်ကြုံသလိုမို့ ရှုမှတ်ပွားများနည်းများ ဟပ်ဘွိုင်ဖြစ်ကုန်သည်။ ❦

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်စန်းနွယ်အတွက်တော့ အကြောင်းမဟုတ်ပါ။

ဒေါ်ခင်စန်းနွယ်မှာ ရိပ်သာများသို့ ရောက်သည့်အခါတွင်သာ ကြိုလှျှင်ကြိုသလို ဝိပဿနာရှုမှတ်ပွားများသည်။

အိမ်မှာတော့ တရားထိုင်လေ့မရှိ။ ၊

မနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ နှစ်ကြိမ်ဘုရားမှန်မှန် ရှိခိုးသည်။

ဘုရားစင်ကြီး ဟိန်းနေအောင် ပြင်ထားသည်။

ပွဲထိုးသည်။

သူရဿတီမယ်တော် ရုပ်တုရှိသည်။

အိမ်တွင်းနတ်အုန်းလည်း ဆွဲသည်။

ဒေါ်ခင်စန်းနွယ်က ရိပ်သာတွေကိုသာ ရောက်သည်မဟုတ်။

ဘယ်ဆရာတော်က ဘယ်သို့ဆိုလှျှင် မရောက်ရောက်အောင် သွားသည်။

ခြေနင်းစကြာ မော်တော်ကားကလည်းရှိတော့ စိတ်သွားတိုင်း ကိုယ်ပါဖြစ်နေသည်။

ဘုရားသွားသည်၊ ဝိပဿနာရိပ်သာများသွားသည်။ နာမည်ကြီးဆရာတော်ကြီးများထံ ရောက်သည်။

ကုသိုလ်အပြည့်အဝမထင်သော်မှ အ ကုသိုလ်မဖြစ်။

ကိုးကွယ်မှု အမှားဘက်သို့ မတိမ်းပါ။

ကိုးကွယ်မှုအပြစ်မသက်ရောက်ဟု ဆိုနိုင်ရာပါ၏။

ဒေါ်ခင်စန်းနွယ်မှာ ကိုးကွယ်မှုရောထွေးယှက်တင်ဖြစ်နေ သလို ကိုးကွယ်မှုအပြစ်သက်ရောက်သည့် နေရာများကိုလည်း အလွတ်မပေး။

ဘယ်ဘိုးတော်မှ ဘယ်လိုဆိုသည်နှင့် သူမရောက်ပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သိဒ္ဓိရှင်က ဘယ်သို့ဟု သတင်းကြားလျှင်လည်း မနေး ရောက်စမြဲရှိသည်။

ရက္ခစိုးမှော် တစ်ဝက်တစ်ပျက်အောင်၍ ထူးဆန်းထွေလာ အပ်ချလောင်းကွက်တွေ အပြကောင်းသည့် ပြည်လုံးကျော်ဘိုးတော်၊ ဘိုးတော်တင်ဦးကို မန္တလေး၊ စစ်ကိုင်း၊ မုံရွာမြို့များသို့ လှည့်လည် ၍ မတွေ့တွေ့အောင် ရှာပြီးတွေ့ခဲ့သူပါ။

ဘိုးတော်တင်ဦးပေးသည့် လက်ဝါးရိုက်အပ်ချလောင်း အဆောင်ကို ထိုက်ထိုက်တန်တန်ကန်တော့ကြေးဖြင့် လဲယူခဲ့ရသည်။

နည်းအမျိုးမျိုးဖြင့် လိမ်လည်သူများ၊ ကွန်းထောက်နားရော စခန်းဖြစ်သည့် ထောင်ထဲသို့ ဘိုးတော်တင်ဦး ရောက်သွားခဲ့သည့်တိုင် ဘိုးတော်တင်ဦးပေးလိုက်သော ဓာတ်လုံးအဆောင်မှာ အကောင်းစား ရေမွှေးပုလင်း၌ ထည့်ပြီး အိမ်ဦးဘုရားစင်ပေါ်တွင် ရှိနေဆဲပါ။

ဘိုးတော်တွေထောင်ထဲရောက်သွားတော့ မမှန်မကန်လုပ်၍ မမှန်မကန်နေရာသို့ ရောက်သွားကြသည်ဟု မရှုမြင်။ မသုံးသပ်ဘဲ အပြစ်တင်သံတွေ သောသောညံသွားသည်။

ဝေဖန်သံတွေ ရိုက်ခတ်သွားသည်။

သူတို့အား ဖမ်းဆီး၍ ထောင်ထဲသို့ ပို့သူများအား ဘာဖြစ် လိမ့်မည်၊ ညာဖြစ်လိမ့်မည်ဟု ပြောသံဆိုသံများလည်း ကျယ်ကျယ် လောင်လောင်ထွက်လာသည်။

ဘိုးတော်တင်ဦးကို ယုံကြည်မှုလွန်ကဲသူများကမူ ထောင်ထဲ ရောက်နေသူမှာ ဘိုးတော်တင်ဦး အစစ်မဟုတ်၊ ကိုယ်ခွဲသာဖြစ်သည်။ ဘိုးတော်တင်ဦးအစစ်မှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ နယ်ပယ်သို့ ရောက်နေသည်။

မကြာမီပေါ်လာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ခု ဘယ်ထောင်၊ ဘယ်စခန်းမှာ ရှိသည်။

အဲဒီလို အခြေအမြစ်မရှိ ရောက်တတ်ရာရာ ပေါက်တတ်ကရပြောသူများပင်ရှိကြသည်။

ဒဂုံရဲစခန်း၊ အချုပ်ခန်းရှိ နံရံကိုကျောမှီထိုင်နေသည့် ဘိုးတော်တင်ဦး။

ညှိုးငယ်သောသွင်ပြင်၊ နွမ်းနယ်မောလျနေသည့် ဟန်ပန်ထင်ဟပ်နေသည့် ဘိုးတော်တင်ဦး။

စိတ်ကျဝေဒနာခံစားနေရသည့် အရိပ်အဆင်ထင်းပြနေသည့် ပြည်လုံးကျော် ဘိုးတော်တင်ဦးကို ကိုယ်တိုင်ကိုယ်ကျ တွေ့လိုက်ရသည်။

ဆင်ခြင်မိလိုက်သည်။

သူများတွေကို ဘာဖြစ်မည် ညာဖြစ်မည်ဟု အကြားအမြင်ဖြင့် ဒိုးခနဲဒေါက်ခနဲ ဟောနိုင်ပြောနိုင်သူ ပုဂ္ဂိုလ်ကြီးမှာ ကိုယ့်အကြောင်းတော့ ကိုယ်မသိပါကလားဟု။

ကိုယ့်အကြောင်းကိုသာ ကြိုတင်မြင်နိုင်စွမ်း သိနိုင်စွမ်းရှိနေရင် အချုပ်ထဲထောင်ထဲ ဘယ်ရောက်ပါ့မလဲဟု။

ဘိုးတော်တင်ဦးလို ပြည်လုံးကျော် လျှမ်းလျှမ်းတောက် ဘိုးတော်ကြီးနှင့်အတူ အခြားအခြားသော ဘိုးတော်ပေါင်းစုံတို့သည် အင်းစိန်ထောင်တံခါးမကြီး၏ တံခါးပေါက်အသေးလေးကို ခေါင်းငုံ့ကျော်ဖြတ်၍ ထောင်ထဲသို့ ဝင်ခဲ့ကြရသည်။

ဟိတ်ဟန်မထုတ်နိုင်ကြ။

ပုံစံအကိုင်ခံလိုက်ရသည်။

ထိုသို့သော သာဓကကြီး အတိအလင်းရှိခဲ့ပါလျက် ကိုးကွယ်မှုအမှားလမ်းကြောင်းကို မစွန့်နိုင်သူတွေကလည်း ခုနေ့ထိရှိနေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲမှာ ဒေါ်ခင်စန်းနွယ် တစ်ယောက်တည်း ပါသည်။

မနောအကြည်တတ်ပေါက်၊ သိဒ္ဓိရှင် မင်းဇော်ဦးထံရောက်ခဲ့ရာမှ နောက်ပိုင်းအဝင်အထွက်များသူထဲမှာ ဒေါ်ခင်စန်းနွယ်လည်း ပါဝင်ခဲ့သည်။

အဝင်အထွက်မများလို့လည်း မဖြစ်။

ဆယ်တန်းစာမေးပွဲ ဖြေမည့်ဆဲဆဲ သမီးဖြစ်သူမှာ သိုက်အဆက်အနွယ်။

ပြန်ခေါ်ဖို့ အချိန်နီးကပ်နေပြီမို့ အနှောင့်အယှက်အမျိုးမျိုးပေးနေသည်။

"သူတို့အနှောင့်အယှက်ကြောင့် ဖြေဆိုရမယ့်အဖြေကို သိလျက်နဲ့ လက်တွန့်နေတယ်၊ ခေါင်းထဲမှာလည်း မကြည်မလင် ဖြစ်ဖြစ်လာတယ်၊ စာကျက်ရင်းနဲ့ ခေါင်းထဲမှာ ဝေသလို မူးသလိုဖြစ်တယ်၊ ကိုးတန်းကတည်းက ဒီလိုစဖြစ်တာ၊ ဒီနှစ်တော့ သိသိသာသာ ဖြစ်လာတယ်"

ဤသို့ပြောရင်း ကျော့ကေခိုင်ကို မေးခွန်းထုတ်လိုက်သည်။

"ဆရာပြောတာ မှန်ရဲ့လားသမီး၊ မှန်မှမှန်တယ်ပြောနော်"

ကျော့ကေခိုင်က ရုတ်တရက် ပြန်မဖြေဘဲ မျက်နှာလေးအောက်ငုံ့ပြီး ထိုင်နေသည့်ဖျာကို လက်သည်းလေးနှင့် ခြစ်နေသည်။

"ကဲ . . အနှောင့်အယှက် အားလုံးခွာစမ်း၊ ပြောစရာရှိတာကိုသာပြော"

"ဟုတ် . . ဟုတ်ကဲ့ ဖြစ်ပါတယ်"

"ပေးစမ်း လက်နှစ်ဖက်"

ကျော့ကေခိုင်က မင်းဇော်ဦးပြောသည့်အတိုင်း လက်နှစ်ဖက်ကမ်းပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်တွေကလည်း အေးစက်လို့ပါလား၊ ကဲ . ဒေါ်ခင်စန်းနွယ်သမီးရဲ့ ရင်ဘတ်ကို စမ်းကြည့်လိုက်ပါဦး"

ဒေါ်ခင်စန်းနွယ်က စမ်းကြည့်ပြီးနောက် သမီးရင်တွေ တုန်လို့ပါလားဟု ပြောလိုက်သည်။

ဒေါ်ခင်စန်းနွယ်က သမီးဖြစ်သူ၏ ရင်ကိုစမ်းပြီး သူမ၏လက်ကလေးနှစ်ဖက်နှင့် အုပ်ထားသည်။

မျက်နှာပေါ်တွင် စိုးရိမ်စိတ်လွန်ကဲဟန် ပေါ်နေသည်။

သားသမီးနှင့် ပတ်သက်သည့် ကိစ္စကြုံလာလျှင် အသေးအဖွဲ့လေးကအစ စိုးရိမ်ပူပင်မှု လွန်ကဲစမြဲ ရှိကြသည်။

ရောဂါဝေဒနာ တစ်စုံတစ်ရာဖြစ်နေရင် အကြောင်းမဟုတ်။

အိမ်မှာ အထူးကုခင်ပွန်းသည့် ဆရာဝန်ကြီးရှိသည်။

ခုဖြစ်နေသည့် ကိစ္စ ဖြစ်ရိုးဖြစ်စဉ် ဝေဒနာမျိုး မဟုတ်။

မမြင်နိုင်စွမ်းသော ပရလောကနှင့် ဆက်နွယ်ဖြစ်ပေါ်လာသည့် ပယောဂအနှောင့်အယှက်အစွဲ။

နော်ကာဒတ်တစ်ယောက်ကလည်း ကျောကေခိုင်မှာ အစွဲရှိသည်ဟု ဟောဖူးသည်။

ပလောင်ထင်းပေးရသည်။ ဘောင်းတော်အသစ် လဲပေးရသည်။

နော်ကာဒတ်ကြီးအတွက် သိတတ်စွာပေးရသည့်အကျိုးဆောင်ခထောင်ကျော်ထွက်သွားပြီးပြီ။

အဆိုအမပြောရှိသည်။

ဆရာဝန်ဆီရောက်ရင် ရောဂါတစ်ခုခုအမည်တပ်ခံရမည်။

နော်ကာဒတ်ဆီရောက်ရင် ရိုးရာအနှောင့်အယှက် ဘာစွဲညာစွဲရှိသည်ဟု အမည်တပ်ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘော်တိုးဆီရောက်ရင် မပါမပြီးပါလာမည်မှာ ဥစ္စာစောင့်သိုက်နှင့် ဆက်နွှယ်သည့်ကိစ္စ။

ရောဂါအတွက် စမ်းသပ်ခနှင့် ဆေးဘိုးဝါးခ ကုန်ရမည်။

ဒါက ကုန်သင့်ကုန်ထိုက်၍ ကုန်ရခြင်း။

ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပို၍အဓိကကျသည်ဆိုသည့်အတိုင်း လုပ်သင့်လုပ်ထိုက်ရာကို လုပ်ရခြင်းအတွက် ကုန်ကျရခြင်းဖြစ်သလို မိမိ၏ကျန်းမာရေးအတွက် ကုန်ကျရသောကြောင့် အရင်းမရှုံးပါ။

နော်ကာဒတ်ကတော့ သူ့အပြောကို နတ်အပြောဖြင့် ချောက်လုံးလှန့်လုံးပေး၍ ငွေယူခြင်းဖြစ်သည်။

ဆရာဝန်က ရောဂါရှိသည်ဟု ဆိုစေကာမူ မိမိက လောလောဆယ် အဆင်မပြေသေးလို့ နောက်မှ လုပ်လို့ရသည်။

လူ့အပြောကို နတ်အဟောလုပ်သည့် နော်ကာဒတ်ကိစ္စကိုတော့ ဆိုင်းထားလို့မရ။

မလုပ်ရင်ဘာဖြစ်မည်၊ ညာဖြစ်မည်၊ ဘာကိုင်မည်၊ ညာကိုင်မည်ဆိုသောကြောင့် စားစရာမရှိ၊ လျော်စရာရှိမည့်ထုံးကို နှလုံးမှူ၍ မလုပ်မဖြစ် လုပ်ရမည်။

ဘော်တိုးဆီ ရောက်တော့လည်း ထိုနည်းလည်းကောင်းပါပဲ။

သူတို့အထာက ပို၍သဲထိတ်ရင်ဖို ဖြစ်ရသည်။

ပြန်ခေါ်ဖို့ အချိန်ရောက်နေပြီဆိုသည့် ပလ္လင်ခံစကားကြောင့် ပို၍ သဲထိတ်ရင်ဖို ဖြစ်ခဲ့စရမည်။

ကိုယ့်သားသမီးကို ပြန်ခေါ်မည်ကို အဘယ်မိဘက ဖြစ်ကာမှ ဖြစ်ရောလို့ လျစ်လျူရှုနိုင်မှာပဲ။

ကျော့ကေခိုင်၏ အလှရိပ်က ထူးထူးခြားခြား ပြကွယ်ဝသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်စန်းနွယ်ကလည်း မိန်းမချောတစ်ယောက်ပါ။

ကလေးနှစ်ယောက်မိခင် လေးဆယ်ကျော်အရွယ်သို့ ရောက်နေသည့်တိုင် ဖွေးဖွေးနုနု၊ အလှရိပ်တွေ ဝင့်မြူးနေဆဲ။

ခင်ပွန်းဖြစ်သူ ရုပ်မဆိုးပေမယ့် နည်းနည်းတော့ အကျည်းတန်သည်။

အသားညိုညို၊ မျက်နှာပြဲ၊ နှုတ်ခမ်းက ထူအမ်းအမ်းမို့ ကြည့်မကောင်းသည့် ရုပ်ရည်မျိုး ထင်သည်။

ဆေးဖြစ်ဝါးဖြစ်မဟုတ်ဘဲ အရက်ကို မက်မက်မင်မင် အသောက်စွဲနေသောကြောင့် အသက်ထက်ပို၍ ရင့်ထော်နေသယောင် ရှိသည်။

သဘောကအလွန်ကောင်း။

အိမ်ထောင်ရေးဖောက်ပြန်မှုကလွဲ၍ ဇနီးဖြစ်သူ ဘာလုပ်နေနေ ဘာဘာညာညာ ကန့်သတ်တာမျိုးမလုပ်။

ရသမျှ ဇနီးလက်အပ်သည်။

ဘာတွေသုံး၍ ဘာတွေကုန်သည်ဟု မေးရိုးထုံးစံမရှိ။

ဇနီးဖြစ်သူအပေါ်လည်း ယုံကြည်သည်။

ဒေါ်ခင်စန်းနွယ်ကလည်း ခင်ပွန်းသည်ကြိုက်တတ်၍ အသောက်အစားဖက်သည်ကို ဘာမှမပြော။

အသောက်နှင့်တွဲဖက်ရသည့် စားစရာကို ပြည့်ပြည့်စုံစုံ လုပ်ပေးသည်။

ညနေဘက် ဆေးခန်းထိုင်က အပြန်တွင် လိုလေသေးမရှိဖြစ်အောင် စီမံပေးသည်။

ဖခင်က အသားညို။

မိခင်က အသားလတ်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ အောင်ထက်နိုင်က ဖခင်ဘက်သို့ နွယ်၍ အသားညိုသည်။

ကျော့ကေနိုင်ကျတော့ မိခင်ဘက်သို့ နွယ်သော်လည်း အသားအရည်မှာ ဖခင်ရောမိခင်ပါမတူအောင် ဖြူဝင်းသည်။

မျက်နှာကျကလည်း မိခင်၏အလှထက်ပို၍ တောက်လွင်သည်။

ထူးထူးထင်ထင်လှသည်ဟု ဆိုရမည့် ရုပ်သွင်။

ကိုယ်လုံးကိုယ်ပေါက်ကလည်း သွယ်သွယ်လျလျ။

ပိန်ပိန်သွယ်သွယ်ကိုယ်လုံးမျိုးမဟုတ်၊ ပြည့်ပြည့်တင်းတင်း ရှိသည်။

ကောက်ကြောင်းသဏ္ဌာန်လှပသည်။

ဖော်မင်းဦးက ဒေါ်ခင်စန်းနွယ်ကို တစ်ယောက်ချင်း တွေ့သည့်အခါ ပြောသည်မှာ သည်လို။

"ဒေါ်ခင်စန်းနွယ်၊ ကျော့ကေနိုင်ကို သတိထားမိရဲ့လား"

"ဘာများလဲဆရာ"

"ဘယ်သူနဲ့မှမတူဘဲ သူကတစ်မျိုးတစ်ဘာသာ လှနေတာ၊ သူက မြန်မာချောချောတာ မဟုတ်ဘူးလေ၊ ရှမ်းချောချောတာ၊ ရှမ်းမျိုးနွယ်လေ"

"ကျွန်မတို့လည်း သတိမထားမိပါဘူးဆရာရယ်၊ ခု ဆရာပြောမှပဲ သတိထားမိတော့တယ်၊ ခု ကျွန်မတို့ ဘယ်လိုလုပ်ရမလဲ ဆရာ၊ ကျွန်မတော့ သမီးလေးအတွက် ရင်လေးလိုက်တာ"

"မပူပါနဲ့လေ၊ စိတ်အေးအေးထားစမ်းပါ၊ ဒါ ကျွန်တော့် ကိစ္စပါ၊ ဒီနှစ်စာမေးပွဲလည်း အောင်ရမယ်၊ အဲဒီကိစ္စလည်း ပြတ်သွားစေရမယ်၊ တစ်ခုရှိတယ်နော်၊ သမီးကို ကျွန်တော့်ဆီ ကြာခဏ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးရမယ်''

သူတို့အကွက်ဆင်ပုံထွင်ပုံက ယဉ်ယဉ်ကလေး။

''သူချောတာက မြန်မာချော ချောတာမဟုတ်ဘူး ဒေါ်ခင်စန်းနွယ်၊ ရှင်းချောချောတာ''

သည်အပြောလေးက ဒေါ်ခင်စန်းနွယ်နှလုံးအိမ်တွင် စွဲထင်သွားစေအောင် စိတ်ပညာသဘောအရအလှည့်အပတ် လုပ်ပေးလိုက်ခြင်းဖြစ်သည်။

ဒေါ်ခင်စန်းနွယ်က သမီးကို တစိမ့်စိမ့်ကြည့်သည်။

အဲဒီတော့မှ နားထဲတွင် စွဲထင်နေသည့် မင်းဇော်ဦး၏ အပြောမှာ သဘောမဟုတ်ဘဲ တကယ်ပါလားလို့ ယုံကြည်မှုပို၍ သက်ဝင်သွားသည်။

ဒါတင်မက ဒေါ်ခင်စန်းနွယ်နှင့် ကျော့ကေခိုင်တို့ နှစ်ယောက်စုံညီရှေ့မှာ အတိတ်ဖြစ်ကြောင်း ရာဇဝင်ကလေးကိုပါ ဒဏ္ဍာရီဆန်ဆန် စီကာစဉ်ကာ ပြောပြလိုက်သည်။

''ခု ကျွန်တော်ပြောခဲ့တာတွေဟာ ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို သဘောထားရင်လည်း ထားပေါ့ဗျာ၊ ကျွန်တော့်မနောမှာ ထင်သိလာတာကို ပြောရတာ၊ ကျွန်တော်တယ်သူ့ကိုမှ ဒီလောက် ရှည်ရှည်ဝေးဝေးမပြောဖူးဘူး၊ ဒေါ်ခင်စန်းနွယ်က ပဋ္ဌာန်းဆက်၊ ဓာတ်ဆက်နီးလို့ ပြောရတာ၊ ခုကိစ္စမှာ ခင်ဗျားတို့တစ်ပြားတစ်ချပ်မှ အကုန်ခံစရာမလိုဘူး၊ ကိစ္စအားလုံးကို ကျွန်တော်ကပဲ အကုန်အကျခံပြီး လုပ်ပေးမှာ၊ အဲဒါကလည်း အကြောင်းရှိတယ်၊ အဲဒီအကြောင်းကိုတော့ ကျွန်တော်မပြောနိုင်ဘူး၊ ကျွန်တော်နဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များရဲ့ သယ်မှတ်ချက်ပဲ''

''ဒါတွေကို သိပ်ပြီးအစွဲအလမ်းမှုထားပါနဲ့၊ အိပ်မက်လို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



သဘောထားလိုက်ပါ''

မနောအကြည်စာတ်ပွင့်သူ သိဒ္ဓိရှင် မင်းဇော်ဦးက ဤသို့ အထာပေး၍ ခွင်သစ်လမ်းကြောင်း ထွင်လိုက်သည်။

သူပြောပြသွားသည့် အကြောင်းအရာမှာ တကယ့်အဖြစ် အပျက် လုံးဝမဟုတ်ပါ။

စိတ်ကူးယဉ်ဖန်တီး တီထွင်၍ ပြောသွားခြင်းသာဖြစ်ပါသည်။

သို့စေကာမူ ထိုဒဏ္ဍာရီလိုလို ပုံပြင်လိုလိုဇာတ်လမ်းကို နား ထောင်နေသူ ဒေါ်ခင်စန်းနွယ်နှင့် ကျော့ကေခိုင်တို့ သားအမိမှာ မျက် ရည်များ ရစ်ဝိုင်းလာသည်။

ရစ်ဝိုင်းလာသည့် မျက်ရည်များ သွယ်မကျအောင် လက် ကိုင်ပဝါလေးများနှင့် မကြာခဏ တို့သုတ်ပေးနေရသည်။

''သူတို့အဆက်အနွယ်တွေကို ကျွန်တော်အခုခေါ်ပြီး လက် တွေ့ပြသလို့ ရပါတယ်၊ ဝေးနေပြီးသားကိုပြန်ပြီး နီးစပ်အောင် မလုပ် ချင်ဘူး၊ လုံးဝအဆက်ပြတ်ရေးကို ကျွန်တော်တို့ဆက်လုပ်ရမယ်၊ ဒေါ် ခင်စန်းနွယ်သဘောကရော ဘယ်လိုရှိသလဲ၊ ခေါ်စေချင်သလား''

ဒေါ်ခင်စန်းနွယ်က ကပျာကယာ လက်ဝါးလေးကာပြပြီး မခေါ်ဖို့အကြောင်း တောင်းပန်သည်။

ကျော့ကေခိုင် သိက်ဆက်ဖြစ်ကြောင်းကို နတ်သံနှော၍ မဟုတ်ဘဲ မနောအကြည်ဓာတ် သိဒ္ဓိရှင်အသံနှော၍ အထာပေးလိုက် သည်။

တစ်ပြားတစ်ချပ်မှလည်း အကုန်ခံစရာမလိုဘူးဆိုသည့် အပြောကလည်း ဒေါ်ခင်စန်းနွယ်တို့ ယုံကြည်မှုပို၍ သက်ဝင်သွားစေ သည်။ ❦

ကျော့ကေခိုင်ကိုလည်း သိက်ကလာသည်ဆိုသည့်အခွဲ စိတ်

www.burmeseclassic.com



သက်ဝင်သွားစေသည်။

"ဒီကိစ္စက ပေါ့ပေါ့တန်တန် လုပ်လို့မရဘူး ဒေါ်ခင်စန်းနွယ်၊ ကျွန်တော့်အပေါ် ယုံယုံကြည်ကြည်ရှိဖို့တော့လိုလိမ့်မယ်၊ တချို့ကိစ္စတွေမှာ ကျော့ကေခိုင်နဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်း လုပ်ရမယ့်ကိစ္စ၊ သွားရလာရမယ့်ကိစ္စတွေ ရှိကောင်းရှိလိမ့်မယ်၊ အဲဒီကိစ္စအတွက် ဒေါ်ခင်စန်းနွယ် စဉ်းစားဖို့တော့ လိုလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ခင်ပွန်းဖြစ်သူနဲ့လည်း တိုင်ပင်ပါ"

"ဆရာရယ် ဆရာရဲ့ သိက္ခာသမာဓိကို လေးစားယုံကြည်ပြီးသားပါ၊ သမီးလေးကိုလည်း ဆရာရဲ့တူမ သမီးလေးလို သဘောထားပြီး လုပ်စရာရှိတာလုပ်ပေးပါ၊ ကျွန်မတို့က ဒီအသက်အရွယ်အထိ ပြုစုပျိုးထောင်လာပြီးမှ တစ်စုံတစ်ခုဖြစ်သွားရင် ကျွန်မတို့ ရင်ကျိုးရမှာပါ"

"ဒေါ်ခင်စန်းနွယ်ရဲ့ သဘောတစ်ခုတည်းနဲ့ မဆုံးဖြတ်စေချင်လို့ ပြောတာပါ၊ ခင်ပွန်းသည် အပါအဝင် တိုင်ပင်သင့်သူများနဲ့ တိုင်ပင်ပါ၊ ဒီနေ့အဂါဆိုတော့ ကြားသုံးရက်ခြားပြီး စနေနေ့လာခဲ့ပါ၊ အဲဒီနောက်မှ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့"

အထာပေးလိုက်သည့်အကွက်မှာ ရိုးရိုးယဉ်ယဉ်လေး။

ကိုးကွယ်စရာ ဘုရားစင်ရှိသည်။

မြန်မာလူမျိုးများအတွက် သုံးလူ့သခင် သဗ္ဗညုဘုရားရှင်သာ ကိုးကွယ်ရာဟုလည်း သိကြသည်။ ကိုးလည်းကိုးကွယ်ကြသည်။

ဓမ္မရတနာတည်းဟူသော တရားတော်လည်း အမှန်ရှိသည်။

သံဃာရတနာတည်းဟူသော အရိယာ သံဃာများလည်း အမှန်ရှိသည်။

ထိုတရားတော်ကို နားလည်သဘောပေါက်၍ လိုက်နာကျင့်

www.burmeseclassic.com

www.burmeseclassic.com



ကြံအားထုတ်ရန် လမ်းညွှန်ပေးမည့် ဆရာတော်ကြီးများလည်းရှိသည်။

ကိုးကွယ်ရာနှင့်ပတ်သက်၍လည်း ရှင်တော်ဗုဒ္ဓက

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ
သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊
သမ္မပ္ပညာယ ပဿတိ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ။
ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊
ဒုက္ခူပသမဂါမိနံ။

ဓမ္မပဒ၊ ဂါထာ။ ၁၉၀–၁၉၁။

အကြင်သူသည် မြတ်စွာဘုရားကိုလည်းကောင်း၊
တရားတော်ကိုလည်းကောင်း၊
သံဃာတော်ကိုလည်းကောင်း
ကိုးကွယ်ဆည်းကပ်၏
ထိုသူသည် ဆင်းရဲအမှန် 'ဒုက္ခသစ္စာ'
ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန် 'နိရောဓသစ္စာ'
ဆင်းရဲခြင်းငြိမ်းစွာ 'နိဗ္ဗာန်'သို့ ရောက်ကြောင်းအမှန်
'အင်္ဂါရှစ်ပါးရှိသော မြတ်သောမဂ္ဂသစ္စာ' ဟူသော
အရိယသစ္စာလေးပါးတို့ကို မဂ်ပညာဖြင့် ကောင်းစွာ
မြင်နိုင်၏။
ဟူ၍ အကျယ်တဝင့် ဟောပြော ညွှန်ပြတော်မူခဲ့ပေသည်။

ကိုးကွယ်အားထားမှုများ အားထုတ်ရာ ဘုရားစင်၊ တရား

www.burmeseclassic.com

www.burmeseclassic.com



စစ်၊ သံဃာစစ်ရှိပြီး ဖြစ်ပါလျက် ထိုမှတစ်ပါးသော ကိုးကွယ်ရာကို ရှာဖွေခြင်းမှာ အပြစ်ကို ရှာဖွေခြင်းပင်ဖြစ်၏။

ကိုးကွယ်မှန်လျှင် အကျိုး။

ကိုးကွယ်မှားလျှင် အပြစ်။

ရှင်တော်ဗုဒ္ဓကို အာရုံပြု၍ ဘုရားရှိခိုးခြင်းသည် ကောင်း၏။ ကောင်းသောအမှုကိုပြုခြင်းလည်း မည်၏။

ဘုရားဂုဏ်တော်ကိုးပါးကို အာရုံပြု၍ ပုတီးစိပ်ခြင်းသည် ပို၍ကောင်း၏။

ကောင်းသော အမှုကိုပြုခြင်းလည်း မည်၏။

သမထနှင့် ဝိပဿနာတရား ပွားများအားထုတ်ခြင်းသည် သာလွန်၍ကောင်း၏။

မြတ်သောအမှု ကောင်းသောအမှုကို ပြုခြင်းလည်းမည်၏။

ကိုယ့်ဘာသာကိုယ် အမည်ပေးသော ဘိုးတော်ဟုဆိုသူများ ထံသို့လည်းကောင်း၊ နတ်ကတော်ဟု ဆိုသူများထံသို့ လည်းကောင်း သွားရောက်ခြင်းသည်မကောင်း။

ကောင်းသောအမှုကို ပြုခြင်းလည်း မမည်။

အကျိုးမမြောက် အပြစ်ရောက်သည်။

အရှိအမှန်ကို အသိဉာဏ်ဖြင့် ပိုင်းခြားဆင်ခြင် အတွေး အခေါ်မနက်ထင်လျှင်. ။

◆ ❖ ◆

www.burmeseclassic.com

www.burmeseclassic.com



( ၉ )

လူတို့သည် အလိမ်ခံရမည်ကို စိုးရိမ်စိတ်လွန်ကဲသည်။

တစ်နည်း အလိမ်ခံရမည်ကို ကြောက်သည်။

သို့တစေ အလိမ်ခံရမည့်နေရာသို့ သွားရန်ကိုမူ ဝန်မလေးကြပေ။

ဘယ်နေရာမှာ၊ ဘယ်ပုဂ္ဂိုလ်က ဘာညာဘာညာဆိုလိုက်လျှင် အရှိအမှန်လား၊ မရှိမမှန်လားဟု ပိုင်းခြားဝေဖန်မှုမပြုဘဲ သူ့ထက်ငါးဦးရောက်ဖို့ကိုသာ စိတ်မောလေ့ရှိကြသည်။

စာနယ်ဇင်းအမည်တပ် မီဒီယာတွေကလည်း ဲစေ့ကို ပုတ်လောရုက်ချဲ့ထွင်လုံ့ဆော်ပေးကြသည်။

ခေတ်နောက်ပိုင်းကိုကြည့်။ ဆိုင်းဘာဘာတို့ ဘိုးတော်တင်

www.burmeseclassic.com

www.burmeseclassic.com



ဦးတို့ အထွတ်အထိပ်ကို ရောက်သွားကြသည်။

သာဓိန္ဒ ။

သာဓိန္ဒသာ ဖြစ်သွားသည်။

နာမည်ဟိန်းကျော် သူ့ဒွေးကတော်ကြီးနှင့် ငြိစွန်းပြီး သတင်းသမားတို့ ရေးကွက်တွင် ပက်လက်မျော၍ ဘဝပျက်သွားသည်။

သာဓိန္ဒနောက် လက်ဝါးဖြန့်လိုက်ယုံနှင့် စီးကရက်ဘူး၊ အချိုရည်ဘူး၊ ဘီယာဘူး၊ ခေါက်ဆွဲထုပ်၊ ပန်းသီးရောက်လာပြီး ရေအင့် ရေအင့်ဟုပေးနိုင်အောင် အစွမ်းထက်သည့် ဘိုးတော်သိန်းနိုင်(အမည်ရင်း)မှာလည်း အထောက်တော်ဂျာနယ်၏ သားကောင်အဖြစ်သို့ရောက်ပြီး ဘဝပျက်သွားသည်။

ဆိုင်းဘာဘာ (ကုလားဘိုးတော်) ကိုးကွယ်သူတွေ၊ ဓာတ်ပုံ (ပုံတော်)ဖိုးကာန်ပြီး ပုံတော်ရောင်းစားသူ ထောသွားသည်။

ယခု ဆိုင်းဘာဘာ မရှိတော့။

ဘိုးတော်လောကထဲမှာ နာမည်အကျော်ကြားဆုံးနှင့် တိုင်ထိပ်ပေါ်ရောက်ခဲ့သူ ဘိုးတော်တင်ဦးထောင်ထဲ ရောက်သွားသည်။

အခြားအခြား အင်းစိန်ထောင်ထဲတွင် ဓာတ်စခန်းသွားဖွင့်ရသည့် ဘိုးတော်တွေလည်း အများကြီး။

သိဒ္ဓိပေါက် ဘိုးတော်တွေထဲမှာ သိဒ္ဓိကိုးမျိုးပေါက် ထူးထိပ်ခေါင် ယောင်းတစောင်းဘိုးတော်လည်း ပေါ်ခဲ့ဖူးသေးသည်။

သူကတော့ ထူးဆိုမှထူး၊ သိဒ္ဓိကိုးမျိုးတောင် ပေါက်သည်။

စိန္တာသိဒ္ဓိ။

ခနသိဒ္ဓိ။

လာဘသိဒ္ဓိ။

အာယုသိဒ္ဓိ။

www.burmeseclassic.com

www.burmeseclassic.com



ကာယသိဒ္ဓိ။

အာဟာရသိဒ္ဓိ။

အာရောဂျသိဒ္ဓိ။

ပထဝီသိဒ္ဓိ။

အာကာသသိဒ္ဓိ။

မော်လမြိုင် အသုံးအနှုန်းနှင့် ပြောရလျှင် အားပါးသိဒ္ဓိရှင် ကြီးပါတကားဟု။

သိဒ္ဓိကိုးပါးပေါက်သည့် ဘိုးတော်ကြီးလည်း ရှုးသွပ်သော ဝေဒနာဖြင့် ဘဝဇာတ်သိမ်းချုပ်ပျက်ငြိမ်း မိုးမပျံနိုင်ဘဲ သချႋုင်းမြေကို ငုပ်လျှိုး၍ သိဒ္ဓိပေါက်သွားခဲ့သည်။

ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော် မနောအကြည်ဓာတ်ပွင့် သိဒ္ဓိရှင် မင်းဇော်ဦးရော ဘယ်သို့ ရောက်သွားပါလိမ့်။

နူးပြီးနပ်ပြီး အထာကြေသည့် မင်းဇော်ဦးနှင့် မနူးမနပ် ဖိမ်းဆတ်ဆတ် ကျော့ကေနိုင်တို့ သန်လျင်ကျိုက်ခေါက်။

မင်္ဂလာဒုံ ကျိုက္ကလို့ ကျိုက္ကလဲ့၊ ကျောက်တန်းရေလယ်၊ ပဲခူး ဒေးစွန်ပါ ဘုရားများသို့နှစ်ယောက်တည်း ပထဝီမြေနင်းခရီး ထွက် ကြသည်၊

ဖိမ်းဆတ်ဆတ်က နူးနူးနပ်နပ်ရှိလာကြသည့်နောက် သိုက် နန်းက ပြန်မခေါ်၊ သိဒ္ဓိရှင် မင်းဇော်ဦးက အပိုင်မသွားသည်။

ဒေါ်ခင်စန်းနွယ်မှာ မျက်ရည်နှင့် မျက်ခွက်၊ ငိုကြီးချက်မနှင့် သာသတင်တင် မပြင်ဆင်နိုင်တော့ဘဲ ယူကျုံးမရ အပူလုံးကြီးခံ ရသည်။

စိန်ရွှေသာမကချောကလျာသမီးကိုပါပေးလိုက်ရသည့်အဖြစ်။ ကိုယ့်အသိုင်းအဝိုင်းမှာ မျက်နှာမပြရဲအောင် အရှက်တကွဲ

www.burmeseclassic.com

www.burmeseclassic.com



အကျိုးနည်း ဖြစ်ခဲ့ရသည်။

ရဲစခန်းတွင် တိုင်ချက်ဖွင့်ရသည်မှာ ပထမ၊

ဖျားယောင်းသွေးဆောင်၍ စိန်ရွှေလက်ဝတ်ရတနာများနှင့် အတူ အဓမ္မခေါ်ဆောင်သွားခြင်းခံရပုံကို ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်ပြီး တိုင်ချက်ဖွင့်ရသည်။

ကားတစ်စီးနှင့် ရှာပုံတော်ဖွင့်ရသည်။

ကုန်လိုက်သည့်ငွေ သောက်သောက်လဲ။

နှစ်ပတ်နီးပါးအကြာ ဆယ်သုံးရက်မြောက်နေ့မှ တောင်မြို့ မတ္တရာမှာ တစ်ကျော့ခိုနေစဉ် ပက်ပင်းသွားမိခဲ့သည်။

ငွေကြေးအကုန်အကျခံ၍ သမီးကို မျက်ရည်ခံထိုး၍ ကိုယ့်ဘက်သို့အပါ ပြန်ခေါ်ခဲ့ရသည်။

မန္တလေးက ရန်ကုန်သို့အပြန် တစ်လမ်းလုံး သမီးဖြစ်သူကို ဖျောင်းဖျနားချခဲ့ရသည်။

ဘေးနှင့်သွေးပြောကြပြီဆိုတော့ သွေးဘက်သို့ ပါသည်ပေါ့။

ရဲစခန်းတွင် အလိုမတူဘဲ အတင်းအဓမ္မ ခေါ်ဆောင်၍ ခြိမ်းခြောက်ပြီး သားမယားအဖြစ် ပေါင်းသင်းခဲ့ကြောင်းနှင့် လက်ဝတ်ရတနာအချို့ကို အတင်းဖြုတ်ယူ ရောင်းချခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

မနာအကြည်ခတ်ပွင့်သိဒ္ဓိရှင် မင်းဇော်ဦး ပထမဦးဆုံး ရောက်သွားသည့်နေရာမှာ ပြစ်မှုကျူးလွန်သူတို့ ကွန်းထောက်နားခိုရာ ရဲစခန်းသို့။

ရဲစခန်းတွင် နှစ်ရက်နေခဲ့ရပြီးနောက် ရမှာန်ကြီးနှစ်ပတ် တရားရုံးအမိန့်ဖြင့် နောင်တော်ဘိုးတော်များ ရောက်ရှိရာ အင်းစိန် ထောင်သို့ မနောအကြည် သိဒ္ဓိမပေါက်ဘဲလုံးဝီးခေါင်ပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရသည့်အမှုမှာ ပြန်ပြောရမည်ကို နှုတ်ဆွံ့ရသည့် အဆုံးစွန်သော လူကျင့်ဝတ်၊ လူမှုရေးဖောက်ပြန်မှု။

ကိုယ်ကျင့်တရား ပျက်ပြားမှု။

ထောင်ထဲရောက်ပြီဆိုမှတော့။

စံကြောမင် ခံကြောသာ မိရိုးထုံးစံရှိသည်။

နည်းသည်နှင့်များသည်ပဲ ကွာခြားသည်။

တရားရုံးထွက်သည့်နေ့ကမျက်နှာကို ဘယ်လိုထားရမှန်းမသိ။

ရှေ့မျက်နှာကို နောက်ထားလို့ကလည်း မရ။

ဘိုးတော်လူလိမ်။

ရိုးရိုးလိမ်လည်မှုကို ကျူးလွန်သည်သာ မဟုတ်။

မိမိအားယုံကြည်၍ ဆည်းကပ်လာသူ တပည့်မ အနုအထွတ် ကလေးကို သွေးခံဆောင်ဖျားယောင်ပြီး ခြိမ်းခြောက်၍ အလိုမတူဘဲ ပေါင်း သင်းဆက်ဆံမှု။

ဝိုင်းကြည့်နေသူများ၏ မျက်နှာများပေါ်တွင် စက်ဆုပ်ရွံ့ရှာ သည့် အရိပ်အထင်များ ထင်းထင်းပပ ပေါ်လွင်နေသည်။

သူ့သာမက ဇနီးမယားဖြစ်သူပါ ခေါင်းမဖော်ရဲ။

ခင်ပွန်းဖြစ်သူ အမှုဆိုင်နေသည့်နေရာသို့ မလာမဖြစ်လို့ သာ လာရသည်။

BURMESE CLASSIC

ဘယ်နေရာတွင်ပို၍ ဘယ်လိုမျက်နှာထားရမည်ကို မသိ။

မင်းဖော်ဦးက ခေါင်းမဖော်ရဲသလို ဇနီးဖြစ်သူကလည်း ခေါင်း မဖော်ရဲ။

စီရင်ချက် ချမှတ်မည့်နေ့။

မနောအကြည်ဓာတ်ပွင့်သူ သိဒ္ဓိရှင်မင်းဖော်ဦး၏ သူ့အား ထောင်ဒဏ် ဘယ်နှစ်ချက်ချမှတ်မည်ကို မနောအကြည်ဓာတ် မပွင့်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မသိရှာပါ။

ခေါင်းကြီးအောက်ငုံ့ပြီး ပွစိပွစိ လှုပ်နေသည်။

ဂါထာပဲ မှုတ်နေသလား။ မန္တာန်ပဲ ရွတ်နေသလားတော့ မသိ။

မကောင်းသော အမှုကို ပြုသည်။

မကောင်းသောအကျိုးဆက်ကို ခံရမည်။

''ထောင်ဒဏ် တစ်နှစ်ခွဲ ကျခံစေ''

''စိတ်ကိုဖြူစင်အောင်ထား''

''ဖြောင့်မတ်မှန်သောအလုပ်ကိုလုပ်''

''တရားဥပဒေ၏ အဆုံးအမကို မခံရ''

ထိုသို့မဟုတ်လျှင်မူ။

(၁၉၉၇ ခုနှစ်၊ နှစ်ဦးပိုင်းက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် ဖြစ်ပါသည်)

ကာယကံရှင်များအပေါ် ထောက်ထားရမည့် အကြောင်း ကြောင်းကြောင့် နာမည်များ ပြောင်းလဲ၍ ဖြစ်ရပ်နေရာဒေသနှင့် စီရင်ချက်ချမှတ်မည့် တရားရုံး မြို့နယ်အမည် မဖော်ပြနိုင်သည်ကို ခွင့်လွှတ်ကြပါဟု)

BURMESE CLASSIC

အရှိအမှန်နှင့် မရှိမမှန်ကို အသိဉာဏ်ဖြင့်· ဝေဖန်ပိုင်းခြား နိုင်လျှင် မည်သည့်ကိစ္စတွင်မဆို မလွဲမှားနိုင်ပါ··

ယုံလွယ်ရင်တော့ အထိနာလိမ့်မည်ပါတည်း။

နားကြားဦးစို့
မေတ္တာနည်းလျက်
ကျော်မြသန်း

www.burmeseclassic.com